

# ဘုရားသခင်၏
# အံ့ဖွယ်သော
# ကယ်တင်ခြင်း

# အကြောင်းအရာများ


၁။ နိဒါန်း .......... 1

၂။ ဘုရားသခင့်နှုတ်ကပတ်တော် နှင့် ဘုရားသခင့်နည်းလမ်း .......... 3

၃။ ဘုရားသခင်၏ ဖန်ဆင်းခြင်း .......... 11

၄။ ဘုရားသခင်၏ပြီးပြည့်စုံသော ကောင်းမြတ်မှု .......... 13

၅။ ဘုရားသခင်၏ အကြွင်းမဲ့တရားမျှတမှု .......... 23

၆။ ဘုရားသခင်၏ အံ့ဖွယ်မေတ္တာ .......... 29

၇။ ယေရှုသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဘုရားသခင် ဖြစ်ပါသည်။ .......... 33

၈။ ယေရှုသည် ကျွန်ုပ်တို့အတွက် အလုံးစုံ လုပ်ပေးခဲ့သည်။ .......... 39

၉။ ယေရှုကို ယုံကြည်ခြင်း၏ ရိုးရှင်းမှု .......... 47

၁၀။ ကောင်းကင်နှင့် ငရဲ .......... 56

၁၁။ ယဇ်ပူဇော်ခြင်းနှင့် ပညတ် .......... 59

၁၂။ ပရောဖက်ပြုချက်များနှင့် ကြိုတင်ဖော်ပြချက်များ .......... 66

၁၃။ အာဒံနှင့်ဧဝ .......... 70

၁၄။ ကာဣနနှင့် အာဗေလ .......... 72

၁၅။ နူနာထံမှ သင်ယူခြင်း .......... 74

၁၆။ ဘုရားသခင်၏မျက်လုံးတော်ထဲမှ လူနှစ်မျိုး .......... 82

၁၇။ ကျွန်ုပ်တို့၏လိုအပ်ချက်များကို သိရှိခြင်း .......... 87

၁၈။ ဘုရားသခင်၏ကယ်တင်ခြင်းသည် အားလုံးအတွက် ရနိုင်ပါသည်။ .......... 94



ကျမ်းစာကိုးကားချက်များကို မြန်မာသမ္မာကျမ်းစာ၊ မူပိုင်ခွင့် © ၂၀၂၀ မြန်မာနိုင်ငံကျမ်းစာအသင်း ခွင့်ပြုချက်ဖြင့် သုံးသည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင်သုံးရန် မူပိုင်ခွင့်များအားလုံး ရယူပြီး။

# ၁။ နိဒါန်း

( သတင်းကောင်းဟု အဓိပ္ပာယ်ရသော) ဧဝံဂေလိတရားဟု ခေါ်သော ဘုရားသခင့် ကယ်တင်ခြင်း သတင်းစကားသည် အလွန် ရိုးရှင်းပါသည်။ ဤအရာသည် အနှစ်ချုပ်ဖြစ်သည်။

ဘုရားသခင်သည် အရာခပ်သိမ်းကို အလွန်ကောင်းအောင် ဖန်ဆင်းခဲ့သော်လည်း သေခြင်း၊ ရောဂါနှင့် ဝေဒနာတို့သည် ကျွန်ုပ်တို့၏အပြစ်တရားကြောင့် ဖြစ်ပေါ်လာသည်။ အပြစ်တရားသည် နည်းလမ်းတိုင်းနှင့် အချိန်တိုင်းတွင် ကောင်းမွန်မှန်ကန်တာ ဖြစ်ရန်၊ လုပ်ရန် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းစံနှုန်းအတိုင်း မလိုက်နာနိုင်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ပြစ်မှားခဲ့ကြပြီး ပင်ကိုယ်အားဖြင့် အပြစ်များနှင့် ပြည့်နှက်နေပြီး ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများသည် မည်သည့်နည်းနှင့်မျှ ကယ်တင်ခြင်းကို မရနိုင်ပါ။ 'ဘုရားသခင်သည် သန့်ရှင်းတော်မူ၏' သည် ကိုယ်တော်၏သဘာဝ၊ စရိုက်၊ အပြုအမူများနှင့် စကားလုံးတိုင်းတွင် ထူးခြား၊ ပြည့်စုံပြီး အလွန်ကောင်းမွန်သည်ဟု ဆိုလိုသည်။ ဘုရားသခင့် သဘာဝသည် စုံလင်သော မေတ္တာဖြစ်သော်လည်း ကိုယ်တော်သည် အပြည့်အဝ ဖြောင့်မတ်ပြီး သဘာဝအားဖြင့် အပြည့်အဝမျှတသူ ဖြစ်ပြီး ကိုယ်တော်၏ပြည့်စုံသောတရားမျှတမှုသည် ကျွန်ုပ်တို့၏အပြစ်ကြောင့် ကျွန်ုပ်တို့ကို တရားစီရင်ရမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ အပြစ်ကို လျစ်လျူရှု၍ မရနိုင်ပါ။

ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ မေတ္တာတော်နှင့် ကရုဏာတော်သည် အလွန်ကြီးမားသောကြောင့် သားတော် ယေရှုခရစ်သည် အပျိုကညာတစ်ဦးမှ မွေးဖွား၍ လူသားတစ် ဦး ဖြစ်လာပြီး ကျွန်ုပ်တို့နေရာတွင်  မျှတသော တရားစီရင်ခြင်းကို ခံယူနိုင်ရန် အပြစ်မဲ့သော အသက်တာဖြင့်

အသက်ရှင်ခဲ့သည်။ ကိုယ်တော်သည် ရုပ်ခန္ဓာပိုင်းတွင် သာ၍ ဝေဒနာ ခံစားခဲ့ရပြီး၊ သူ့အပေါ်တွင် ကျွန်ုပ်တို့၏ အပြစ်များ တင်ထားလိုက်ပြီး ကျွန်ုပ်တို့ကိုယ်စား သူကိုယ်တိုင် ယဇ်အဖြစ် ပေးဆပ်ခဲ့သည်။ ကျွန်ုပ်တို့၏အပြစ်များအတွက် အသေခံ၍ မြုပ်နှံခြင်းခံခဲ့ပြီး သုံးရက်မြောက်သောနေ့တွင် သေခြင်းမှ ထမြောက်ခဲ့သည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော် လုပ်ပေးခဲ့ခြင်းကြောင့် ကျွန်ုပ်တို့အပြစ်ကို သိမှတ်၍ ကျွန်ုပ်တို့၏အပြစ်အတွက် အသေခံပြီး ရှင်ပြန်ထမြောက်ခဲ့ကြောင်း၊ တခြားဘာမှမလိုပဲ ကိုယ်တော်၏ကယ်တင်ခြင်းတွင်သာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုထား၍ ကိုယ်တော့်ထံ ချဉ်းကပ်လျှင် ကျွန်ုပ် တို့သည် ငရဲမှ လွတ်မြောက်ပြီး ကောင်းကင်တွင် စုံလင်သော ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်မှု ရှိသော ထာဝရအသက်ကိုလည်း ရရှိပြီး၊ သေခြင်း၊ ရောဂါ၊ ဝေဒနာခံစားခြင်း၊ နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊နှင့် အပြစ်တို့မှ လွတ်မြောက်ပြီ ဖြစ်သည်။

ဤစာအုပ်ငယ်တွင် ဘုရားသခင်သည် ကိုယ်တော်၏နှုတ်ကပတ်တော် (သမ္မာကျမ်းစာ သို့မဟုတ် ကျမ်းစာ) တစ်လျှောက်လုံးတွင် ကိုယ်တော်၏ကယ်တင်ခြင်းသတင်းကို ကျယ်ကျယ်ပြန့်ပြန့်နှင့် တစ်သမတ်တည်း ဟောပြောခဲ့ကြောင်း ဖော်ပြထားသည်။ ဒီအချက်ကို သရုပ်ဖော်ဖို့ ဒီစာအုပ်လေးတွင် ၈၀% လောက်သည် ကျမ်းချက်များဖြစ်သည်။ ယင်းတွင် ခရစ်ယာန်သမ္မာကျမ်း၏ အပိုင်းနှစ်ပိုင်းဖြစ်သော ဓမ္မဟောင်းကျမ်း ၃၉ ကျမ်းမှ ၃၂ ကျမ်းရှိ ကျမ်းချက်များပါရှိပြီး ဓမ္မသစ်ကျမ်း ၂၇ ကျမ်းမှ ၂၃ စောင်ရှိ ကျမ်းချက်များ ပါရှိသည်။ ဒါ့အပြင် ကျမ်းချက်သည် တစ်ကြိမ်ထက်မက မပါဝင်ပါ။

ဓမ္မဟောင်းကျမ်းသည် (Tanakhဟု ခေါ်သော) ဂျူး/ဟေဗြဲကျမ်းစာနှင့် တူသည်။ ဘုရားသခင့်ကယ်တင်ခြင်း သတင်းသည် အမြဲတူညီပြီး ဓမ္မသစ်ကျမ်းသည် ဓမ္မ ဟောင်းကျမ်းမှ ပြောင်းလဲမှု တစ်ခု မဟုတ်ဘဲ ဓမ္မဟောင်းတွင် ကိုယ်တော်ကတိပြုခဲ့သော ကယ်တင်ခြင်းကို ဘုရားသခင် ဖြည့်ဆီးပေးခဲ့ကြောင်း ဖော်ပြသည်။ ဤအချက်များကို သရုပ်ဖော်ရန် ဤစာအုပ်ငယ်တွင် အပြာရောင်စာဖြင့် ဓမ္မဟောင်းကျမ်းချက်နှင့် အစိမ်းရောင်စာဖြင့် ဓမ္မသစ်ကျမ်းချက်များ ပါရှိသည်။

## ၂။ ဘုရားသခင့်နှုတ်ကပတ်တော် နှင့် ဘုရားသခင့်နည်းလမ်း

သမ္မာကျမ်းစာကို လူများစွာ၏လက်ဖြင့် ရေးသားခဲ့သော်လည်း နောက်ဆုံးတွင် ဘုရားသခင်ကိုယ်တော်ထံမှ ဖြစ်သည်။

- ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့် ဖြစ်၍၊- ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှာ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ ဩဝါဒ ပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန် သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။ (တိမောသေဩဝါဒစာဒုတိယစောင် ၃:၁၆-၁၇)
- လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။ (တရားဟောရာကျမ်း ၈:၃)z
- အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ်၊ ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသော

ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏။
(ရှင်ပေတရုဒုတိယစာစောင် ၁:၂၁)

ဘုရားသခင်၏ တန်ခိုးတော်နှင့် နားလည်မှုသည် ကျွန်ုပ်တို့၏ နားလည်မှုထက် ပိုပါသည် ။

- အို အရှင်ထာဝရဘုရား၊ ကိုယ်တော်သည် မဟာတန်ခိုးနှင့် လက်ရုံးတော်ကိုဆန့်၍၊ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူပြီ။ ကိုယ်တော် မတတ်နိုင်သောအရာ တစ်စုံတစ်ခုမျှ မရှိပါ။ (ယေရမိအနာဂတ္တိကျမ်း ၃၂:၁၇)
- ကိုယ်တော်သည် အလုံးစုံတို့ကို တတ်နိုင်တော်မူကြောင်းကိုလည်းကောင်း၊ အကြံအစည်တော်ကို အဘယ်သူမျှ မဆီးတားနိုင်ကြောင်းကိုလည်းကောင်း အကျွန်ုပ်သိပါ၏။ (ယောဘဝတ္ထု ၄၂:၂)
- ကြယ်များကိုရေတွက်၍ အသီးအသီးတို့ကို သမုတ်တော်မူ၏။ ငါတို့၏ဘုရားရှင်သည် ကြီးမြတ်တော်မူ၏။ တန်ခိုးတော်လည်းကြီး၏။ ဉာဏ်တော်သည် အနန္တဖြစ်၏။ (ဆာလံကျမ်း ၁၄၇:၄-၅)

ဘုရားသခင်သည် ရာစုနှစ်များတစ်လျှောက် ကိုယ်တော်၏နှုတ်ကပတ်တော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်လောက်အောင် တန်ခိုးကြီးမားသည်။ ယင်းသည် မှန်ကန်ပြီး ဘယ်တော့မျှ ပြောင်းလဲဖို့မလိုတော့ပါ။

• ထာဝရဘုရားမိန့်တော်မူချက်တို့သည် သန့်ရှင်းခြင်းရှိ၍ မြေနှင့်ကင်းစင်စေခြင်းငှာ၊ မိုက်၌ခုနစ်ကြိမ်စစ်သော ငွေကဲ့သို့ဖြစ်ကြ၏။ အိုထာဝရဘုရား၊ ကိုယ်တော်သည် ထိုသူတို့ကို ဤလူမျိုးမှ အစဉ်ကာကွယ်စောင့်မတော်မူမည်။ (ဆာလံကျမ်း ၁၂:၆-၇)

- မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား၊ ကာလစဉ်အမြဲတည်၏ဟု ဆိုသတည်း။ (ဟေရှာယအနာဂတ္တိကျမ်း ၄၀:၈)
- အိုထာဝရဘုရား၊ နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏။ (ဆာလံကျမ်း ၁၁၉:၈၉)
- သက်သေခံတော်မူချက်တို့ကို အစဉ်အမြဲထားတော်မူကြောင်းကို၊ ရှေးဦးစွာမှစ၍ အကျွန်ုပ်သိပါ၏။ (ဆာလံကျမ်း ၁၁၉:၁၅၂)
- ကောင်းကင်နှင့် မြေကြီးမတည်သော်လည်း ငါ့စကား တည်လိမ့်မည်။- (ရှင်မဿဲခရစ်ဝင် ၂၄:၃၅)
- မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဖွားသောကြောင့်၊ (ရှင်ပေတရုဩဝါဒစာပထမစောင် ၁:၂၃)
- ယခုလည်း အိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ဘုရားသခင်မှန်တော်မူ၏။ စကားတော်လည်း မှန်ပါ၏။ ဤကျေးဇူးကို ကိုယ်တော်ကျွန်၌ ကတိထားတော်မူပြီ။ (ဓမ္မရာဇဝင်ဒုတိယစောင် ၇:၂၈)
- နှုတ်ကပတ်တော်အလုံးစုံတို့သည် ဟုတ်မှန်ပါ၏။ (ဆာလံကျမ်း ၁၁၉:၁၆၀)

ကျွန်ုပ်တို့၏အနာဂတ်နှင့် ပတ်သက်၍ ဘုရားသခင်၏ တရားစီရင်ချက်သည် ထာဝစဉ် တည်ရှိလိမ့်မည်။ ကျွန်ုပ်တို့ကို မှန်ကန်သောလမ်းကို ရွေးစေချင်ပြီး သူနှင့်အတူ ရှိစေချင်သည်။

- လူသည် တစ်ခါတည်းသေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့၊ (ဟေဗြဲဩဝါဒစာ ၉:၂၇)
- နှုတ်ကပတ်တော်အလုံးစုံတို့သည် ဟုတ်မှန်ပါ၏။ တရားသဖြင့် စီရင်တော်မူချက်ရှိသမျှတို့သည် အစဉ်အမြဲ တည်ကြပါ၏။ (ဆာလံကျမ်း ၁၁၉:၁၆၀)

- ညွှန်ကြားချက်...... သေလွန်သော သူတို့၏ထမြောက်ခြင်း၊ ထာဝရစီရင် ဆုံးဖြတ်ခြင်း (ဟေဗြဲဩဝါဒစာ ၆:၁-၂ )
- မိမိစိတ်နှလုံးကို ကိုးစားသောသူသည် လူမိုက်ဖြစ်၏။ ပညာသတိနှင့် ကျင့်သောသူမူကား၊ ဘေးလွတ်တတ်၏။ (သုတ္တံကျမ်း ၂၈:၂၆)
- ပညာရှိသောသူသည် ကြောက်၍ ဒုစရိုက်ကို ရှောင်တတ်၏။ မိုက်သောသူမူကား မာနကြီး၍ ရဲရင့်တတ်၏။ (သုတ္တံကျမ်း ၁၄:၁၆)
- သမ္မာသတိရှိသောသူသည် အမှုကိုမျှော်မြင်၍ ပုန်းနေတတ်၏။ ဉာဏ်တိမ်သောသူမူကား၊ အစဉ်အတိုင်းသွား၍ အမှုနှင့်တွေ့တတ်၏။ (သုတ္တံကျမ်း ၂၂:၃)
- ပညတ်တရားကို စောင့်သောသူသည် မိမိအသက်ဝိညာဉ်ကို စောင့်ရှောက်၏။ မိမိသွားရာလမ်းတို့ကို မထီလေးစား ပြုသောသူမူကား၊ အသေခံရ၏။ (သုတ္တံကျမ်း ၁၉:၁၆)
- ဆုံးမခြင်းစကားကိုပယ်သောသူသည် မိမိအသက်ဝိညာဉ်ကို မထီမဲ့မြင်ပြုရာသို့ ရောက်၏။ (သုတ္တံကျမ်း ၁၅:၃၂)
- လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။- (ရှင်မာကုခရစ်ဝင် ၈:၃၆)

ဘုရားသခင်ဟာ အချုပ်အခြာအာဏာပိုင်သည့်အတွက် ကယ်တင်ခြင်းလမ်းမှန်ကို ကြေညာနိုင်ပါသည်။

- ထာဝရဘုရားသည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ နက်နဲရာအရပ်ရပ်တို့၌ အလိုတော်ရှိသမျှတို့ကို ပြုတော်မူ၏။ (ဆာလံကျမ်း ၁၃၅:၆)
- သမ္မာသတိလစ်၍ အထံတော်မှ မထွက်နှင့်။ မကောင်းသောအမှုကို မဆွဲမကိုင်နှင့်။ အလိုတော်ရှိသည်အတိုင်း စီရင်တော်မူမည်။ ရှင်ဘုရင်အမိန့်တော်၌ တန်ခိုးပါ၏။ ကိုယ်တော်သည် အဘယ်သို့ပြုသနည်းဟု အဘယ်သူဆိုရာသနည်း။ (ဒေသနာကျမ်း ၈:၃-၄)

- ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ကျိန်ဆို၍မိန့်တော်မူသည်ကား၊ ငါကြံစည်သည်အတိုင်းဖြစ်၍၊ ငါစီရင်ချက်လည်း တည်ရလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏အကြံတော်ကို အဘယ်သူဖျက်လိမ့်မည်နည်း။ ဆန့်တော်မူသောလက်တော်ကို အဘယ်သူလှန်လိမ့်မည်နည်း။ (ဟေရှာယအနာဂတ္တိကျမ်း ၁၄:၂၄၊ ၂၇)
- ကောင်းကင်ဗိုလ်ခြေတို့၌လည်းကောင်း၊ မြေကြီးသားတို့၌လည်းကောင်း အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။ လက်တော်ကို အဘယ်သူမျှ မဆီးတားနိုင်။ (ဒံယေလအနာဂတ္တိကျမ်း ၄:၃၅)

ဘုရားသခင်က ကျွန်တော်တို့ကို ချစ်သော်လည်း မှားယွင်းတဲ့နည်းနဲ့ ထားလျှင် ကျွန်ုပ်တို့၏"ယုံကြည်ခြင်း"ကို ကိုယ်တော် လက်မခံပါ။

- အကြောင်းမူကား၊ သူတို့သည် ပညာအတတ်ကို မုန်းကြ၏။ ထာဝရဘုရားကို ကြောက်ရွံ့သောသဘောကို အလိုမရှိကြ။ ငါသတိပေးခြင်းကို အလျှင်းနားမခံကြ။ ငါဆုံးမခြင်းရှိသမျှကို မထီမဲ့မြင်ပြုကြ၏။ ထိုကြောင့် သူတို့သည် ကိုယ်ကျင့်ခြင်း၏အကျိုးအပြစ်ကိုစား၍၊ ကိုယ်ကြံသော အကြံတို့နှင့် ဝကြလိမ့်မည်။ ဉာဏ်တိမ်သောသူတို့သည် လမ်းလွဲသဖြင့် အသက်ဆုံးတတ်ကြ၏။ မိုက်သောသူတို့သည် သတိလစ်သောအားဖြင့် ပျက်စီးခြင်းသို့ ရောက်တတ်ကြ၏။ ငါ့စကားကိုနားထောင်သောသူမူကား လုံခြုံစွာနေ၍၊ ဘေးကိုမကြောက်ဘဲ ငြိမ်ဝပ်လိမ့်မည်။ (သုတ္တံကျမ်း ၁:၂၉-၃၃)
- မိုက်သောသူသည် မိမိပြုသောအမှုကို မှန်သည်ဟု ထင်တတ်၏။ အကြံပေးသောစကားကို နားထောင်သောသူမူကား ပညာရှိ၏။ (သုတ္တံကျမ်း ၁၂:၁၅)
- ထိုသူတို့သည် မှန်သောပညာမရှိသော်လည်း၊ ဘုရားသခင်ဘက်၌ စိတ်အားကြီးသည်ဟု သူတို့အဖို့ ငါသက်သေခံ၏။ (ရောမသြဝါဒစာ ၁၀:၂)
- စိတ်ဝိညာဉ်သည် ပညာအတတ်မရှိဘဲ မနေကောင်း။ အလျင်အမြန်သွားသောသူသည်လည်း မှားယွင်းတတ်၏။ (သုတ္တံကျမ်း ၁၉:၂)

- ထိုကြောင့် သတိမရှိသောသူမဖြစ်၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူ ဖြစ်ကြလော့။ (ဧဖက်သြဝါဒစာ ၅:၁၇)
- ယေရှုကလည်း၊ သင်တို့သည် ကျမ်းစာကိုနားမလည်၊ ဘုရားသခင်၏တန်ခိုးတော်ကို မသိသောကြောင့် မှားသောအယူကို ယူကြ၏။ (ရှင်မဿဲခရစ်ဝင် ၂၂:၂၉)
- ငါ့ကိုပယ်၍ ငါ့စကားကို နားမခံသောသူအား အပြစ်စီရင်သောသူရှိသေး၏။ ငါဟောပြောသောစကားပင် နောက်ဆုံးသောနေ့၌ ထိုသူအားအပြစ်စီရင်လိမ့်မည်။ (ရှင်ယောဟန်ခရစ်ဝင် ၁၂:၄၈)

ကျွန်ုပ်တို့၏ယုံကြည်ချက်များသည် မှားယွင်းသောသွန်သင်ချက်များ သို့မဟုတ် ထုံးတမ်းစဉ်လာများ သို့မဟုတ် ကျွန်ုပ်တို့၏ခံစားချက်များအပေါ် အခြေခံခြင်းမဟုတ်ဘဲ ဘုရားသခင့်နှုတ်ကပတ်တော်အပေါ် အခြေခံကြောင်း သေချာသင့်သည်။

- ဟေရှာယသည် လျှို့ဝှက်သောသင်တို့ကို ရည်မှတ်လျက်၊ ဤလူမျိုးသည် နှုတ်ခမ်းနှင့်ငါ့ကို ရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။- လူတို့စီရင်သော ပညတ်တို့ကို သွန်သင်၍ နည်းဥပဒေပေးလျက်ပင်၊ ငါ့ကို အချည်းနှီး ကိုးကွယ်ကြ၏ဟု၊ နောက်ဖြစ်လတ္တံ့သောအရာကို လျောက်ပတ်စွာ ဟောခဲ့ပြီ။- အကြောင်းမူကား၊ သင်တို့သည် ဘုရားသခင်၏ ပညတ်တော်ကို ပယ်၍ ခွက်ဖလားဆေးခြင်းတည်းဟူသော လူတို့မှ ဆက်ခံသောနည်းဥပဒေသကို ခံယူလျက်၊ ထိုသို့သော အခြား အကျင့်အလေ့များတို့ကို ကျင့်လေ့ရှိကြ၏။- သင်တို့သည် အဆက်ဆက်ခံသော နည်းဥပဒေသကို ကျင့်ရသောအခွင့် ရှိစေခြင်းငှာ၊ ဘုရားသခင်၏ ပညတ်တော်ကို လျောက်ပတ်စွာ ပယ်ကြသည်တကား။ (ရှင်မာကုခရစ်ဝင် ၇:၆-၉)

ဘုရားသခင်သည် ကျွန်ုပ်တို့ကို အလွန်ချစ်မြတ်နိုးသောကြောင့် ကိုယ်တော်၏နှုတ်ကပတ်တော်တွင် သတိပေးချက်များစွာပေးထားပြီး မှန်ကန်သောနည်းလမ်းကိုလည်း သွန်သင်ပေးတော်မူ၏။

• နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။ (ဆာလံကျမ်း ၁၁၉:၁၀၅)
• နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏။ (ဆာလံကျမ်း ၁၁၉:၁၂၉-၁၃၀)
• တရားတော်အားဖြင့် ကိုယ်တော်၏ကျွန်သည် သတိရ၍၊ တရားစောင့်ခြင်းအကျိုးသည် ကြီးလှပါ၏။ (ဆာလံကျမ်း ၁၉:၁၁)
• ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။ ငါသည်ပညာရှိ၏ဟု ကိုယ်ကိုမထင်နှင့်။ ထာဝရဘုရားကိုကြောက်ရွံ့၍ ဒုစရိုက်ကိုရှောင်လော့။ (သုတ္တံကျမ်း ၃:၅-၇)
• ညွှန်ကြားချက် ကျမ်းစာ၌ အထက်ကရေးထားသမျှသည် ငါတို့ကို ဆုံးမသြဝါဒပေး၍ ရေးထားသတည်း။ (ရောမသြဝါဒစာ ၁၅:၄)
• ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှာ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို (တိမောသေသြဝါဒစာဒုတိယစောင် ၃:၁၅)

ကိုယ်တော်သည် သူ၏လမ်းစဉ်ကို ဘယ်တော့မျှ မပြောင်းလဲသောကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ အပြည့်အဝ ယုံကြည်စိတ်ချနိုင်ပါသည်။

• ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ (မာလခိအနာဂတ္တိကျမ်း ၃:၆)
• ကိုယ်တော်သည် ရှေးဦးစွာ၌ မြေကြီးကို တည်တော်မူပြီ။ မိုးကောင်းကင်သည်လည်း လက်တော်နှင့် ဖန်ဆင်းသောအရာဖြစ်ပါ၏။ ထိုအရာတို့သည်

ပျက်စီးခြင်းသို့ရောက်သော်လည်း ကိုယ်တော်သည် အမြဲတည်တော်မူ၏။ ထိုအရာရှိသမျှတို့သည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ရောက်၍၊ ကိုယ်တော်သည် ဝတ်လုံကိုလဲသကဲ့သို့ လဲတော်မူသဖြင့်၊ ပြောင်းလဲခြင်းရှိကြသော်လည်း၊ ကိုယ်တော်သည် ပြောင်းလဲတော်မမူပါ။ အသက်တော်လည်း မကုန်မဆုံးရပါ။ (ဆာလံကျမ်း ၁၀၂:၂၅-၂၇)

- ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏။ (ရှင်ယာကုပ်သြဝါဒစာ ၁:၁၆-၁၇)
- ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏။ (ဟေဗြဲသြဝါဒစာ ၁၃:၈)
- ဘုရားသခင်သည် မုသားစကားကိုပြောအံ့သောငှာ လူဖြစ်တော်မူသည်မဟုတ်။ နောင်တရအံ့သောငှာ လူသားဖြစ်တော်မူသည်မဟုတ်။ မိန့်တော်မူပြီးမှ၊ စကားတော်အတိုင်း မပြုဘဲနေတော်မူမည်လော။ ကတိထားတော်မူပြီးမှ၊ ကတိတော်မတည်ဘဲ နေတော်မူမည်လော။ (တောလည်ရာကျမ်း ၂၃:၁၉)
- ထာဝရဘုရားသည် တစ်ပါးအမျိုးသားတို့၏တိုင်ပင်ခြင်းကိုပယ်တော်မူ၏။ လူစုတို့၏ကြံစည်ခြင်းကိုလည်း ဖျက်ဆီးတော်မူ၏။ ထာဝရဘုရား၏ပြဌာန်းတော်မူခြင်းသည် ကာလအနန္တနှင့်ဆိုင်၍၊ စိတ်နှလုံးတော်၏အကြံအစည်တို့သည် သားစဉ်မြေးဆက် အဆုံးတိုင်အောင်တည်ကြလိမ့်မည်။ (ဆာလံကျမ်း ၃၃:၁၀-၁၁)

# ၃။ ဘုရားသခင်၏ ဖန်ဆင်းခြင်း

အခြားမည်သည့်နေရာ၌မျှ တခြားဘုရားမရှိသည့်အပြင် ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်းအားဖြင့် ကျွန်ုပ်တို့အပေါ် ကိုယ်တော်တည်ရှိကြောင်း ထင်ရှားစေတော်မူပြီ။

- ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူ ဖြစ်၏။ ငါမှတစ်ပါး အခြားသော ဘုရားသခင်မရှိ။ (ဟေရှာယအနာဂတ္တိကျမ်း ၄၄:၆)
- ရှေးကာလ၌ ဖြစ်ဖူးသောအမှုအရာတို့ကို အောက်မေ့ကြလော့။ ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရားမရှိ။ အဦးမှစ၍ အဆုံးတိုင်အောင်လည်းကောင်း၊ ရှေးကာလမှစ၍ မဖြစ်သေးသော အမှုအရာတို့ကိုလည်းကောင်း ဖော်ပြလျက်၊ ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည်ဟု ဆိုလျက်၊ (ဟေရှာယအနာဂတ္တိကျမ်း ၄၆:၉-၁၀)
- သမ္မာတရားကိုအဓမ္မဖြင့် ဆီးတားနှိပ်စက်သောသူတို့ ပြုတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်း အမှုအမျိုးမျိုးတို့ တစ်ဖက်၌ ဘုရားသခင်၏ အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက်ရှိ၏။- အဘယ်ကြောင့်နည်းဟူမူကား၊ သိအပ်သော ဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင် ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် သူတို့အား ပြတော်မူပြီ။- အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသော အရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ ထိုကြောင့်သူတို့သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။ (ရောမသြဝါဒစာ ၁:၁၈-၂၀)

- ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား၊ သူတစ်ပါးကိုလည်းကောင်း၊ ကိုယ်ကိုလည်းကောင်း လှည့်ဖြား၍ ဆိုးညစ်ခြင်း၌ တရွေ့ရွေ့ တိုးပွားကြလိမ့်မည်။ (တိမောသေဩဝါဒစာဒုတိယစောင် ၃:၁၃)
- ဘုရားသခင်မရှိဟု မိုက်သောသူသည်ထင်တတ်၏။ ထိုသို့သော သူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ်ဖွယ်သော ဒုစရိုက်ကို ပြုတတ်ကြ၏။ (ဆာလံကျမ်း ၅၃:၁)
- မတရားသောသူသည် ဘုရားသခင်ကို အဘယ်ကြောင့် မထီမဲ့မြင်ပြုရပါအံ့နည်း။ ကိုယ်တော်သည် စစ်တော်မမူဟု အဘယ်ကြောင့် အောက်မေ့ရပါအံ့နည်း။ (ဆာလံကျမ်း ၁၀:၁၃)
- သို့ဖြစ်၍၊ အသက်ရှင်သော သူတို့ကိုလည်းကောင်း၊ သေသောသူတို့ကိုလည်းကောင်း တရားစီရင်ခြင်းငှာ အသင့်ရှိတော်မူသောသူ ရှေ့၌၊ ထိုသူတို့သည် စစ်ကြောခြင်းကို ခံရကြလတ္တံ့။ (ရှင်ပေတရုဩဝါဒစာပထမစောင် ၄:၅)
- ကျမ်းစာလာသည်ကား၊ ငါအသက်ရှင်တော်မူသည် ဖြစ်၍၊ ငါ့ရှေ့၌ လူတိုင်း ဒူးထောက်ရမည်။ ဘုရားသခင်အား လူတိုင်းမိမိနှုတ်နှင့် သစ္စာခံရမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။- သို့ဖြစ်၍၊ ငါတို့ရှိသမျှသည် ဘုရားသခင် စစ်ကြောတော်မူခြင်းကို ခံရကြမည်။ (ရောမဩဝါဒစာ ၁၄:၁၁-၁၂)

ဘုရားသခင်သည် အရာခပ်သိမ်းကို ကောင်းစွာ ဖန်ဆင်းခဲ့သော်လည်း သေခြင်း၊ ရောဂါနှင့် ဝေဒနာတို့ကို ကျွန်ုပ်တို့၏ အပြစ်ကြောင့် ဆက်လက်တည်ရှိစေခဲ့သည်။ သို့သော် မျှော်လင့်ချက်ရှိပါသည်။

- ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကိုကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၏၊ (ကမ္ဘာဦးကျမ်း ၁:၃၁)
- ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်းတရား ဝင်

သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။ (ရောမဩဝါဒစာ ၅:၁၂)

- ထိုသို့ခံရသောသူသည် ဆွေးမြေ့သော အရာကဲ့သို့လည်းကောင်း၊ ပိုးရွကိုက်စားသော အဝတ်ကဲ့သို့လည်းကောင်း အားလျော့ပျက်ရပါ၏။ (ယောဘဝတ္တု ၁၃:၂၈)
- ဘုရားသခင်သားတို့၏ ထူးမြတ်သော လွတ်ခြင်းချမ်းသာတည်းဟူသော ဖောက်ပြန်ပျက်စီးခြင်း အနှောင်အဖွဲ့မှ ကယ်လွှတ်ခြင်းချမ်းသာကို ဝင်စားမည်။ (ရောမဩဝါဒစာ ၈:၂၁)
- သခင်ယေရှုခရစ်နှင့် ခမည်းတော်ဘုရားထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။ ထိုသခင်သည် ငါတို့အဘတည်းဟူသော ဘုရားသခင်၏အလိုတော်နှင့်အညီ ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝမှ ငါတို့ကို ကယ်နုတ်ခြင်းငှာ၊ ငါတို့အပြစ်ကြောင့် ကိုယ်ကိုကိုယ် အပ်ပေးတော်မူ၏။ (ဂလာတိဩဝါဒစာ ၁:၃-၄)
- သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် မျှော်လင့်ခြင်းပါရမီနှင့် ကြွယ်ဝစေခြင်းငှာ၊ ယုံကြည်သောစိတ်ရှိ၍ ဝမ်းမြောက်သက်သာခြင်းအမျိုးမျိုးတို့နှင့် ပြည့်စုံမည်အကြောင်း၊ မျှော်လင့်ခြင်း၏အရှင်၊ ဘုရားသခင်သည် ကယ်မသနားတော်မူပါစေသော။ (ရောမဩဝါဒစာ ၁၅:၁၃)

## ၄။ ဘုရားသခင်၏ပြီးပြည့်စုံသော ကောင်းမြတ်မှု

ဘုရားသခင်သည် နည်းလမ်းအမျိုးမျိုးနဲ့ အချိန်တိုင်းမှာ လုံးဝဖြောင့်မတ်ပြီး ကောင်းမြတ်ပါသည်။

- ထာဝရဘုရား၏လမ်းခရီးတော်ရှိသမျှတို့သည် ဖြောင့်မတ်၍၊ ခပ်သိမ်းသောအမှုတော်တို့သည် သန့်ရှင်းကြပါ၏။ (ဆာလံကျမ်း ၁၄၅:၁၇)

- ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၍၊ မတရားသောအမှုနှင့် ကင်းလွတ်တော်မူသည်ဟု ထင်ရှားလိမ့်သတည်း။ (ဆာလံကျမ်း ၉၂:၁၅)
- ထာဝရဘုရားသည် မြို့အလယ်၌ တရားသဖြင့် ပြုတော်မူ၏။ မတရားသော အမှုကို ပြုတော်မမူ။ နံနက်အစဉ်အတိုင်း မိမိဖြောင့်မတ်ကြောင်းကို မချွတ်မယွင်း ဖော်ပြတော်မူ၏။ (ဇေဖနိအနာဂတ္တိကျမ်း ၃:၅)
- ငါတို့၏ဘုရားသခင် ထာဝရဘုရားကို ချီးမြှောက်ကြလော့။ သန့်ရှင်းသော တောင်တော်မှာ ပျပ်ဝပ်ကိုးကွယ်ကြလော့။ အကြောင်းမူကား၊ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် သန့်ရှင်းတော်မူသတည်း။ (ဆာလံကျမ်း ၉၉:၉)
- ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက်အလျှင်းမရှိ။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၅)

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူနှင့် ကောင်းကင်ဘုံမှာ အတူရှိရန်အလို့ငှာ တူညီသော စုံလင်မှုကို လိုအပ်သော်လည်း၊ ကျွန်ုပ်တို့ အားလုံး စုံလင်ဖို့ ပျက်ကွက်ခဲ့ကြပြီ။

- တရားမှုကို ဆုံးဖြတ်ခြင်း၊ ဖြောင့်မတ်စွာ စီရင်ခြင်းကို မျဉ်းကြိုးနှင့် မှန်ထုပ်အားဖြင့် ငါပြုမည်။ မိုးသီးရွာ၍ ကိုးစားရာမုသားကို ပယ်ရှားလိမ့်မည်။ ပုန်းကွယ်ရာအရပ်ကိုလည်း ရေလွှမ်းမိုးလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း ၂၈:၁၇)
- သင်တို့၏ဘုရားသခင် ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့်၊ သင်တို့လည်း သန့်ရှင်းခြင်းရှိကြလော့။ (ဝတ်ပြုရာကျမ်း ၁၉:၁-၂)
- ထိုကြောင့် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့။ (ရှင်မဿဲခရစ်ဝင် ၅:၄၈)

- အို ဣသရေလအမျိုး၊ သင်၏ဘုရားသခင် ထာဝရဘုရားကိုကြောက်ရွံ့၍၊ လမ်းတော်သို့လိုက်သွားခြင်း၊ သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်၍ အမှုတော်ကိုဆောင်ရွက်ခြင်း၊ သင်၏အကျိုးကို ထောက်၍ ယနေ့ငါဆင့်ဆိုသော ထာဝရဘုရား၏ပညတ်တော်ကို စောင့်ရှောက်ခြင်းအမှုမှတစ်ပါး၊ သင်၏ဘုရားသခင် ထာဝရဘုရားသည် အဘယ်အမှုကို တောင်းတော်မူသနည်း။ (တရားဟောရာကျမ်း ၁၀:၁၂-၁၃)
- ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်၏။ ငါ့ရှေ့မှာသွားလာ၍ စုံလင်ခြင်းရှိလော့။ ငါ၏ပဋိညာဉ်ကို သင်နှင့် ငါပြုမည်။ သင့်ကိုငါအလွန်များပြားစေမည်ဟု မိန့်တော်မူ၏။ (ကမ္ဘာဦးကျမ်း ၁၇:၁-၂)

ဘုရားသခင်သည် တခြားသူများနှင့် နှိုင်းယှဉ်ချက်ကို အခြေခံပြီး သို့မဟုတ် ကျွန်ုပ်တို့ကောင်းမှုသည် မကောင်းမှုထက် ပိုများလျှင် ကျွန်တော်တို့ကို တရားစီရင်မှာမဟုတ်ပါ။

- ကိုယ်ကိုကိုယ်ချီးမွမ်းသော သူတို့နှင့် ရေတွက်ဝင်ခြင်းကိုလည်းကောင်း၊ ပြိုင်နှိုင်းခြင်းကိုလည်းကောင်း၊ ငါတို့မပြုဝံ့။ ထိုသူတို့သည် အချင်းချင်းတစ်ယောက်နှင့် တစ်ယောက် ခိုင်းနှိုင်းခြင်း၊ ပြိုင်နှိုင်းခြင်းတို့ကိုပြု၍ ပညာမဲ့ဖြစ်ကြ၏။ (ကောရိန္သုဩဝါဒစာဒုတိယစောင် ၁၀:၁၂)
- ထာဝရဘုရားက၊ သူ၏မျက်နှာ၊ သူ၏အရပ်ကို မကြည့်မရှုနှင့်။ သူ့ကို ငါပယ်ပြီ။ ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်။ လူသည် အဆင်းသဏ္ဌာန်ကိုကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကို ကြည့်ရှုတတ်သည်ဟု ရှမွေလအားမိန့်တော်မူ၏။ (ဓမ္မရာဇဝင်ပထမစောင် ၁၆:၇)
- အကြင်သူသည် ဘာမျှမဟုတ်ဘဲလျက်၊ ဤမျှလောက်ငါဖြစ်သည်ဟုစိတ်ထင်လျှင်၊ ထိုသူသည် ကိုယ်ကို လှည့်ဖြားသောသူဖြစ်၏။ (ဂလာတိဩဝါဒစာ ၆:၃)

- အဘယ်သို့နည်းဟူမူကား၊ ပညတ်တရားအလုံးစုံကို စောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌မျှားမိလျှင်၊ ပညတ်တရားကို လွန်ကျူးသောအပြစ်ရှိ၏။ (ရှင်ယာကုပ်ဩဝါဒစာ ၂:၁၀)
- သို့ရာတွင် တရားသောသူသည် ဖောက်ပြန်၍၊ အဓမ္မအမှုကိုလည်းကောင်း၊ မတရားသောသူပြုသမျှသော စက်ဆုပ်ရွံရှာဖွယ် အမှုတို့ကိုလည်းကောင်း ပြုလျှင်၊ အသက်ရှင်ရမည်လော။ အရင်ပြုသမျှသော ဖြောင့်မတ်ခြင်းအမှုတို့ကို မမှတ်၊ သူသည် လွန်ကျူးသောအမှု၊ ပြစ်မှားသောအပြစ်ကြောင့် အသေသတ်ခြင်းကို ခံရလိမ့်မည်။ (ယေဇကျေလအနာဂတ္တိကျမ်း ၁၈:၂၄)

ကျွန်ုပ်တို့ တစ်ဦးမျှ ဘုရားသခင်၏ စံနှုန်းနှင့် မကိုက်ညီကြပါ။ ကိုယ်တော်၏ပြီးပြည့်စုံပြီး အနှိုင်းမဲ့သော သန့်ရှင်းခြင်း၏ဆန့်ကျင်ဘက်တွင် ကျရှုံးကြသည်။

- နားလည်သောသူ၊ ဘုရားသခင်ကိုရှာသောသူ တစ်စုံတစ်ယောက်ရှိသည် မရှိသည်ကို သိမြင်ခြင်းငှာ ဘုရားသခင်သည် ကောင်းကင်ပေါ်က လူသားတို့ကို ငုံ့၍ကြည့်ရှုတော်မူ၍၊ လူအပေါင်းတို့သည် ဆုတ်သွားကြပြီ။ တညီတညွတ်တည်း ဆွေးမြေ့ယိုယွင်းခြင်းရှိကြ၏။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ။ တစ်ယောက်မျှမရှိ။ (ဆာလံကျမ်း ၅၃:၂-၃)
- အပြစ်မပါဘဲ ကောင်းသောအကျင့်ကိုကျင့်သော သူတော်ကောင်းတစ်စုံတစ်ယောက်မျှ မြေကြီးပေါ်မှာ မရှိ။ (ဒေသနာကျမ်း ၇:၂၀)
- ဖြောင့်မတ်သောသူ တစ်ယောက်မျှမရှိ။ ... အကောင်းဆုံးသော သူသည် ဆူးပင်ကဲ့သို့ ဖြစ်၏။ အဖြောင့်ဆုံးသော သူသည် ဆူးခြံထက်ခက်လှ၏။ (မိက္ခာအနာဂတ္တိကျမ်း ၇:၂, ၄)
- အကယ်စင်စစ် ယုတ်ညံ့သောသူတို့သည် အနတ္တ၊ အသရေရှိသောသူတို့သည် မုသားဖြစ်ကြ၏။ ချိန်ခွင်နှင့် ချိန်စက်လျှင် ထိုသူအပေါင်းတို့သည် အနတ္တထက်သာ၍ပေါ့ကြ၏။ (ဆာလံကျမ်း ၆၂:၉)

- ခြားနားခြင်း အလျှင်းမရှိ။ အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။- (ရောမဩဝါဒစာ ၃:၂၂-၂၃)
- ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်လည်းကောင်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်လည်းကောင်း သာ၍မြင့်၏။ (ဟေရှာယအနာဂတ္တိကျမ်း ၅၅:၈-၉)
- ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည် မြတ်သလောဟု မေးပြန်သော်၊ အလျှင်းမမြတ်။ အကြောင်းမူကား၊ ယုဒလူ၊ ဟေလသလူအပေါင်းတို့သည် အပြစ်ရှိကြောင်းကို အထက်ပြခဲ့ပြီ။- ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။- လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ (ရောမဩဝါဒစာ ၃:၉-၁၀, ၁၂)

ယေရှု သွန်သင်ခဲ့သည့်အတိုင်း ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှ လုပ်ဆောင်ချက်များတွင်သာမက နှလုံးသား၊ အတွေးအခေါ်၊ စကားလုံး၊ စိတ်ထား၊ ခံယူချက်များတွင်ပါ စုံလင်မှု လိုအပ်သည်။

- ဟုတ်မှန်ဖြောင့်မတ်သောစိတ်နှလုံးကို နှစ်သက်တော်မူသည်ဖြစ်၍၊ အကျွန်ုပ်၏စိတ်နှလုံးထဲမှာ ပညာကို သွန်သင်တော်မူပါ။ (ဆာလံကျမ်း ၅၁:၆)
- သူ့မယားကို မပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။- ငါပညတ်သည်ကား ကိလေသာစိတ်နှင့် သူ့မယားကိုကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။ (ရှင်မဿဲခရစ်ဝင် ၅:၂၇-၂၈)

- မတရားသော မေထုန်ကိုပြုသောသူနှင့် သူ့မယားကို ပြစ်မှားသောသူကို ဘုရားသခင်စစ်ကြော စီရင်တော်မူလိမ့်မည်။ (ဟေဗြဲဩဝါဒစာ ၁၃:၄)
- လူအသက်ကို မသတ်ရ။ သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။- ငါပညတ်သည်ကား၊ ညီအစ်ကိုကို ကျိန်ဆဲသောသူသည် ဂေဟန်နာအရပ် ၌ မီးရှို့ခြင်းကို ခံထိုက်ပေ၏။- (ရှင်မဿဲခရစ်ဝင် ၅:၂၁-၂၂)
- မိမိညီအစ်ကိုကို မုန်းသောသူမည်သည်ကား၊ လူအသက်ကို သတ်သောသူဖြစ်၏။ လူအသက်ကို သတ်သောသူ တစ်စုံတစ်ယောက်၌မျှ ထာဝရအသက် မတည်သည်ကို သင်တို့သိကြ၏။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃:၁၅)
- လျှို့ဝှက်သော ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ အဖြူသုတ်သော သင်္ချိုင်းတွင်းနှင့် တူကြ၏။ ထိုတွင်းသည် အပြင်၌ တင့်တယ်စွတကား။ အတွင်း၌ကား လူသေအရိုး၊ အညစ်အကြေးအမျိုးမျိုးနှင့် ပြည့်လျက်ရှိ၏။ ထိုအတူ သင်တို့သည်အပြင်၌ လူတို့ရှေ့မှာ ဖြောင့်မတ်ဟန်ရှိ၏။ အတွင်း၌ကား လျှို့ဝှက်ခြင်း၊ မတရားသဖြင့်ကျင့်ခြင်းနှင့် ပြည့်လျက်ရှိကြ၏။ (ရှင်မဿဲခရစ်ဝင် ၂၃:၂၇-၂၈)

"ဘုရားသခင်သည် ချစ်တော်မူသောကြောင့် ငါတို့အပြစ်ကို လျစ်လျူရှုတော်မူလိမ့်မည်"ဟူသော ဘုရားသခင်ကဲ့သို့သော လိမ်ညာခြင်းအပြစ်တွင် မိမိကိုယ်ကို လိမ်ပြောခြင်းပါဝင်သည်။

- အကျိုးမရှိဘဲ မုသားစကားကိုပြောသောသူတို့၌ သင်တို့သည် ခိုလှုံကြ၏။ (ယေရမိအနာဂတ္တိကျမ်း ၇:၈)
- မာနထောင်လွှားသောသူနှင့် မိစ္ဆာတရားလမ်းသို့ လွဲသွားသော သူတို့ကို မမှီဝဲ၊ ထာဝရဘုရားကို ကိုးစားသောသူသည် မင်္ဂလာရှိ၏။ (ဆာလံကျမ်း ၄၀:၄)

- မုသားစကားပြောသောသူတို့ကို ဖျက်ဆီးတော်မူ၏။ (ဆာလံကျမ်း ၅:၆)
- ပြင်၌ကား၊ ခွေးဖြစ်သောသူ၊ ပြုစားတတ်သောသူ၊ မတရားသောမေထုန်၌ မှီဝဲသောသူ၊ လူအသက်ကို သတ်သောသူ၊ ရုပ်ထုကို ကိုးကွယ်သောသူ၊ သစ္စာပျက်ခြင်းကိုနှစ်သက်၍ ပြုသောသူအပေါင်းတို့သည် ရှိကြ၏။ (ဗျာဒိတ်ကျမ်း ၂၂:၁၅)
- ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ်ရွံရှာဖွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသော မေထုန်၌ မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်သောသူ အပေါင်းတို့မူကား၊ ဒုတိယသေခြင်းတည်းဟူသော ကန့်နှင့်လောင်သော မီးအိုင်ထဲ၌ မိမိတို့အဖို့ကို ရကြလိမ့်မည် ဟူ၍လည်းကောင်း ငါ့အား မိန့်တော်မူ၏။ (ဗျာဒိတ်ကျမ်း ၂၁:၈)

ရုပ်တုကိုးကွယ်ခြင်း၏ အပြစ်တွင် ကျွန်ုပ်တို့နှစ်သက်ပြီး သက်သောင့်သက်သာရှိသည်ဟု စိတ်ကူးထဲမှာ ဘုရားသခင်၏ မှားယွင်းသော ပုံရိပ်ကို ဖန်တီးခြင်း ပါဝင်သည်။

- ထိုသို့ငါတို့သည် ဘုရားသခင်၏ အမျိုးအနွယ်ဖြစ်လျက်နှင့် လူတို့အတတ်အကြံအစည်အားဖြင့် ထုလုပ်သောရွှေရုပ်တု၊ ငွေရုပ်တု၊ ကျောက်ရုပ်တုနှင့် ဘုရားသခင်တူတော်မူသည်ဟု မထင်မမှတ်အပ်။ (တမန်တော်ဝတ္ထု ၁၇:၂၉)
- ငါ့ကို သင်နှင့်တူသည်ဟု ထင်လေပြီတကား။ သင်၏အပြစ်ကို ငါဖော်ပြ၍၊ သင့်မျက်မှောက်၌ ခင်းထားမည်။ (ဆာလံကျမ်း ၅၀:၁၆, ၂၁)
- သွန်းသောရုပ်တုသည် မုသားဖြစ်၏။ ထိုသို့သော အရာတို့သည် အချည်းနှီးသက်သက်ဖြစ်ကြ၏။ လှည့်စားသောအရာလည်း ဖြစ်ကြ၏။ (ယေရမိအနာဂတ္တိကျမ်း ၅၁:၁၇-၁၈)
- တေရပ်ရုပ်တုတို့သည် အနတ္တစကားကို ပြောကြ၏။အချည်းနှီး နှစ်သိမ့်စေကြ၏။ (ဇာခရိအနာဂတ္တိကျမ်း ၁၀:၂)

- ရုပ်တုဆင်းတုကိုလည်း မချဉ်းမကပ်ရ။ ကိုယ်အဖို့ သွန်းသောဘုရားတို့ကို မ လုပ်ရ။ ငါသည် သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ (ဝတ်ပြုရာ ကျမ်း ၁၉:၄)
- စီရင်တော်မူချက်၊ ဘိုးဘေးတို့နှင့် ဖွဲ့တော်မူသောပဋိညာဉ်၊ သူတို့၌ သက်သေခံတော်မူသော သက်သေတို့ကို ပယ်၍ အနတ္တတရားကို ကျင့်လျက် အချည်းနှီးသက်သက် ဖြစ်ကြ၏။ အကြင်တစ်ပါးအမျိုးသား ကျင့်သကဲ့သို့ မကျင့်ကြနှင့်ဟု ထာဝရဘုရားပညတ်တော်မူ၏၊ ပတ်လည်၌နေသော ထိုအမျိုးသားနောက်သို့လိုက်ကြ၏။ (ဓမ္မရာဇဝင်စတုတ္ထစောင် ၁၇:၁၅)

ဘုရားသခင့် ကယ်တင်ခြင်း ဆုကျေးဇူးကို ကျွန်ုပ်တို့ မရရှိလျှင် ကျွန်ုပ် တို့ ၏ အပြစ်၏ နောက်ဆက်တွဲ တရား စီရင်ခြင်းမှာ ဘုရားသခင်၏ နိုင်ငံတော်နှင့် ကွဲကွာသော ထာဝရသေခြင်း ဖြစ်သည်။

- မိဘကိုကျိန်ဆဲသောသူတိုင်း အသေသတ်ခြင်းကို အမှန်ခံရမည်။ မိဘကို ကျိန်ဆဲသောကြောင့် သေထိုက်သောအပြစ်ရှိ၏။ (ဝတ်ပြုရာကျမ်း ၂၀:၉)
- မိမိအိမ်နီးချင်း၏အသရေကို တိတ်ဆိတ်စွာဖျက်သောသူကို ငါပယ်ဖြတ် မည်။ မျက်နှာထောင်လွှား၍ စိတ်မြင့်သောသူကို သည်းမခံ။ လှည့်စားတတ် သောသူမူကား၊ ငါ့အိမ်၌မနေရ။ မုသားစကားကို ပြောတတ်သောသူသည် လည်း၊ ငါ့မျက်မှောက်၌ အခွင့်မရှိရ။ (ဆာလံကျမ်း ၁၀၁:၅, ၇)
- သူတို့သည်အလုံးစုံသော အဓမ္မကျင့်ခြင်း၊ မတရားသော မေထုန်ကိုပြုခြင်း၊ ဆိုးညစ်ခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ ပြူစူခြင်း၊ လူအသက်ကို သတ်ခြင်း၊ ရန်တွေ့ခြင်း၊ လှည့်ဖြားခြင်း၊ သူတစ်ပါးကို မြင်ပြင်းခြင်းတို့နှင့် ပြည့်စုံသောသူ၊ ချောစားသောသူ၊- ဆဲရေးသောသူ၊ ဘုရားသခင်ကိုမုန်း သောသူ၊ ကြမ်းတမ်းသောသူ၊ မာနထောင်လွှားသောသူ၊ ဝါကြွားသောသူ၊ မ တတ်ကောင်းသော အတတ်ကိုစီရင်သောသူ၊ မိဘစကားကို နားမထောင်

သောသူ၊ သတိမရှိသောသူ၊ သစ္စာပျက်သောသူ၊- မိဘ သားမယားစသည်တို့ကို မချစ်သောသူ၊ ရန်ငြိုးထားသောသူ၊ သနားခြင်း ကရုဏာစိတ်မရှိသောသူ ဖြစ်ကြ၏။- ထိုသို့ ကျင့်သောသူတို့သည် သေပြစ်ကိုခံထိုက်သည်ဟု ဘုရားသခင်စီရင်တော်မူကြောင်းကို ထိုသူတို့သည် သိလျက်ပင် ကိုယ်တိုင်ကျင့်သည်သာမက၊ ထိုသို့ကျင့်သောသူတို့၌ အားရဝမ်းမြောက်ကြ၏။ (ရောမသြဝါဒစာ ၁:၂၉-၃၂)

- မတရားသောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရသည်ကို သင်တို့မသိကြသလော။ အလွဲမယူကြနှင့်။ မတရားသောမေထုန်၌ မှီဝဲသောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သူ့မယားကို ပြစ်မှားသောသူ၊ ယောကျ်ားချင်း မေထုန်ကိုပြုသောသူ၊ ထိုအမှုကိုခံသောသူ၊- သူ့ဥစ္စာကိုခိုးသောသူ၊ လောဘလွန်ကျူးသောသူ၊ သေရည်သေရက်နှင့် ယစ်မူးသောသူ၊ ဆဲရေးကဲ့ရဲ့သောသူ၊ အနိုင်အထက်လုယူသော သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြ။ (ကောရိန္သုသြဝါဒစာပထမစောင် ၆:၉-၁၀)
- အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ (ရောမသြဝါဒစာ ၆:၂၃)

ကျွန်ုပ်တို့၏ အပြစ်သည် ကျွန်ုပ်တို့၏ အမှား ဖြစ်ပြီး ယင်းအတွက် တစ်ဦးချင်းစီတွင် တာဝန်ရှိသည်။

- ပြစ်မှားသောသူသည် အသေခံရမည်။ သားသည် အဘ၏အပြစ်ကို မခံရ။ အဘသည် သား၏အပြစ်ကို မခံရ။ တရားသောသူသည် တရားစွာပြုခြင်း အကျိုးကိုလည်းကောင်း၊ မတရားသောသူသည် မတရားစွာပြုခြင်း အပြစ်ကိုလည်းကောင်း ခံရလိမ့်မည်။ (ယေဇကျေလအနာဂတ္တိကျမ်း ၁၈:၂၀)
- အပြစ်သွေးဆောင်ခြင်းကို ခံရသောသူ မည်သည်ကား၊ ဘုရားသခင်သည် ငါ့ကိုသွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။ မကောင်းသောအရာသည်

ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ။ ကိုယ်တော်သည်လည်း အဘယ်သူကို မျှ အပြစ်သို့ သွေးဆောင်တော်မမူ။- မိမိတပ်မက်သောစိတ် ဆွဲငင်ဖြား ယောင်းခြင်းကို ခံသောသူမည်သည်ကား၊ အပြစ်သွေးဆောင်ခြင်းသို့ ရောက်တတ်၏။- တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကိုဖွား တတ်၏။ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကို ဖွားတတ်၏။- ငါ ချစ်သောညီအစ်ကိုတို့၊ အလွဲမယူကြနှင့်။ (ရှင်ယာကုပ်သြဝါဒစာ ၁:၁၃-၁၆)

- ဆိုးသောသူတို့သည် ပျက်စီးခြင်းသို့လည်းကောင်း၊ မတရားသဖြင့် ကျင့် သောသူတို့သည် ဆုံးရှုံးခြင်းသို့လည်းကောင်း ရောက်ရကြမည် မဟုတ် လော။ ဘုရားသခင်သည် ငါသွားရာလမ်းတို့ကို မြင်တော်မူသည် မဟုတ် လော။ ငါ့ခြေရာရှိသမျှတို့ကို ရေတွက်တော်မူသည်မဟုတ်လော။ (ယောဘ ဝတ္ထု ၃၁:၃-၄)
- ငါမမြင်စေခြင်းငှာ အဘယ်သူသည် မထင်ရှားသောအရပ်၌ ပုန်းရှောင်၍ နေနိုင်သနည်းဟု ထာဝရဘုရားမေးတော်မူ၏။ ငါသည် ကောင်းကင်မြေ ကြီးကို နှံ့ပြားသည် မဟုတ်လောဟု ထာဝရဘုရား မေးတော်မူ၏။ (ယေရမိ အနာဂတ္တိကျမ်း ၂၃:၂၄)
- အိုဘုရားသခင်၊ အကျွန်ုပ်မိုက်ခြင်းအမှုကို ကိုယ်တော်သိတော်မူ၏။ အ ကျွန်ုပ်၏အပြစ်တို့ကို ရှေ့တော်၌ ဝှက်၍ မထားရပါ။ (ဆာလံကျမ်း ၆၉:၅)
- ငါတို့ကို စစ်ကြောစီရင်တော်မူသောသူရှေ့၌ မထင်ရှားသော အရာတစ်စုံ တစ်ခုမျှမရှိ၊ ခပ်သိမ်းသောအရာတို့သည် အကွယ်အကာ မရှိဘဲ၊ မျက် မှောက်တော်၌ လှန်ထားလျက် ရှိကြ၏။ (ဟေဗြဲသြဝါဒစာ ၄:၁၃)

ကျွန်ုပ်တို့၏ အပြစ်သည် ဘုရားသခင်ကို ထိခိုက်စေပြီး ယေရှုခရစ်တော်မှတစ်ဆင့် ကယ်တင်ခြင်းကို လိုအပ်သည်။

- မပြစ်မှားတတ်သော လူတစ်ယောက်မျှမရှိသည် ဖြစ်၍၊ ကိုယ်တော်၏လူတို့သည် ကိုယ်တော်ကိုပြစ်မှားသောကြောင့်၊ အမျက်တော်ထွက်၍ (ဓမ္မရာဇဝင်တတိယစောင် ၈:၄၆)
- ထိုလမ်းတို့မှ အကျွန်ုပ်တို့သည် အစဉ်လွဲတတ်သောကြောင့် အမျက်ထွက်တော်မူ၏။ ကယ်တင်ခြင်းသို့ ရောက်ရကြပါမည်လော။ (ဟေရှာယအနာဂတ္တိကျမ်း ၆၄:၅)
- ကရုဏာစိတ်သဘောရှိ၏။ အစဉ်အမျက်ထွက်တတ်သည် မဟုတ်ဟု ထာဝရဘုရား မိန့်တော်မူ၏။ သင်သည် ငါ့စကားကို နားမထောင်။ သင်၏ ဘုရားသခင် ထာဝရဘုရားကိုပြစ်မှား၍၊ (ယေရမိအနာဂတ္တိကျမ်း ၃:၁၂-၁၃)
- ထိုကာလ၌ သင်မြွက်ဆိုရမည်ကား၊ အို ထာဝရဘုရား၊ အကျွန်ုပ်သည် ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းပါမည်။ အကျွန်ုပ်ကို အမျက်ထွက်တော်မူသော်လည်း၊ တစ်ဖန်အမျက်တော်ငြိမ်း၍၊ အကျွန်ုပ်ကို နှစ်သိမ့်စေတော်မူ၏။ ဘုရားသခင်သည် ငါ့ကို ကယ်တင်သောအရှင် ဖြစ်တော်မူ၏။ ကြောက်လန့်သောစိတ်မရှိဘဲ ရဲရင့်မည်။ ထာဝရဘုရားသည် ငါချီးမွမ်းရာ၊ ငါသီချင်းဆိုရာ၊ ငါ့ကိုကယ်တင်တော်မူသောအရှင် ဖြစ်တော်မူ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၁၂:၁-၂)

## ၅။ ဘုရားသခင်၏ အကြွင်းမဲ့တရားမျှတမှု

ဘုရားသခင်သည် မေတ္တာ၊ကရုဏာနှင့် ပြည့်ဝသူဖြစ်သော်လည်း ကိုယ်တော်သည် သူ၏တရားမျှတမှုနှင့် ကျွန်ုပ်တို့၏အပြစ်ကို လျစ်လျူမရှုနိုင်သောကြောင့် ကိုယ်တော်၏ကယ်တင်ခြင်းကို ကျွန်ုပ်တို့လိုအပ်သည်။

- ထာဝရဘုရားသည် မောရှေရှေ့၌ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ ... အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော၊ (ထွက်မြောက်ရာကျမ်း ၃၄:၆-၇)
- ကိုယ်တော်က၊ ထာဝရဘုရားသည် သည်းခံသောသဘော၊ သနားသောသဘောနှင့် ပြည့်စုံတော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို လွန်ကျူးခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော၊ (တောလည်ရာကျမ်း ၁၄:၁၇)
- ထာဝရဘုရားသည် စိတ်ရှည်တော်မူ၏။ တန်ခိုးလည်း ကြီးတော်မူ၏။ သို့ရာတွင်၊ အပြစ်တည်သော သူတို့ကို အပြစ်မှ လွှတ်တော်မမူ။ (နာဟုံအနာဂတ္တိကျမ်း ၁:၃)
- ဘုရားသခင်သည် မူလအမြစ်ဖြစ်၍၊ အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူသမျှတို့သည် တရားနှင့် ညီလျက်၊ သစ္စာစောင့်သောဘုရား၊ အပြစ်ကင်းလွတ်၍ ဟုတ်မှန်ဖြောင့်မတ်သောဘုရား ဖြစ်တော်မူ၏။ (တရားဟောရာကျမ်း ၃၂:၄)
- သင်တို့သည် ထာဝရဘုရား၏နားတော်ငြီးသည်တိုင်အောင် စကားများကြ၏။ နားတော်ငြီးသည်တိုင်အောင် အဘယ်သို့ ပြုမိသနည်းဟု မေးသော်၊ ဒုစရိုက်ကိုပြုသောသူတိုင်း ထာဝရဘုရားရှေ့တော်၌ ကောင်း၏။ ထိုသို့သောသူတို့ကို နှစ်သက်တော်မူ၏ ဟူ၍လည်းကောင်း၊ စစ်ကြောစီရင်တော်မူသော ဘုရားသခင်ကား၊ အဘယ်မှာရှိသနည်း ဟူ၍လည်းကောင်း ဆိုတတ်ကြသည်တကား။ (မာလခိအနာဂတ္တိကျမ်း ၂:၁၇)
- ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ် လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၈)

- ထိုသို့သော အပြစ်များရှိသော်လည်း သင်က၊ ငါ၌အပြစ်မရှိသောကြောင့်၊ ဘုရားသခင်၏အမျက်တော်သည် ငါမှလွှဲသွားလိမ့်မည်ဟု ဆိုပါသည်တကား။ ငါ၌အပြစ်မရှိဟုဆိုသောကြောင့်၊ သင့်ကို ငါစစ်ကြောစီရင်မည်။ (ယေရမိအနာဂတ္တိကျမ်း ၂:၃၅)

ဘုရားသခင်သည် ကြင်နာပြီး ကယ်တင်ခြင်းပေးခဲ့ပြီဖြစ်သော်လည်း ကိုယ်တော်လုပ်နိုင်သည့် ပြင်းထန်သော တရားစီရင်ချက်များကြောင့် သူ့ကို အမှန်တကယ်ကြောက်ရွံ့သင့်သည်။

- သို့ဖြစ်၍၊ လဲသောသူတို့၌ ပြင်းစွာ စီရင်တော်မူခြင်းကိုလည်းကောင်း၊ ကျေးဇူးတော်၌သင်သည် တည်နေလျှင်၊ သင်၌ပြုတော်မူသော ကျေးဇူးတော်ကိုလည်းကောင်း၊ ဤနှစ်ပါးကို အောက်မေ့လော့။ ကျေးဇူးတော်၌ မတည်မနေလျှင်၊ သင်သည်လည်း ခုတ်ပစ်ခြင်းကို ခံရမည်။ (ရောမသြဝါဒစာ ၁၁:၂၂)
- အကြောင်းမူကား၊ ကျွန်တော်တို့ ဘုရားသခင်ကို ရှာသောသူအပေါင်းတို့သည်၊ တန်ခိုးကျေးဇူးတော်ကို ခံရကြလိမ့်မည်။ ကိုယ်တော်ကို စွန့်သောသူအပေါင်းတို့ကို၊ တန်ခိုးတော်ဆီးတား၍ အမျက်တော် သက်ရောက်လိမ့်မည်။ (ဧဇရမှတ်စာ ၈:၂၂)
- ကိုယ်တော်ကို ထိတ်လန့်သဖြင့်၊ အကျွန်ုပ်သည် ကြက်သီးမွေးညင်းထ၍၊ စီရင်တော်မူချက်တို့မှ ကြောက်ပါ၏။ (ဆာလံကျမ်း ၁၁၉:၁၂၀)
- တစ်နည်းကား၊ ကိုယ်ခန္ဓာကိုသာ သတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သော သူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ငရဲ၌ ဖျက်ဆီးနိုင်သောသူကို သာ၍ ကြောက်ကြလော့။- (ရှင်မဿဲခရစ်ဝင် ၁၀:၂၈)
- အို ထာဝရဘုရား၊ ကိုယ်တော်ကို မကြောက်ရွံ့ဘဲ၊ နာမတော်ကို မချီးမွမ်းဘဲ အဘယ်သူနေရပါအံ့နည်း။ ကိုယ်တော် တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ (ဗျာဒိတ်ကျမ်း ၁၅:၄)

- ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာ ဖြစ်၏။ လူမိုက်တို့သည် ပညာနှင့် ဥပဒေသကို မထီမဲ့မြင်ပြုတတ်ကြ၏။ (သုတ္တံကျမ်း ၁:၇)
- ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် အသက်ရှင်ခြင်းနှင့် ဆိုင်သည်။ (သုတ္တံကျမ်း ၁၉:၂၃)
- ကရုဏာတရားနှင့် သစ္စာတရားအားဖြင့် အပြစ်ပြေတတ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သောသဘောအားဖြင့် ဒုစရိုက်ကို ရှောင်တတ်၏။ (သုတ္တံကျမ်း ၁၆:၆)

ယေရှုခရစ်တော်သည် ကိုယ်တိုင် တရားသူကြီးဖြစ်ပြီး ကိုယ်တော်၏တရားစီရင်ချက်စည်းမျဉ်းများကို ကြိုတင်ပြောပြထားသည်။

- အကြောင်းမူကား၊ ခန့်ထားတော်မူသော သူအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့် ညီလျော်စွာ စစ်ကြောစီရင် မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီ။ (တမန်တော်ဝတ္ထု ၁၇:၃၁)
- အကြောင်းမူကား၊ ကိုယ်တော်သည် ကြွလာတော်မူ၏။ မြေကြီးသားတို့ကို တရားစီရင်ခြင်းငှာ ကြွလာတော်မူ၏။ လောကသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း၊ လူများကို သစ္စာတော်နှင့်လည်းကောင်း စီရင်ဆုံးဖြတ်တော်မူလတ္တံ့။ (ဆာလံကျမ်း ၉၆:၁၃)
- အလုံးစုံတို့ကို အစိုးရတော်မူသော သခင်ယေရှုခရစ်အားဖြင့် ရန်ငြိမ်းခြင်းတရားတည်းဟူသော ဧဝံဂေလိတရားကို ဟောတော်မူလျက်၊ ....ထိုသခင်သည်လည်း အသက်ရှင်သောသူတို့နှင့် သေသောသူတို့ကို တရားစီရင်သော သခင်ဖြစ်စေခြင်းငှာ၊ ဘုရားသခင် ခန့်ထားတော် မူကကြောင်း၊ (တမန်တော်ဝတ္ထု ၁၀:၃၆, ၄၂)
- ဘုရားသခင်သည် စီရင်ပိုင်တော်မူ၏။ တစ်ယောက်ကိုနှိမ့်ချ၍၊ တစ်ယောက်ကို ချီးမြှောက်တော်မူ၏။ (ဆာလံကျမ်း ၇၅:၇)

- အဓမ္မအမှုကို အလျင်အမြန်စစ်ကြော၍၊ ဒဏ်မပေးသောကြောင့်၊ လူသားတို့သည် အဓမ္မအမှုကိုပြုခြင်းငှာ၊ ခိုင်မာစွာ သဘောထားကြ၏။ (ဒေသနာကျမ်း ၈:၁၁)
- ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည်သင်၌ မှာထားသမျှသော စကားတို့ကို တစ်ခွန်းကိုမျှ မထိမ်မဝှက်နှင့်။ သူတို့သည် နားထောင်၍၊ အသီးအသီး မိမိတို့ အဓမ္မလမ်းမှ လွှဲရှောင်ကောင်း လွှဲရှောင်ကြလိမ့်မည်။ ငါသည်လည်း သူတို့ပြုသော ဒုစရိုက်ကြောင့် အပြစ်ပေးမည်ဟု ကြံစည်ခြင်းကို နောင်တရမည်။ (ယေရမိအနာဂတ္တိကျမ်း ၂၆:၂-၃)

သင်တို့ အသီးအသီးကျင့်ကြသည်အတိုင်း အကျိုးအပြစ်ကို ငါစီရင်မည်။ သင်တို့သည် အဓမ္မအမှုရှိသမျှတို့ကို စွန့်ပစ်၍ ပြောင်းလဲကြလော့။ ပြောင်းလဲကြလော့။ ဒုစရိုက်အပြစ်ကြောင့် ထိမိ၍ ဆုံးခြင်းသို့မရောက်ကြနှင့်။ (ယေဇကျေလအနာဂတ္တိကျမ်း ၁၈:၃၀)

- သားတော်ကိုယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား၊ ဘုရားသခင်၌ တစ်ပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့် ယခုပင် အပြစ်စီရင်ခြင်းကိုခံရ၏။ (ရှင်ယောဟန်ခရစ်ဝင် ၃:၁၈)

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြင့် ထာဝရသေခြင်းမှ လွတ်မြောက်လမ်းကို ပြင်ဆင်ပေးခဲ့ပြီး ကျွန်ုပ်တို့ကို သတိပေးခဲ့ပြီး ကျွန်ုပ်တို့သည် ကိုယ်တော်၏ရန်သူအဖြစ်နေလျှင်၊ ယင်းသည် ကိုယ်တော်၏ ရွေးချယ်မှုမဟုတ်ဘဲ ကျွန်ုပ်တို့၏ ရွေးချယ်မှု ဖြစ်သည်။

- ငါတို့၏ ဘုရားသခင်သည် ကယ်တင်နိုင်သောဘုရားဖြစ်တော်မူ၏။ ဘုရားရှင် ထာဝရဘုရားသည် သေခြင်းသို့ ရောက်သောလမ်းကိုလည်း အစိုးပိုင်တော်မူ၏။ ဘုရားသခင်သည် မိမိရန်သူတို့၏ ဦးခေါင်းကိုလည်းကောင်း၊ အ

ပြစ်ပြုမြဲပြုသော သူတို့၏ ဦးသျှောင်ကိုလည်းကောင်း ကောန်အမှန် နှိပ်စက်တော်မူမည်။ (ဆာလံကျမ်း ၆၈:၂၀-၂၁)

- ယုံလောက်သော သက်သေအားဖြင့် ငါတို့အားဆင့်ဆို၍ ဟောပြောသော၊ ဤမျှလောက် ကြီးစွာသော ကယ်တင်တော်မူခြင်းတရားကို ငါတို့သည် နားမထောင်ဘဲနေလျှင်၊ အပြစ်ဒဏ်နှင့် အဘယ်သို့ လွတ်ကြလိမ့်မည်နည်း။ (ဟေဗြဲသြဝါဒစာ ၂:၃)
- ငါတို့သည် မိမိကိုယ်ကို အစဉ်မကိုးစားဘဲ၊ သေသောသူတို့ကို ထမြောက်စေတော်မူသော ဘုရားသခင်ကို ကိုးစားမည်အကြောင်း သေစေဟုစီရင်ခြင်းကို ကိုယ်တိုင်ခံရသကဲ့သို့ ဖြစ်၏။- ထိုဘုရားသခင်သည် ငါတို့ကို ထိုမျှလောက် ကြီးစွာသော သေဘေးမှ ကယ်လွှတ်တော်မူပြီ။ (ကောရိန္တုသြဝါဒစာဒုတိယစောင် ၁:၉-၁၀)
- အိုထာဝရဘုရား၊ အကျွန်ုပ်၏ပတ္ထနာကိုကြား၍၊ ဆုတောင်းသောစကားကို နားထောင်တော်မူပါ။ သစ္စာစောင့်ခြင်း၊ ဖြောင့်မတ်ခြင်းရှိတော်မူသည်အတိုင်း ပြန်ပြောတော်မူပါ။ ကိုယ်တော်၏ကျွန်နှင့် တရားတွေ့တော်မမူပါနှင့်။ အသက်ရှင်သောသူမည်သည်ကား၊ ရှေ့တော်၌ အပြစ်ကင်းစင်ရာသို့ မရောက်ရပါ။ (ဆာလံကျမ်း ၁၄၃:၁-၂)
- အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည် ဖြောင့်မတ်တော်မူခြင်းနှင့်အညီ၊ အကျွန်ုပ်အမှုကို ဆုံးဖြတ်တော်မူပါ။ သူတို့သည် အကျွန်ုပ်ကိုနိုင်၍ ဝမ်းမမြောက်ကြပါစေနှင့်။ (ဆာလံကျမ်း ၃၅:၂၄)
- အိုဘုရားသခင်၊ နာမတော်အားဖြင့် အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ တန်ခိုးတော်အားဖြင့် အကျွန်ုပ်ဘက်၌ တရားစီရင်တော်မူပါ။ (ဆာလံကျမ်း ၅၄:၁)
- ထာဝရဘုရား၏နာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍၊ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့်၊ လုံခြုံစွာနေရကြ၏။ (သုတ္တံကျမ်း ၁၈:၁၀)

- ထိုသို့ပြုလျှင် စိတ်ခိုင်မာ၍ နောင်တမရသည်နှင့်အညီ ဒေါသနေ့တည်းဟူသော ဘုရားသခင်၏ တရားတော်ထင်ရှားသောနေ့၌ ကိုယ်ခံစရာဖို့ အမျက်ဒေါသကို ဆည်းပူးသလော။- ဘုရားသခင်သည် လူအသီးအသီးတို့အား မိမိတို့ အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတ္တံ့။- (ရောမဩဝါဒစာ ၂:၅-၆)

# ၆။ ဘုရားသခင်၏ အံ့ဖွယ်မေတ္တာ

ဘုရားသခင်သည် ထင်ထားသည်ထက် မေတ္တာနှင့် ကရုဏာတော်ပြည့်ဝ၍ ကျေးဇူးပြုတက်၊ စိတ်ရှည်၊ ခွင့်လွှတ်တက်သည်။

- ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၈)
- ထာဝရဘုရားသည် သနားတတ်သောသဘော၊ ကျေးဇူးပြုတတ်သောသဘော၊ စိတ်ရှည်၍၊ ကရုဏာကြွယ်ဝသောသဘော ရှိတော်မူ၏။ (ဆာလံကျမ်း ၁၀၃:၈)
- အိုထာဝရဘုရား၊ သနားစုံမက်တော်မူခြင်း သဘောသည် ကြွယ်ဝပါ၏။ စီရင်တော်မူချက်နှင့်အညီ၊ အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ (ဆာလံကျမ်း ၁၁၉:၁၅၆)
- သို့သော်လည်း ကရုဏာတော်နှင့် ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်၊ (ဖေက်ဩဝါဒစာ ၂:၄)
- သို့ရာတွင် ကိုယ်တော်သည် အပြစ်ကိုဖြေတတ်သောဘုရား၊ ချစ်သနားခြင်း မေတ္တာကရုဏာနှင့်ပြည့်စုံ၍၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်းနှင့် ကြွယ်

ဝသောဘုရား ဖြစ်တော်မူသောကြောင့် သူတို့ကို စွန့်ပစ်တော်မမူ။ (နေဟမိမှတ်စာ ၉:၁၇)

- အကြောင်းမူကား၊ ငါတို့ဘုရားသခင်၏ သနားတော်မူခြင်း ကျေးဇူးတော်အားဖြင့် အပြစ်ဖြေ၍ ကယ်တင်ခြင်းသို့ ရောက်နိုင်ကြောင်းကို ဘုရားသခင်၏လူမျိုးအား ဖော်ပြသဖြင့်၊ ထာဝရဘုရား၏ လမ်းခရီးတော်ကို ပြင်ဆင်ခြင်းငှာ သင်သည် ရှေ့တော်၌သွားရလိမ့်မည်။- ထိုသနားတော်မူခြင်း ကျေးဇူးတော်အားဖြင့်၊ ကောင်းကင်မှ နေအရုဏ်သည် ငါတို့အပေါ်သို့ တက်သဖြင့်၊ (ရှင်လုကာခရစ်ဝင် ၁:၇၇-၇၈)
- အပြစ်မှ လွှတ်တော်မူထသော၊ ကျန်ကြွင်းသော အမွေတော်လူတို့၏ လွန်ကျူးခြင်းများကို သည်းခံတော်မူထသော၊ ကရုဏာ၌ မွေ့လျော်သောကြောင့် အစဉ်အမျက်ထွက်တော်မမူသော ကိုယ်တော်ကဲ့သို့ အဘယ်ဘုရားရှိပါသနည်း။ (မိက္ခာအနာဂတ္တိကျမ်း ၇:၁၈)
- ကိုယ်တော်သည် သနားစုံမက်တတ်သောဘုရားဖြစ်၍ စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသဘော၊ အပြစ်ဒဏ်ပေးမည့်အမှုကို နောင်တရတတ်သော သဘောရှိတော်မူကြောင်းကို အကျွန်ုပ်သိပါ၏။ (ယောနဝတ္ထု ၄:၂)

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်ပြီး ကျွန်ုပ်တို့နှင့်
မိဿဟာယရှိလိုသော်လည်း ယေရှုကိုယုံကြည်ပြီး
ဘုရားသခင့်မိန့်မှာချက်ကို နာခံခြင်းအားဖြင့်သာ ဖြစ်နိုင်သည်။

- သင်တို့သည် ငါပညတ်သမျှတို့ကို ကျင့်ဆောင်လျှင် ငါ၏အဆွေဖြစ်ကြ၏။ (ရှင်ယောဟန်ခရစ်ဝင် ၁၅:၁၄)
- ထိုသူကိုလက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၁:၁၂)

- သင်တို့သည် ငါ၏လူမဟုတ်ဟု ထိုသူတို့အား ပြောဆိုရာအရပ်၌ပင်လျှင်၊ သူတို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏သားဟု ခေါ်ဝေါ်ခြင်းကို ခံရကြလိမ့်မည်။ (ဟောရှေအနာဂတ္တိကျမ်း ၁:၁၀)
- ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော် ယေရှုခရစ်နှင့်လည်း ကောင်း၊ မိတ်သဟာယဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည် ငါတို့နှင့် မိတ်သဟာ ယဖွဲ့စေခြင်းငှာ၊ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားပြသကြ၏။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၃)

ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များနှင့်ပတ်သက်၍ ကိုယ်တော်၏တရားမျှတမှုကို ကျေနပ်စေခဲ့ပြီး ကျွန်ုပ်တို့အတွက် သေဒဏ်ချမှတ်ခြင်းဖြင့် ကိုယ်တော်၏မေတ္တာတော်ကိုလည်း ပြသခဲ့သည်။

- သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှာ၊ ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသောအ ရာ၌၊ ငါတို့ကို ချစ်တော်မူသော မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။- ငါ တို့သည် ဘုရားသခင်ကိုချစ်ကြသည်ဟု မဆို။ ဘုရားသခင်သည် ငါတို့ကို ချစ်၍ ငါတို့၏အပြစ် ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ၊ သားတော်ကို စေ လွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။ (ရှင်ယောဟန်ဩဝါဒစာပ ထမစောင် ၄:၉-၁၀)
- ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ် တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ (ရောမဩဝါဒစာ ၅:၈)
- ဧဝံဂေလိတရားကို သင်တို့အား တစ်ဖန်ငါကြားလိုက်၏။ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။- သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထ

မြောက်တော်မူ၏။- ထိုနောက် ညီအစ်ကိုငါးရာမက၊ တစ်ပြိုင်နက် မြင်ရကြ၏။ (ကောရိန္သုဩဝါဒစာပထမစောင် ၁၅:၁, ၃-၄, ၆)

- ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်။ (ရှင်ယောဟန်ခရစ်ဝင် ၃:၁၆)

ယေရှုသည် သူ့အသက်ကို သူ့ထံမှ ယူခဲ့ခြင်းမဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာနဲ့ ကိုယ်တိုင် အခမဲ့ ပေးခဲ့သည်။

- ငါ့အသက်ကို အဘယ်သူမျှ မလုမယူ။ ကိုယ်အလိုအလျောက် ငါစွန့်၏။ (ရှင်ယောဟန်ခရစ်ဝင် ၁၀:၁၈)
- ခရစ်တော်သည် ငါတို့အဖို့အလိုငှာ အသက်တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည် ထောက်၍၊ မေတ္တာတော်ကို သိရကြပြီ။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃:၁၆)
- ကိုယ်ခန္ဓာ၌ ယခုငါရှင်သော အသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။ (ဂလာတိဩဝါဒစာ ၂:၂၀)
- ခရစ်တော်သည် ငါတို့ကို ချစ်တော်မူသောအားဖြင့် ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင်သော အနံ့ရှိစေခြင်းငှာ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့အတွက် စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။ (ဧဖက်ဩဝါဒစာ ၅:၂)

## ၇။ ယေရှုသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဘုရားသခင် ဖြစ်ပါသည်။

ယေရှုသည် ကယ်တင်ခြင်း (အသက်မုန့်)ကို ကျွေးမွေးနိုင်ဖို့ လူသားတစ်ယောက်ဖြစ်လာခြင်းအားဖြင့် ချစ်ခြင်းမေတ္တာကို စွဲလမ်းနေတဲ့ သားတော်ဘုရား ဖြစ်၍အမြဲတမ်း ဖြစ်ခဲ့ပြီး အမြဲတမ်း ဖြစ်လိမ့်မည်။

- ငါသည် သွားတတ်သောအတတ်ကို ဧဖရိမ်အား လက်ဆွဲ၍ သွန်သင်၏။ သို့သော်လည်း၊ ငါစောင့်မခြင်းကျေးဇူးကို သူသည် မသိဘဲနေ၏။ လူကို ဆွဲတတ်သော ကြိုးတည်းဟူသော မေတ္တာကြိုးနှင့် ငါဆွဲငင်၏။ ပါးရိုးအနားသို့ ထမ်းပိုးကိုရွှေ၍ ဖြည်းညင်းစွာ ကျွေး၏။ (ဟောရှေအနာဂတ္တိကျမ်း ၁၁:၃-၄)
- ထာဝရဘုရားကလည်း၊.... သူတို့နာကြည်းခြင်းဝေဒနာကို ငါသိ၏။ သူတို့ကို ပို့ဆောင်ခြင်းငှာ ငါဆင်းလာပြီ။ (ထွက်မြောက်ရာကျမ်း ၃:၇-၈)
- ယေရှုကလည်း၊ ငါ့ကိုအချင်းချင်းကဲ့ရဲ့၍ အပြစ်မတင်ကြနှင့်။- ငါသည် ကောင်းကင်မှဆင်းသက်သော အသက်မုန့်ဖြစ်၏။ ဤမုန့်ကို စားသောသူ မည်သည်ကား၊ အစဉ်မပြတ် အသက်ရှင်လိမ့်မည်။ (ရှင်ယောဟန်ခရစ်ဝင် ၆:၄၃, ၅၁)
- အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။....... နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်း ကောင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။ (ရှင်ယောဟန်ခရစ်ဝင် ၁:၁,၁၄)

- ခရစ်တော်သည်လည်း၊ ဇာတိအမျိုးအားဖြင့် ထိုသူတို့၏အမျိုး ဖြစ်တော်မူ၏။ ထိုခရစ်တော်သည်လည်း ခပ်သိမ်းသောအရာတို့ကို အစိုးရတော်မူ၍ ထာဝရမင်္ဂလာရှိတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။ (ရောမဩဝါဒစာ ၉:၅)
- ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ ပေါ်ထွန်းတော်မူပြီ။( တိမောသေဩဝါဒစာပထမစောင် ၃:၁၆)အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ (ကောလောသဲဩဝါဒစာ ၂:၉)
- ငါတို့ကိုကယ်တင်တော်မူသော အရှင်ဘုရားသခင်၏ စေတနာတော်နှင့် လူတို့ကိုချစ်တော်မူသော မေတ္တာတော်သည် ပေါ်ထွန်းသောအခါ၊- (တိတုဩဝါဒစာ ၃:၄)
- ကယ်တင်တော်မူသောအရှင်၊ ငါတို့ ဘုရားသခင်ယေရှုခရစ်၏ ဖြောင့်မတ်ခြင်းတရားကို ငါတို့ယုံကြည်သည်နည်းတူ၊ မြတ်စွာသော ယုံကြည်ခြင်းကို ရသောသူတို့အား ကြားလိုက်ပါ၏။ (ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၁:၁)
- အကယ်စင်စစ် ဘုရားသခင်သည် ရှေးကာလမှစ၍၊ ကယ်တင်တော်မူခြင်းကို မြေအလယ်၌ပြုသော ငါတို့၏ရှင်ဘုရင် ဖြစ်တော်မူ၏။ (ဆာလံကျမ်း ၇၄:၁၂)

ယေရှုသည် ဘုရားသခင်၏နာမတော်ကို "ငါဖြစ်သည့်အတိုင်း ငါဖြစ်သည်" ဟူသော ဘုရားသခင်၏ နာမတော်ကို သူ့ကိုယ်ကို သတ်မှတ်ခြင်းဖြင့် ဘုရားသခင်ဖြစ်ကြောင်း ပြသခဲ့သည်။ သူသည် အငြင်းပွားမှု မ ရှိဘဲ သောမတ်၏ ကြေညာချက်ကိုလည်း လက်ခံ ရရှိခဲ့သည်။

- ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်းငါဖြစ်၏ဟူ၍လည်းကောင်း၊ ငါဖြစ်သည်ဟု အမည်ရှိသောသူသည်၊ ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အားပြန်ပြောလော့ဟူ၍လည်းကောင်း၊ မောရှေအားမိန့်တော်မူ၏။ (ထွက်မြောက်ရာကျမ်း ၃:၁၄)
- ယုဒလူတို့ကလည်း၊ သင်၏အသက်သည် အနှစ်ငါးဆယ်မျှမရှိဘဲလျက် သင်သည် အာဗြဟံကို မြင်လေပြီတကားဟု ဆိုကြ၏။- ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ အာဗြဟံမဖြစ်မီ ငါဖြစ်၏ဟု မိန့်တော်မူ၏။- ထိုအခါ ကိုယ်တော်ကို ခဲနှင့်ပစ်ခြင်းငှာ ကျောက်ခဲတို့ကို ကောက်ယူကြ၏။ (ရှင်ယောဟန်ခရစ်ဝင် ၈:၅၇-၅၉)
- ထိုအခါ သောမအား၊ သင်၏လက်ညှိုးကိုဆန့်၍ ငါ့လက်ကိုကြည့်လော့။ သင်၏လက်ကိုဆန့်၍ ငါ့နံဘေးကို စမ်းသပ်လော့။ ယုံမှားခြင်းမရှိနှင့်။ ယုံလော့ဟု မိန့်တော်မူ၏။- သောမကလည်း၊ အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကားဟု ပြန်၍လျှောက်၏။- ယေရှုကလည်း၊ သင်သည်ငါ့ကိုမြင်သောကြောင့် ယုံခြင်းရှိ၏။ ငါ့ကိုမမြင်ဘဲယုံသောသူတို့သည် မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၂၀:၂၇-၂၉)

ယေရှုသည် ကျွန်တော်တို့၏အပြစ်အတွက် ပြစ်ဒဏ်ကို ခံယူနိုင်ဖို့အတွက် လူ့ဇာတိခံယူခဲ့သည်။ သူသည် ဘုရားသခင်ရော လူသားရော ဖြစ်ပြီး ကျွန်ုပ်တို့အတွက် ကြားဝင်ဖြန်ဖြေပေးသူ ဖြစ်သည်။

- ထိုကြောင့်၊ ခရစ်တော်သည် လူတို့၏ အပြစ်ဖြေစရာအကြောင်းကို စီရင်၍၊ ဘုရားသခင်နှင့် စပ်ဆိုင်သောအရာတို့၌ ကရုဏာနှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ပြည့်စုံသော ယဇ်ပုရောဟိတ်အကြီး ဖြစ်အံ့သောငှာ၊ မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရသော အကြောင်းရှိ၏။ (ဟေဗြဲဩဝါဒစာ ၂:၁၇)

- ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏။- ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှာ ကိုယ်ကိုကိုယ် စွန့်တော်မူပြီ။ ကာလအချိန်တန်မှ သက်သေခံခြင်းရှိ၏။ (တိမောသေဩဝါဒစာပထမစောင် ၂:၅-၆)

ကိုယ်တော်နှင့်အတူ နေနိုင်ဖို့ ကျွန်ုပ်တို့၏ အပြစ်ကို မေတ္တာဖြင့် ယူဆောင်သွားသော ကျွန်ုပ်တို့၏ ဖြောင့်မတ်သော ဘုရားသခင် ယေရှုသည် တစ်ပါးတည်းသော ကယ်တင်ရှင် ဖြစ်ပြီး ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောလမ်း ဖြစ်သည်။

- ငါ့ရှေ့မှာ ဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှ မဖြစ်၊ ငါ့နောက်မှာလည်း၊ အဘယ်ဘုရားသခင်မျှ မရှိရာ။ ငါတစ်ပါးသည် ထာဝရဘုရားဖြစ်၍၊ ငါမှတစ်ပါး ကယ်တင်သောသခင်မရှိ။ (ဟေရှာယအနာဂတ္တိကျမ်း ၄၃:၁၀-၁၁)
- ငါမှတစ်ပါး အခြားသော ဘုရားသခင်မရှိ။ ငါသည် ဖြောင့်မတ်သောဘုရား၊ ကယ်တင်သောဘုရား ဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရားမရှိ။ (ဟေရှာယအနာဂတ္တိကျမ်း ၄၅:၂၁)
- ထာဝရဘုရားအားဖြင့်သာ ဖြောင့်မတ်ခြင်းနှင့် အစွမ်းသတ္တိကို ရပါသည်ဟု လူတိုင်းလျှောက်ရမည်။ ကိုယ်တော်ကို မနာလိုသော သူအပေါင်းတို့သည် အထံတော်သို့လာ၍၊ ရှက်ကြောက်ခြင်းသို့ ရောက်ရကြလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း ၄၅:၂၄)
- သင်တို့သည် ယေရှုခရစ်၏ နာမတော်အားဖြင့် ဤသူသည် သင်တို့မျက်မှောက်၌ ကျန်းမာလျက်ရှိသည်ကို သင်တို့မှစ၍ ဣသရေလလူအပေါင်းတို့ သိမှတ်ကြလော့။- ထိုသခင်၏ နာမတော်မှတစ်ပါး ငါတို့ကို ကယ်တင်နိုင်

သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ။ (တမန်တော်ဝတ္ထု ၄:၁၀, ၁၂)

- ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက် ရှိသတည်း။ (ရှင်ယောဟန်ခရစ်ဝင် ၂၀:၃၁)

ကိုယ်တော်သည် တစ်ပါးတည်းသော ကယ်တင်ရှင် ဖြစ်ကြောင်းနှင့် ကယ်တင်ခြင်းအတွက် တစ်ခုတည်းသော လမ်း ဖြစ်ကြောင်း ပြောခြင်းဖြင့် မှားယွင်းသော နည်းလမ်းများကို ရှောင်ရှားရန် ကျွန်ုပ်တို့ကို ကြင်နာစွာဖြင့် ကူညီပေးသည်။

- ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။ (ရှင်ယောဟန်ခရစ်ဝင် ၁၄:၆)
- ထိုကြောင့် တစ်ဖန်ယေရှုက၊ ငါသည် တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည် ဘေးနှင့် ကင်းလွတ်လျက်၊ (ရှင်ယောဟန်ခရစ်ဝင် ၁၀:၇, ၉)
- တစ်ဖန်တုံယေရှုက၊ ငါသည် ဤလောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ။ အသက်၏အလင်းကိုရလိမ့်မည်ဟု မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၈:၁၂)

ထိုကြောင့်သင်တို့သည် ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟု ငါဆို၏။ ငါသည် ဤမည်သောသူဖြစ်သည်ကို သင်တို့သည်မယုံလျှင်၊ ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟု မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၈:၂၄)

ဘုရားသခင့်အမိန့်တော်အတိုင်း ကြေးဝါမြွေတစ်ကောင် လုပ်ထားသည်။ ယင်းသည် လက်ဝါးကပ်တိုင်ပေါ်တွင် ကျွန်ုပ်တို့၏ အပြစ်များကို ယူဆောင်သွားမည့် ယေရှု၏ ပုံဆောင်ချက် ဖြစ်သည်။

- မောရှေသည် ကြေးဝါဖြင့်မြွေကိုလုပ်၍ တိုင်ပေါ်မှာမြှောက်ထားပြီးလျှင်၊ မြွေကိုက်သောသူမည်သည်ကား၊ ကြေးဝါမြွေကိုကြည့်ရှုသောအခါ အသက်ချမ်းသာရကြ၏။ (တောလည်ရာကျမ်း ၂၁:၉)
- တစ်ဖန်ယေရှုက၊ မောရှေသည် တော၌ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။- အကြောင်းမူကား၊ ထိုသားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရမည်အကြောင်းတည်း။- (ရှင်ယောဟန်ခရစ်ဝင် ၃:၁၀, ၁၄-၁၅)
- သားတော်ကို ကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကို ရစေခြင်းငှာလည်းကောင်း အလိုတော်ရှိ၏။ ငါသည်လည်း နောက်ဆုံးသောနေ့၌ ထိုသူတို့ကို ထမြောက်စေမည်ဟု မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၆:၄၀)
- မြေကြီးစွန်းသား အပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍၊ ကယ်တင်ခြင်းကျေးဇူးကို ခံကြလော့။ ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရား မရှိ။ (ဟေရှာယအနာဂတ္တိကျမ်း ၄၅:၂၂)
- ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက် ရှိကြ၏။ (ရှင်ပေတရုဩဝါဒစာပထမစောင် ၂:၂၄)

# ၈။ ယေရှုသည် ကျွန်ုပ်တို့အတွက် အလုံးစုံ လုပ်ပေးခဲ့သည်။

ယေရှုသည် ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းလုပ်ငန်းတစ်ခုလုံးကို လုပ်ဆောင်ခဲ့ပြီး ယင်းကို ထပ်ဖြည့်စွက်ရန်  ကျွန်ုပ်တို့ ဘာမျှမလုပ်ဆောင်နိုင်ပါ။

- ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်၍၊ တန်ခိုးနှင့် ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူဖြစ်လျက်၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုတ်သင်ပယ်ရှင်းပြီးလျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ယာဘက်၌ ထိုင်တော်မူ၏။ (ဟေဗြဲသြဝါဒစာ ၁:၃)
- ကိုယ်ကို ပူဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှင်းခြင်းငှာ ပေါ်ထွန်းတော်မူ၏။ (ဟေဗြဲသြဝါဒစာ ၉:၂၆)
- ဘုရားသခင်ပြုတော်မူသမျှသောအမှုသည် နိစ္စထာဝရ ဖြစ်သည်ကို ငါသိ၏။ ထပ်၍ မပြုနိုင်ရာ။ နုတ်၍ မယူနိုင်ရာ။ လူတို့သည် ရှေ့တော်၌ ကြောက်ရွံ့မည်အကြောင်း၊ ဘုရားသခင်ပြုတော်မူ၏။ (ဒေသနာကျမ်း ၃:၁၄)
- ထိုအခါ ငါစီရင်ပြုပြင်သမျှ၊ ငါကြိုးစားအားထုတ်သမျှတို့ကို ငါကြည့်ရှု၍၊ အလုံးစုံတို့သည် အနတ္တအမှု၊ လေကိုကျက်စားသောအမှုဖြစ်ကြ၏။ နေအောက်မှာကောင်းသောအကျိုး တစ်စုံတစ်ခုမျှ မရှိ။ (ဒေသနာကျမ်း ၂:၁၁)
- အကျွန်ုပ်ကို ခေါ်တော်မူပါ။ အကျွန်ုပ်ပြန်လျှောက်ပါမည်။ ကိုယ်တိုင် ဖန်ဆင်းတော်မူသောအရာကို သနားခြင်းစိတ် ရှိတော်မူပါ။ (ယောဘဝတ္ထု ၁၄:၁၅)

- ငါမူကား၊ ဘုရားသခင်၏ကရုဏာတော်၌ ကာလအစဉ်အမြဲ ကိုးစားမည်။ ကိုယ်တော် စီရင်တော်မူသောကြောင့်၊ အကျွန်ုပ်သည် ကိုယ်တော်ကို ကာလအစဉ်အမြဲ ချီးမွမ်းပါမည်။ (ဆာလံကျမ်း ၅၂:၈-၉)
- ဒုက္ခနှင့်ကင်းလွတ်စေခြင်းငှာ မစတော်မူပါ။ လူတို့သည် ကယ်တင်ခြင်းငှာ မတတ်နိုင်ကြပါ။ ဘုရားသခင်အားဖြင့် ငါတို့သည် ရဲရင့်စွာပြုကြမည်။ (ဆာလံကျမ်း ၁၀၈:၁၂-၁၃)
- အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်ကို မစတော်မူပါ။ ကရုဏာတော်ရှိသည်အတိုင်း ကယ်တင်တော်မူပါ။ ထိုအမှုသည် တန်ခိုးတော်ကြောင့်ဖြစ်၍၊ ထာဝရဘုရားတည်းဟူသော ကိုယ်တော်စီရင်တော်မူသည်ဟု ထိုသူတို့သည် သိကြပါစေသော။ (ဆာလံကျမ်း ၁၀၉:၂၆-၂၇)
- အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင် ဖြစ်တော်မူ၏။ ကိုယ်တော်ကို မြှောက်စားပါမည်။ နာမတော်ကို ချီးမွမ်းပါမည်။ အံ့ဖွယ်သော အမှုတို့ကို ပြုတော်မူပြီ။ (ဟေရှာယအနာဂတ္တိကျမ်း ၂၅:၁)
- အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏အပြစ်ကို ဖြေသောသူကို ယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏။ ထိုအတူ၊ ဘုရားသခင်သည် အကျင့်ကို မထောက်ဘဲလျက် ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ရသောသူ၏မင်္ဂလာကို ဒါဝိဒ်သည်ရည်မှတ်၍ ဆိုသည်ကား၊- (ရောမသြဝါဒစာ ၄:၅-၆)

ယေရှု၏ လုပ်ဆောင်ပေးမှုကသာလျှင် အတိတ်၊ ပစ္စုပန်၊ အနာဂတ်ရှိ အပြစ်အားလုံးမှ ကျွန်ုပ်တို့ကို ကယ်နှုတ်ရန် လုံလောက်သည်။

- အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်တို့အား ငြိမ်သက်ခြင်းကို ပေးတော်မူလိမ့်မည်။ အကြောင်းမူကား၊ အကျွန်ုပ်တို့၏ အမှုရှိသမျှတို့ကို အကျွန်ုပ်တို့အဖို့ ပြုတော်မူ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၂၆:၁၂)

- ငါသည် အမြင့်ဆုံးသော ဘုရားသခင်၊ ငါ့အမှုကို ပြီးစီးစေတော်မူသော ဘုရားသခင်ကိုအော်ဟစ်မည်။ (ဆာလံကျမ်း ၅၇:၂)
- ဘုရားသခင်စီရင်တော်မူသောအမှုသည် စုံလင်၏။ ထာဝရဘုရား၏သစ္စာတော်သည် အစစ်ခံ၍တည်၏။ ခိုလှုံသောသူအပေါင်းတို့၏ အကွယ်အကာဖြစ်တော်မူ၏။ ထာဝရဘုရားမှတစ်ပါး အဘယ်ဘုရားသခင် ရှိသနည်း။ ငါတို့ ဘုရားသခင်မှတစ်ပါး အဘယ်မည်သောကျောက် ရှိသနည်း။ ထိုဘုရားသခင်သည် ငါ၏ခွန်အား၊ ငါ၏တန်ခိုးဖြစ်၍ ငါသွားရာလမ်းကို ဖြောင့်စေတော်မူ၏။ (ဓမ္မရာဇဝင်ဒုတိယစောင် ၂၂:၃၁-၃၃)
- ထိုသခင်မူကား၊ အပြစ်ကိုဖြေခြင်းငှာ ယဇ်တစ်ခုတည်းကို ပူဇော်ပြီးမှစ၍၊ ဘုရားသခင်၏ လက်ယာတော်ဘက်၌ အစဉ်အမြဲထိုင်၍၊ အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းငှာ၊ တစ်ခါတည်းပူဇော်ခြင်းအားဖြင့် ပြုတော်မူ၏။ (ဟေဗြဲသြဝါဒစာ ၁၀:၁၂, ၁၄)
- ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက်၊ ကာလအစဉ် အသက်ရှင်သောကြောင့်၊ သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။ (ဟေဗြဲသြဝါဒစာ ၇:၂၅)
- ငါတို့သည် ခရစ်တော်အားဖြင့် ဘုရားသခင့် ရှေ့တော်၌ ထိုသို့သော ယုံမှတ်စွဲလမ်းခြင်းရှိ၏။ သို့ရာတွင် ငါတို့သည် ကိုယ်တန်ခိုးကို အမှီပြု၍၊ ကိုယ်အလိုအလျောက် တစ်စုံတစ်ခုကိုကြံစည်ခြင်းငှာ တတ်နိုင်သည်မဟုတ်။ ဘုရားသခင်ကို အမှီပြု၍သာ တတ်နိုင်သည်နှင့်အညီ၊ (ကောရိန္ထုသြဝါဒစာဒုတိယစောင် ၃:၄-၅)
- ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏။ (ကောလောသဲသြဝါဒစာ ၂:၁၀)
- ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ (ရှင်ယောဟန်ခရစ်ဝင် ၆:၄၇)

ကိုယ်တော်၏အမှုတော်နှင့် ကိုယ်တော်၏ကောင်းမြတ်ခြင်း (ဖြောင့်မတ်ခြင်း) ကြောင့် ကယ်တင်ခြင်းကို အပြည့်အဝနှင့် အခမဲ့ ထောက်ပံ့ပေးခဲ့သည်။

- ကျေးဇူးတော် ဝန်ခံရာယဇ်ကိုပူဇော်၍၊ ရွှင်လန်းသောအသံနှင့်တကွ အမှုတော်တို့ကို ကြားပြောကြစေ။ (ဆာလံကျမ်း ၁၀၇:၂၂)
- အမှုတော်ရှိသမျှတို့ကို ကြားပြောခြင်းအလိုငှာ၊ အရှင်ထာဝရဘုရား၌ ခိုလှုံလျက်နေပါ၏။ (ဆာလံကျမ်း ၇၃:၂၈)
- ဘုရားသခင် စီရင်တော်မူသောအမှုတော်ကို လာ၍ ကြည့်ကြလော့။ လူသားတို့တွင် စီရင်တော်မူသော အမှုတို့သည် အံ့ဩဖွယ်ဖြစ်ကြ၏။။ (ဆာလံကျမ်း ၆၆:၅)
- အို ထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကို ဝမ်းမြောက်စေတော်မူသည်ဖြစ်၍၊ လက်တော်နှင့် ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာ သီချင်းဆိုပါမည်။ (ဆာလံကျမ်း ၉၂:၄)
- လူများတို့သည် မိမိတို့ပြုသောကျေးဇူးကို ကြားပြောတတ်၏။ သစ္စာရှိသောသူကိုကား၊ အဘယ်သူရှာ၍ တွေ့နိုင်သနည်း။ (သုတ္တံကျမ်း ၂၀:၆)
- ကိုယ်တော်ကို အကျွန်ုပ်ခိုလှုံပါ၏။ ကိုယ်တော်သည် အကျွန်ုပ်၏သခင်ဖြစ်တော်မူသည်။ ကျေးဇူးတော်မှတစ်ပါး အခြားသောမင်္ဂလာသည် အကျွန်ုပ်၌ မရှိပါ။ (ဆာလံကျမ်း ၁၆:၁-၂)
- ထိုနေ့၌ သူတို့၏ဘုရားသခင် ထာဝရဘုရားသည် မိမိလူတို့ကို သိုးစုကဲ့သို့ ကယ်တင်တော်မူလိမ့်မည်။ .... ကျေးဇူးတော်သည် အလွန်ကြီးစွတကား။ ဂုဏ်အသရေတော်လည်း အလွန်ကြီးစွတကား။ (ဇာခရိအနာဂတ္တိကျမ်း ၉:၁၆-၁၇)
- ကိုယ်တော်ကို ကြောက်ရွံ့သောသူတို့အဖို့ သိုထားတော်မူ၍၊ လူသားတို့ရှေ့မှာ ကိုယ်တော်ကို ခိုလှုံသော သူတို့အဖို့ ပြုပြင်တော်မူသော ဆုကျေးဇူးတော်သည် အလွန်ကြီးလှပါ၏။ (ဆာလံကျမ်း ၃၁:၁၉)

- ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ (ဆာလံကျမ်း ၁၃၆:၁)
- ငါ၏လူတို့သည်လည်း ငါ့ကျေးဇူးနှင့် ဝပြောကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ (ယေရမိအနာဂတ္တိကျမ်း ၃၁:၁၄)
- ယေရှုက၊ သင်သည် ကိုယ်အိမ်သို့ပြန်သွားလော့။ ဘုရားသခင်သည် သင်၌ အဘယ်မျှလောက် ကျေးဇူးပြုတော်မူသည်ကို ကြားပြောလော့။ (ရှင်လုကာခရစ်ဝင် ၈:၃၈-၃၉)

ကျွန်ုပ်တို့သည် ကိုယ်တိုင် ဖြောင့်မတ်ခြင်း မရနိုင်သော်လည်း ဘုရားသခင်၏ ဖြောင့်မတ်ခြင်း၌ အပ်နှံလျှင် ဖြောင့်မတ်ခြင်း ရှိနိုင်ပါသည်။

- ခရစ်တော်သည် ငါတို့ကို ဘုရားသခင့် အထံတော်သို့ ပို့ဆောင်ခြင်းငှာ၊ ဖြောင့်မတ်တော်မူသောသူသည်၊ မဖြောင့်မတ်သော သူတို့အတွက်၊ ဒုစရိုက်အပြစ်များကြောင့် တစ်ခါခံတော်မူ၏။ (ရှင်ပေတရုဩဝါဒစာပထမစောင် ၃:၁၈)
- ထိုသူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မသိဘဲ၊ ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေခြင်းငှာ ရှာကြံသောကြောင့်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို ဝန်မခံကြ။- ယုံကြည်သောသူအပေါင်းတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း၊ ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏။ (ရောမဩဝါဒစာ ၁၀:၃-၄)
- ဘုရားသခင် ၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့။ (ရှင်မဿဲခရစ်ဝင် ၆:၃၃)
- ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဉာဏ်ကောင်းသော ရှင်ဘုရင်တစ်ဦးသည် စိုးစံ၍၊ မြေကြီးပေါ်မှာ တရားသဖြင့် ဖြောင့်မတ်စွာ စီရင်ရာကာလ

သည် ရောက်လိမ့်မည်။ ထိုမင်းသည် ယေဟောဝါဇေဒကနု ဟူသော ဘွဲ့နာမ ရှိလိမ့်သတည်း။ (ယေရမိအနာဂတ္တိကျမ်း ၂၃:၅-၆)

- ထာဝရဘုရားသည် ငါတို့ဖြောင့်မတ်ကြောင်းကို ဖော်ပြတော်မူပြီ။ လာကြလော့။ ငါတို့ဘုရားသခင် ထာဝရဘုရားအမှုတော်ကို ဇိအုန်မြို့၌ ကြားပြောကြကုန်အံ့။ (ယေရမိအနာဂတ္တိကျမ်း ၅၁:၁၀)
- ဖြောင့်မတ်တော်မူခြင်းနှင့် ကယ်တင်တော်မူခြင်းကျေးဇူးကို အကျွန်ုပ်သည် နေ့တိုင်းအစဉ် ညွှန်ကြားပါမည်။ ......အရှင်ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်များကိုအမှီပြု၍ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းတရားကိုသာ ပြသပါမည်။ (ဆာလံကျမ်း ၇၁:၁၅-၁၆)

ကယ်တင်ခြင်းသည် ဘုရားသခင့် ကျေးဇူးတော်နှင့် ကရုဏာတော်တို့မှ အခမဲ့ လက်ဆောင်တစ်ခု ဖြစ်သည်။

- ကျေးဇူးတော်၏ ကြွယ်ဝခြင်းကိုလည်းကောင်း၊ ဖြောင့်မတ်ရာသို့ သွင်းပေးတော်မူခြင်းကိုလည်းကောင်း ခံရသောသူတို့သည် တစ်ယောက်သောသူတည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍စိုးစံရကြလတ္တံ့။ (ရောမသြဝါဒစာ ၅:၁၇)
- ပြော၍မကုန်နိုင်သော ဘုရားသခင်၏ ဆုကျေးဇူးတော်ကို အောက်မေ့၍ ချီးမွမ်းခြင်းရှိစေသတည်း။ (ကောရိန္သုသြဝါဒစာဒုတိယစောင် ၉:၁၅)
- ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။- ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။ (ဧဖက်သြဝါဒစာ ၂:၈-၉)

- ထာဝရဘုရားသည်၊ ယနေ့ပြတော်မူသော ကယ်တင်ခြင်းကိုကြည့်ရှုကြလော့။ သင်တို့ဘက်၌ ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်။ သင်တို့သည် ငြိမ်ဝပ်စွာနေရကြမည်။ (ထွက်မြောက်ရာကျမ်း ၁၄:၁၃-၁၄)
- အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။ (ဧဖက်သြဝါဒစာ ၁:၇-၈)
- ကျေးဇူးတော်အားဖြင့်ရှိလျှင်၊ ကိုယ်ကျင့်သောအကျင့်အားဖြင့် မရှိ၊ ရှိလျှင် ကျေးဇူးသည် ကျေးဇူးမဟုတ်။ ကိုယ်ကျင့်သောအကျင့်အားဖြင့် ရှိလျှင်၊ ကျေးဇူးအားဖြင့် မရှိ၊ ရှိလျှင် ကိုယ်ကျင့်သောအကျင့်သည် အကျင့်မဟုတ်။ (ရောမသြဝါဒစာ ၁၁:၆)
- ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ငါတို့ကို ကယ်တင်တော်မူ၏။ (တိတုသြဝါဒစာ ၃:၅)

ယေရှုဘေးရှိ လက်ဝါးကပ်တိုင်မှ အပြစ်သားတစ်ဦးက အစောပိုင်းက သူ့ကို စော်ကားခဲ့သော်လည်း ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် မသေခင်လေးမှာ စိတ်ပြောင်းသွားပြီး ယေရှုက ပရဒိသုမှာရှိမယ်လို့ ပြောပြီး ကယ်တင်ခံရသည်ကို ဖော်ပြခဲ့သည်။

- ထိုအခါ ကိုယ်တော်နှင့်တကွ ဓားပြနှစ်ယောက်တို့ကို လက်ယာတော်ဘက်၌ တစ်ယောက်၊ လက်ဝဲတော်ဘက်၌ တစ်ယောက်၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။ ထိုနည်းတူ ကိုယ်တော်နှင့်တကွ လက်ဝါးကပ်တိုင်မှာ ရိုက်ထားသောဓားပြတို့သည်လည်း ကဲ့ရဲ့အပြစ်တင်ကြ၏။ ((ရှင်မဿဲခရစ်ဝင် ၂၇:၃၈, ၄၄)

- ဆွဲထားသော လူဆိုးနှစ်ယောက်တွင် တစ်ယောက်က၊ သင်သည် ခရစ်တော်မှန်လျှင် ကိုယ်ကိုလည်းကောင်း၊ ငါတို့ကိုလည်းကောင်း၊ ကယ်တင်လော့ဟု ကိုယ်တော်ကို ကဲ့ရဲ့၍ ဆိုလေ၏။- တစ်ယောက်မူကား၊ မိမိအဖော်ကိုဆုံးမ၍၊ သင်သည် ဤသူနည်းတူ အပြစ်ဒဏ်ခံလျက်ပင် ဘုရားသခင်ကို မကြောက်သလော။- ငါတို့သည် ကိုယ်ပြုမိသောအပြစ်နှင့်အလျောက် ခံရသည်ဖြစ်၍ တရားသဖြင့် ခံရကြ၏။ ဤသူမူကား အဘယ်အပြစ်ကိုမျှ မပြုဟုဆိုပြီးလျှင်၊- သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက် ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူပါဟု ယေရှုကို လျှောက်ဆို၏။- ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ရှိလိမ့်မည်ဟု မိန့်တော်မူ၏။ (ရှင်လုကာခရစ်ဝင် ၂၃:၃၉-၄၃)

လက်ဝါးကပ်တိုင်မှာ ယေရှုပြောခဲ့သည့်အတိုင်း ကိုယ်တော်ရဲ့မေတ္တာအရ ကျွန်တော်တို့အတွက် ရွေးနုတ်ခြင်းအမှုကို အပြည့်အဝ လုပ်ဆောင်ပြီးစီးခဲ့သည်ကို ယေရှု ဖော်ပြခဲ့သည်။

- ယေရှုသည် အမှုပြီးပြီဟု မိန့်တော်မူလျက်၊ ခေါင်းတော်ကို ငိုက်စိုက်ညွတ်၍ အသက်တော်ကို စွန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၁၉:၃၀)
- ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှ ရွေးနုတ်တော်မူပြီ။ (ဂလာတိသြဝါဒစာ ၃:၁၃)
- အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်အသက်နှင့် ဆိုင်သောအမှုကို စောင့်၍ ရွေးနုတ်တော်မူပြီ။ (ယေရမိမြည်တမ်းစကား ၃:၅၈)

ယေရှု ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်သည် အပြစ်မရှိသောအသက်တာဖြင့် အသက်ရှင်ခဲ့ပြီး ကျွန်ုပ် တို့၏အပြစ်အတွက် စီရင် ခြင်းခံရသူအဖြစ် လက်ခံခဲ့ကြောင်း ဖော်ပြသည်။

- ထိုသခင်ယေရှုသည် ငါတို့အပြစ်ကြောင့် အပ်နှံခြင်းကို ခံတော်မူ၏။ ငါတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း ထမြောက်တော်မူ၏။ (ရောမသြဝါဒစာ ၄:၂၅)
- ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်း အကျိုးမရှိ၊ ဒုစရိုက်အပြစ်အောက်၌ ရှိကြသေး၏။- ယခုမူကား၊ ခရစ်တော်သည် သေခြင်းမှ ထမြောက်တော်မူ၍၊ (ကောရိန္သုသြဝါဒစာပထမစောင် ၁၅:၁၇, ၂၀)
- ယေရှုခရစ်ကို သေခြင်းမှ ထမြောက်စေတော်မူသောအားဖြင့်၊ ကြီးစွာသော ကရုဏာတော်နှင့်အညီ ငါတို့ကို တစ်ဖန် ဖြစ်ဖွားစေတော်မူသော၊ ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ (ရှင်ပေတရုသြဝါဒစာပထမစောင် ၁:၃)
- ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ (ရှင်ယောဟန်ခရစ်ဝင် ၁၁:၂၅)

## ၉။ ယေရှုကို ယုံကြည်ခြင်း၏ ရိုးရှင်းမှု

ကျွန်ုပ်တို့၏လုပ်ဆောင်မှုအတိုင်းအတာကြောင့် မဟုတ်ဘဲ ယေရှုကို ရိုးရှင်းစွာ ယုံကြည်ကိုးစားခြင်းရုံမျှသာ ဖြစ်သောကြောင့် ဘုရားသခင်၏ကယ်တင်ခြင်းကို သတင်းကောင်းဟု ခေါ်သည်။

- မြေသည် မိမိပရိယာယ်အားဖြင့် ဧဝကိုလှည့်စားသကဲ့သို့ သင်တို့သည် စိတ်ဆွေးမြေ့ယိုယွင်း၍၊ ခရစ်တော်ကို အကြွင်းမဲ့ချစ်သောစိတ် ပျောက်မည်ဟု စိုးရိမ်ခြင်းရှိ၏။ (ကောရိန္သုဩဝါဒစာဒုတိယစောင် ၁၁:၃)
- ထိုသူတို့ကလည်း ဘုရားသခင်၏ အလိုတော်နှင့်ညီသော အကျင့်ကိုကျင့်ခြင်းငှာ အဘယ်သို့ ပြုရပါမည်နည်းဟု မေးလျှောက်ကြ၏။- ယေရှုက လည်း၊ ဘုရားသခင် စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့် ညီသောအကျင့်တည်းဟု မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၆:၂၈-၂၉)
- ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရကြလတ္တံ့။ (တမန်တော်ဝတ္ထု ၁၀:၄၃)
- ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနုကို လိုက်၍၊ လောကီပညာနှင့် အချည်းနှီးသော ပရိယာယ် အားဖြင့် သင်တို့ကို အဘယ်သူမျှ မလုယူမဖျက်ဆီး စေခြင်းငှာ သတိပြုကြ လော့။ (ကောလောသဲဩဝါဒစာ ၂:၈)
- ပညတ်တရား၏ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော် ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှာ၊ ငါတို့ပင် ယေရှု ခရစ်ကို ယုံကြည်ကြပြီ။ အကြောင်းမူကား၊ ပညတ်တရား၏ အကျင့်အား ဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ။ (ဂလာတိဩဝါဒစာ ၂:၁၆)
- မြေကြီးသားအပေါင်းတို့၊ ထာဝရဘုရားအား သီချင်းဆိုကြလော့။ ကယ်တင်တော်မူခြင်းတရားကို တစ်နေ့ထက်တစ်နေ့ ညွှန်ကြားကြလော့။ (ရာဇဝင်ချုပ်ပထမစောင် ၁၆:၂၃)

အချို့သူတို့သည် ကယ်တင်ခံရရန် သို့မဟုတ် ကယ်တင်ခြင်းဆက်ရှိရန် လုပ်ဆောင်ရမည့်အရာများကို ထပ်ဖြည့်စွက်ခြင်းဖြင့် သတင်းကောင်း၏ရိုးရှင်းမှုကို နှောင့်ယှက်ရန် ကြိုးစားကြသည်။

- ဘုရားသခင်၏စကားတော်ရှိသမျှသည် စင်ကြယ်၏။ ခိုလှုံသောသူအပေါင်း တို့၌ ဘုရားသခင်သည် အကွယ်အကာ ဖြစ်တော်မူ၏။ စကားတော်၌ ထပ်၍မသွင်းနှင့်။ သို့ပြုလျှင် အပြစ်တင်တော်မူ၍၊ သင်သည် မုသားသုံး သောသူ ဖြစ်လိမ့်မည်။ (သုတ္တံကျမ်း ၃၀:၅-၆)
- သင်သည် သစ္စာပျက်သည် တိုင်အောင်လည်းကောင်း၊ ငါ့ကိုမေ့လျော့၍ သ တိမပြုဘဲနေသည် တိုင်အောင်လည်းကောင်း၊ အဘယ်သူကို ကြောက်ရွံ့သ နည်း။ ငါသည် ရှေးကာလမှစ၍ တိတ်ဆိတ်စွာနေသောကြောင့်၊ သင်သည် ငါ့ကိုမကြောက်ဘဲ နေသည်မဟုတ်လော။ သင်၏ကုသိုလ်နှင့်၊ သင်ပြုသော အမှုတို့ကို ငါဖော်ပြမည်။ထိုသို့သောအမှုသည် အကျိုးကို မပေးနိုင်။ သင်သည် အော်ဟစ်သောအခါ၊ သင်၏အလုံးအရင်းတို့သည် ကယ်နုတ်ကြစေ။ လေသည် သူတို့ကို တိုက်သွားလိမ့်မည်။ လေတစ်မှုတ်နှင့် လွင့်ကြလိမ့်မည်။ ငါ့ကို ကိုးစားသောသူမူကား၊ ပြည်တော်ကို ပိုင်၍၊ ငါ၏သန့်ရှင်းသောတောင်ကို အမွေခံရလိမ့်မည်။ (ဟေ ရှာယအနာဂတ္တိကျမ်း ၅၇:၁၁-၁၃)
- ထိုကြောင့်၊ ဖွဲကို လေပြင်းတိုက်လွင့်သကဲ့သို့၊ ထိုသူတို့ကို ငါလွင့်စေမည်။ သင်သည် ငါ့ကိုမေ့လျော့၍၊ မုသား၌မှီဝဲဆည်းကပ်သောကြောင့်၊ သင့်အဖို့ ငါတိုင်းထွာ၍ ပေးလတ္တံ့သော အငန်းအတာကား ဤသို့တည်း။ ထိုသို့နှင့်အ ညီ သင်ရှက်စရာအကြောင်းကို ထင်ရှားစေခြင်းငှာ၊ သင်၏အဝတ်ကို ငါဖွင့် လှစ်၍ ပြမည်။ (ယေရမိအနာဂတ္တိကျမ်း ၁၃:၂၄-၂၆)
- ခရစ်တော်၏ ကျေးဇူးအားဖြင့် သင်တို့ကို ခေါ်တော်မူသောသူနှင့် ဤမျှ လောက်မြန်မြန်ခွာ၍ သင်တို့သည် အခြားသော ဧဝံဂေလိတရားကို ခံယူကြ သောကြောင့် ငါသည်အံ့ဩခြင်းရှိ၏။- ထိုဧဝံဂေလိတရားသည် ဧဝံဂေလိ

တရားမဟုတ်။ သင်တို့ကို နှောင့်ယှက်၍ ခရစ်တော်၏ ဧဝံဂေလိတရားကို မှောက်လှန်ချင်သောသူ အချို့ရှိကြ၏။- သို့သော်လည်း၊ သင်တို့အားငါ ဟောပြောသော ဧဝံဂေလိတရားမှတစ်ပါး အခြားသောဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်လည်းကောင်း၊ ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန် ဟောပြောသော်လည်းကောင်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။ (ဂလာတိဩဝါဒစာ ၁:၆-၈)

ရုပ်တုကိုးကွယ်မှု၏အပြစ်တွင် ဘုရားသခင့်(ဖန်ဆင်းရှင်)အစား ကျွန်ုပ်တို့၏လုပ်ဆောင်မှုများကို တန်ဖိုးထားခြင်းဖြင့် ကိုယ့်ကိုယ်ကို (ဖန်ဆင်းခံ) အား ကိုးကွယ်ခြင်းလည်း ပါဝင်သည်။

- သူတို့ပြည်သည် ရုပ်တုဆင်းတုနှင့် ကြွယ်ဝ၍၊ မိမိလက်နှင့်လုပ်သောအရာ၊ မိမိလက်ချောင်းတို့နှင့် ဖန်ဆင်းသောအရာကိုပင် သူတို့သည် ဦးချကြသည် တကား။ (ဟေရှာယအနာဂတ္တိကျမ်း ၂:၈)
- ပြည်သူပြည်သားတို့သည် ငါ့ကိုစွန့်သောအပြစ်၊ အခြားသောဘုရားတို့အား နံ့သာပေါင်းကိုမီးရှို့သောအပြစ်၊ မိမိတို့လက်ဖြင့် လုပ်သောအရာကို ကိုးကွယ်သောအပြစ် ရှိသမျှတို့ကြောင့်၊ သူတို့ကိုငါစစ်ကြော၍၊ အပြစ်နှင့်အလျောက် စီရင်မည်။ (ယေရမိအနာဂတ္တိကျမ်း ၁:၁၆)
- သူတို့သည် မှန်သောဘုရားသခင့်အရာ၌ အမှားကိုထားလျက်၊ ဖန်ဆင်းတတ်သော သခင်ကိုပယ်၍ ဖန်ဆင်းအပ်သောအရာကို ဝတ်ပြုကိုးကွယ်သောသူ ဖြစ်ကြ၏။ ထိုသခင်သည် ထာဝရမင်္ဂလာရှိတော်မူ၏။ (ရောမဩဝါဒစာ ၁:၂၅)
- အနတ္တကိုကိုးစား၍ မုသားစကားကို ပြောတတ်ကြ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၅၉:၄)

- မုသားအနတ္တကို မှီဝဲသောသူတို့သည် မိမိတို့ ကရုဏာခံရာအကြောင်းကို စွန့်ပစ်ကြပါ၏။....ထာဝရဘုရား၏ကျေးဇူးတော်ကြောင့် ချမ်းသာရပါသည် ။ (ယောနဝတ္ထု ၂:၈-၉)

ကျွန်ုပ်တို့သည် ထည့်ဝင်နိုင်သည်ဟု ယူဆကာ "ဝါကြွား" သင့်သည်မဟုတ်ဘဲ ကျွန်ုပ်တို့၏အသွေးအသားအတွင်း ယုံကြည်စိတ်ချမှုအလုံးစုံကို ဖြတ်တောက်ခြင်းဖြင့် "အရေဖျားလှီးခြင်း" ဖြစ်သင့်သည်။

- မိမိတို့အသွေးအဆင်း တင့်တယ်စေချင်သော သူရှိသမျှတို့သည် သင်တို့ကို အရေဖျားလှီးခြင်းကို ခံစေခြင်းငှာ အနိုင်အထက် သွေးဆောင်တတ်ကြ၏။... သင်တို့၏ အသွေးအဆင်းကို အမှီပြုလျက်ဝါကြွားလို၍ သင်တို့ကို အရေဖျားလှီးခြင်းကိုခံစေခြင်းငှာ အလိုရှိကြ၏။- ငါဖြစ်လျှင်၊ ငါတို့ သခင်ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိပါစေနှင့်။ အကြောင်းမူကား၊ ယေရှုခရစ်ထံ၌ အရေဖျားလှီးခြင်း အကျိုးမရှိ။ မခံဘဲနေခြင်းလည်း အကျိုးမရှိ။ သတ္တဝါသစ်ဖြစ်ခြင်းသာ အကျိုးရှိ၏။ (ဂလာတိဩဝါဒစာ ၆:၁၂-၁၅)
- လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါ ဖြစ်၏။ (ကောရိန္သုဩဝါဒစာဒုတိယစောင် ၅:၁၇)
- ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကို ကိုးကွယ်၍၊ ဇာတိ၌ကိုးစားခြင်းမရှိဘဲ၊ ယေရှုခရစ်၌သာ ဝါကြွားဝမ်းမြောက်သောသူဖြစ်၍၊ မှန်သော အရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏။ (ဖိလိပ္ပိဩဝါဒစာ ၃:၃)
- သို့ဖြစ်၍ သင်၏နှလုံးအရေဖျားကို လှီးဖြတ်လော့။ နောက်တစ်ဖန် ခိုင်မာသောလည်ပင်း မရှိစေနှင့်။ (တရားဟောရာကျမ်း ၁၀:၁၆)

မြင်းစီးခြင်းကို အသွေးအသား (ကိုယ့်ကိုယ်ကို)ယုံကြည်စိတ်ချမှုရှိစေသည့် ပုံဆောင်ချက်အဖြစ် ဘုရားသခင် အသုံးပြုပြီး ယင်းသို့ပြုလုပ်ခြင်း၏ အကျိုးဆက်ကို သတိပေးထားသည်။

- စစ်ကူတောင်းအံ့သောငှာ အဲဂုတ္တုပြည်သို့သွား၍၊ မြင်းတို့ကို အမှီပြု လျက်၊... ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားကို မမျှော်လင့်၊ ထာဝရ ဘုရားကို မရှာဘဲနေသောသူတို့သည် အမင်္ဂလာရှိကြ၏။ အဲဂုတ္တုပြည်သား တို့သည် ဘုရားမဖြစ်၊ လူသက်သက် ဖြစ်ကြ၏။ သူတို့မြင်းသည်လည်း ဝိ ညာဉ်မဖြစ်၊ အသားသက်သက် ဖြစ်၏။ (ဟေရှာယအနာဂတ္တိကျမ်း ၃၁:၁, ၃)
- ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်းမတတ်နိုင်။ (ရှင်ယောဟန်ခရစ်ဝင် ၆:၆၃)
- ဤအမှုသည် ဗိုလ်ခြေအားဖြင့် မဟုတ်၊ အာဏာတန်ခိုးအားဖြင့် မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ (ဇာခရိအနာဂတ္တိကျမ်း ၄:၆)
- မြင်းသော်လည်း ဘေးလွတ်ခြင်းအမှုကို မတတ်နိုင်။ ကြီးစွာသော ခွန်အားဗ လဖြင့် မကယ်မယူနိုင်။ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့နှင့် ကရု ဏာတော်ကို ခိုလှုံသောသူတို့သည်၊ သေဘေးနှင့် ကင်းလွတ်မည်အ ကြောင်း၊ အစာခေါင်းပါးသည်ကာလ၌ အသက်ရှင်မည်အကြောင်း၊ သူတို့ ကိုကြည့်ရှုလျက် ရှိတော်မူ၏။ (ဆာလံကျမ်း ၃၃:၁၇-၁၉)
- ဤလူမျိုးတည်းဟူသော ယေရုရှလင်မြို့သားတို့သည် ထာဝရဖောက်ပြန် ခြင်းအားဖြင့် အဘယ်ကြောင့် ဖောက်ပြန်ကြသနည်း။ မုသားကို စွဲလမ်း ကြ၏။ ငါတို့သည် ပြန်၍မလာဟု ခိုင်မာစွာဆိုကြ၏။ ငါ စေ့စေ့နားထောင် သောအခါ၊ သူတို့သည် ဖြောင့်မတ်စွာမပြောကြ။ ငါသည် အဘယ်သို့ ပြုမိ သနည်းဟု ကိုယ်အပြစ်ကို မြင်၍ အဘယ်သူမျှ နောင်တမရ။ စစ်တိုက်ခြင်း

ဌာ မြင်းပြေးသကဲ့သို့ ထိုသူအပေါင်းတို့သည် လမ်းလွဲ၍ တစ်ဟုန်တည်း ပြေးတတ်ကြ၏။ (ယေရမိအနာဂတ္တိကျမ်း ၈:၅-၆)

- မြင်း၏ခွန်အားနှင့် လူ၏လျင်မြန်ခြင်းကို အားရနှစ်သက်တော်မူခြင်းမရှိ။ ကြောက်ရွံ့သောသူနှင့် ကရုဏာတော်ကိုမျှော်လင့်သောသူတို့ကို ထာဝရဘုရား နှစ်သက်တော်မူ၏။ (ဆာလံကျမ်း ၁၄၇:၁၀-၁၁)
- သင်သည် ကိုယ်ပြုသောဒုစရိုက်အပြစ်အားဖြင့် အကျိုးနည်းရှိသောကြောင့် သင်၏ ဘုရားသခင် ထာဝရဘုရားထံတော်သို့ ပြန်လော့။ ပတ္တနာစကားကို ပြင်ဆင်၍ ထာဝရဘုရားထံတော်သို့ ပြန်လျက်၊ အကျွန်ုပ်တို့၌ ရှိသမျှသောအပြစ်တို့ကို ပယ်ရှင်းတော်မူပါ။ ကျေးဇူးပြု၍ လက်ခံတော်မူပါ။ .....အကျွန်ုပ်တို့သည် မြင်းစီးသူရဲမလုပ်ပါ။ ကိုယ်လက်ဖြင့် လုပ်သောအရာတို့အား၊ ကိုယ်တော်တို့သည် အကျွန်ုပ်တို့၏ ဘုရားသခင်ဖြစ်ပါ၏ဟု နောက်တစ်ဖန်မဆိုပါ။ (ဟောရှေအနာဂတ္တိကျမ်း ၁၄:၁-၃)
- ထာဝရဘုရားသည်ဘုန်းပွင့်လျက် အောင်ပွဲခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်အားသီချင်းဆိုပါအံ့။ မြင်းနှင့် မြင်းစီးသူရဲကို ပင်လယ်ထဲသို့လှဲချတော်မူပြီ။ ထာဝရဘုရားသည် ငါ့အစွမ်းသတ္တိ၊ ငါသီချင်းဆိုကြောင်း၊ ငါ့ကိုကယ်တင်သော အရှင်ဖြစ်တော်မူ၏။ ထိုဘုရားသည် ငါကိုးကွယ်သော ဘုရားသခင်ဖြစ်တော်မူ၍၊ ထောမနာပြုပါမည်။ (ထွက်မြောက်ရာကျမ်း ၁၅:၁-၂)
- အချို့သောသူတို့သည် ရထားကိုလည်းကောင်း၊ အချို့တို့သည် မြင်းကိုလည်းကောင်း၊ ချီးမွမ်းတတ်ကြ၏။ ငါတို့မူကား၊ ငါတို့ဘုရားသခင်တည်းဟူသော ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလိမ့်မည်။ (ဆာလံကျမ်း ၂၀:၇)

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းပြီး ချစ်သည့်အတွက် တန်ဖိုးရှိပါသည်၊ သို့သော် ဘုရားသခင်သည် မာနနှင့်

ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချမှုကို မုန်းပါသည်။
ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုသည် ဘုရားသခင်၌ ဖြစ်သင့်သည်။

- မာနထောင်လွှားခြင်း၊ စော်ကားခြင်း၊ မကောင်းသောလမ်းသို့လိုက်ခြင်း၊ ကောက်သောစကားဖြင့် ပြောဆိုခြင်းတို့ကို ငါမုန်း၏။ (သုတ္တံကျမ်း ၈:၁၃)
- လူအတွင်းနှလုံးထဲက မကောင်းသော ကြံစည်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ လူအသက်ကို သတ်ခြင်း၊- သူ့ဥစ္စာကို ခိုးခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ လှည့်စားခြင်း၊ ညစ်ညူးခြင်း၊ ငြူစူခြင်း၊ သူ့အသရေကို ဖျက်ခြင်း၊ ထောင်လွှားစော်ကားခြင်း၊ လျှပ်ပေါ်ခြင်း၊- ဤဆိုးညစ်သော အရာများတို့သည် အတွင်းမှထွက်လာ၍ လူကို ညစ်ညူးစေကြသည်ဟု မိန့်တော်မူ၏။ (ရှင်မာကုခရစ်ဝင် ၇:၂၁-၂၃)
- မိမိမာနသည် မိမိကို နှိမ့်ချလိမ့်မည်။ စိတ်နှိမ့်ချသောသူမူကား၊ ဂုဏ်အသရေကိုရလိမ့်မည်။ (သုတ္တံကျမ်း ၂၉:၂၃)
- မာနသည် ပျက်စီးခြင်းအရင်၊ ထောင်လွှားသောသဘောသည် ရှုတ်ချခြင်းအရင်၌ နေရာကျတတ်၏။ (သုတ္တံကျမ်း ၁၆:၁၈)
- လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း၊ အဆုံး၌ သေခြင်းသို့ ပို့သောလမ်းတစ်မျိုးရှိ၏။ (သုတ္တံကျမ်း ၁၄:၁၂)
- စိတ်မြင့်သောသူသည် သဘောမဖြောင့်။ ဖြောင့်မတ်သောသူမူကား၊ မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ (ဟဗက္ကုတ်အနာဂတ္တိကျမ်း ၂:၄)
- အကျွန်ုပ်တို့ကို ကယ်တင်တော်မူသော ဘုရား၊ အကျွန်ုပ်တို့၏ ပတ္ထနာကို နားထောင်၍ အံ့ဖွယ်သောအမှုတို့ကို တရားတော်နှင့်အညီ ပြုတော်မူ၏။ ကိုယ်တော်သည် ဝေးစွာသောမြေကြီးစွန်းနှင့်၊ ပင်လယ်စွန်းတို့၌ နေသောသူတို့၏ ကိုးစားရာ ဖြစ်တော်မူ၏။ (ဆာလံကျမ်း ၆၅:၅)

ဤအကြောင်းအရာသည် တယောက်သည် သူလုပ်ခဲ့သည့်အရာများသာ ကြည့်ပြီး နောက်တယောက်သည် ဘုရားသခင်၏ကရုဏာကိုသာ

မျှော်ကြည့်သော လူနှစ်ယောက်အကြောင်း ယေရှု သွန်သင်ခဲ့သည့် ပုံဥပမာ ဖြစ်သည်။

- ကိုယ်ကသိုလ်ကို အမှီပြု၍ သူတစ်ပါးကို မထီမဲ့မြင်ပြုတတ်သောသူ အချို့တို့အား မိန့်တော်မူသော ဥပမာကား၊- လူနှစ်ယောက်တို့သည် ဆုတောင်းပတ္ထနာပြုခြင်းငှာ ဗိမာန်တော်ပေါ်သို့ တက်ကြ၏။ တစ်ယောက်ကား ဖာရိရှဲဖြစ်၏။ တစ်ယောက်ကား အခွန်ခံဖြစ်၏။- ဖာရိရှဲသည် တစ်ယောက်တည်းရပ်လျက်၊ အိုဘုရားသခင်၊ သူတစ်ပါးတို့သည် အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း အပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ပင် မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။- အကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဖို့တစ်ဖို့ လှူပါ၏ဟူ၍ ဆုတောင်းပတ္ထနာပြု၏။- အခွန်ခံမူကား၊ အဝေးကရပ်၍ ကောင်းကင်သို့ မမျှော်မကြည့်ဝံ့ဘဲ ရင်ပတ်ကိုခတ်လျက်၊ အို ဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်းကရုဏာစိတ် ရှိတော်မူပါဟု ဆုတောင်းလေ၏။- ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ပြေလျက် မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောသူ မည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတ္တံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတ္တံ့ဟု မိန့်တော်မူ၏။ (ရှင်လုကာခရစ်ဝင် ၁၈:၉-၁၄)

ကိုယ်လုပ်ခဲ့သည့်အမှုများကို ကိုးစားခြင်းထက် ယေရှုပြုပေးပြီးသွားသည့်အမှုကို ယုံကြည်ကိုးစားရင်း ဖခမည်းတော်၏အလိုတော်ကို ဆောင်ရွက်သင့်သည်။

- သခင်၊ သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကို

ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။- ထိုနေ့၌ကား၊ သခင်၊ သခင်၊ အ
ကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီ မဟုတ်လော။
ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော်အ
ခွင့်နှင့် များစွာသော တန်ခိုးတို့ကို ပြပါပြီမဟုတ်လောဟု အများသော သူတို့
သည် လျှောက်ကြလိမ့်မည်။- ထိုသို့လျှောက်ကြသောအခါ သင်တို့ကို ငါအ
လျှင်းမသိ၊ အဓမ္မအမှုကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြဟု ထိုသူတို့အား အ
တည့်အလင်း ငါပြောမည်။ (ရှင်မဿဲခရစ်ဝင် ၇:၂၁-၂၃)

## ၁၀။ ကောင်းကင်နှင့် ငရဲ

ငရဲ (နောက်ပိုင်း မီးအိုင်)သည် စာတန် (နတ်ဆိုး)နှင့် ဘုရားသခင့်လမ်းစဉ်ကို
ငြင်းပယ်သူအားလုံး အဆုံးသတ်သွားမယ့်နေရာ ဖြစ်သည်။

- သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ (ရှင်ပေတရုဩဝါဒစာပထမစောင် ၅:၈)
- သူတို့ကိုလှည့်ဖြားသော မာရ်နတ်ကိုလည်း၊ သားရဲနှင့် မိစ္ဆာပရောဖက်ရှိရာ၊ ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ ချပစ်လျှင်၊ သူတို့သည် နေ့ညမပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသော ဝေဒနာကို ခံရကြလတ္တံ့။ (ဗျာဒိတ်ကျမ်း ၂၀:၁၀)
- တစ်နေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍၊ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ်ခြင်းကို ခံရလေ၏။- မရဏာနိုင်ငံ၌ ပြင်းပြစွာသောဝေဒနာကိုခံရလျက် မျှော်ကြည့်၍၊ အာဗြဟံကိုလည်းကောင်း၊ အာဗြဟံ၏ ရင်ခွင်၌ လာဇရုကိုလည်းကောင်း အဝေးကမြင်လျှင်၊- အို အဘအာဗြဟံ၊ အကျွန်ုပ်ကို

ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရသော ကြောင့်၊ လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေး စေခြင်းငှာ သူ့ကို အကျွန်ုပ်ရှိရာသို့ စေလွှတ်တော်မူပါဟု ဟစ်ကြော် လေ၏။ (ရှင်လုကာခရစ်ဝင် ၁၆:၂၂-၂၄)

- ထိုညှဉ်းဆဲခြင်း၏ မီးခိုးသည် ကမ္ဘာအဆက်ဆက် တက်လျက်ရှိ၏။ နေ့ည မပြတ် သက်သာမရကြ၊ (ဗျာဒိတ်ကျမ်း ၁၄:၁၁)

သို့သော် ဘုရားသခင်၏ကယ်တင်ခြင်းကို ကျွန်ုပ်တို့ ရရှိမည်ဆိုလျှင် ကယ်တင်ခံရပြီး (မြေကြီးသစ်) ကောင်းကင်တွင် ကိုယ်တော်နှင့်အတူ ထာဝရငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်း ရရှိကြမည်။

- အိုထာဝရဘုရား၊ ကိုယ်တော်ကိုအကျွန်ုပ်ခိုလှုံပါ၏။ တရားတော်နှင့်အညီ အကျွန်ုပ်ကိုနုတ်ယူ၍ လွှတ်တော်မူပါ။ (ဆာလံကျမ်း ၇၁:၁-၂)
- သေခြင်းကိုလည်း နစ်မွန်းဆုံးရှုံးစေတော်မူလိမ့်မည်။ အရှင်ထာဝရဘုရား သည်လည်း၊ ခပ်သိမ်းသော မျက်နှာတို့မှ မျက်ရည်ကို သုတ်တော်မူလိမ့် မည်။ (ဟေရှာယအနာဂတ္တိကျမ်း ၂၅:၈)
- ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူ မည်။ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာ ညည်းတွားခြင်း၊ အော် ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဖူးသောအ ရာတို့သည် ရွေ့သွားကြပြီ။ (ဗျာဒိတ်ကျမ်း ၂၁:၄)
- ထိုမြို့၌ ညမရှိရ၊ ဆီမီးကို အလိုမရှိ။ နေ၏အရောင်ကိုလည်း အလိုမရှိ။ အ ကြောင်းမူကား၊ ထာဝရအရှင် ဘုရားသခင်သည် သူတို့၌ ရောင်ခြည်တော် ကို လွှတ်တော်မူ၍ (ဗျာဒိတ်ကျမ်း ၂၂:၅)
- ကြည့်ရှုလော့။ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါဖန်ဆင်းမည်။ အ ရင်မိုးကောင်းကင်နှင့် မြေကြီးကို မအောက်မေ့ရ။ နှလုံးမမှတ်မိရ။ ငါဖန်

ဆင်းလတ္တံ့သောအရာကြောင့်၊ သင်တို့သည် အစဉ်အမြဲ ဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း ၆၅:၁၇-၁၈)

- ငါ၏ဗိမာန်တော်သည်လည်း သူတို့၌ရှိ၍၊ ငါသည် သူတို့၏ ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်လိမ့်မည်။ (ယေဇကျေလအနာဂတ္တိကျမ်း ၃၇:၂၇)
- ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်း ငါမြင်၏။ အဘယ်သို့နည်း ဟူမူကား၊ ရှေးကောင်းကင်နှင့် ရှေးမြေကြီးသည် ရွေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ။- ကောင်းကင်မှကြီးသော အသံကား၊ ဘုရားသခင်၏ တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင် ဖြစ်တော်မူမည်။ (ဗျာဒိတ်ကျမ်း ၂၁:၁, ၃)
- ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီ မျှော်လင့်ကြ၏။ (ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃:၁၃)
- ခရစ်တော်နှင့်ဆိုင်သော သင်တို့အပေါင်း၌ ငြိမ်သက်ခြင်းရှိစေသတည်း။ (ရှင်ပေတရုဩဝါဒစာပထမစောင် ၅:၁၄)
- ငြိမ်သက်ခြင်း၏ သခင်သည် ကိုယ်တော်တိုင် သင်တို့၌ အစဉ်မပြတ်ခပ်သိမ်းသော အမှုအရာအားဖြင့် ငြိမ်သက်ခြင်းကို ပေးသနားတော်မူပါစေသော။ (သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၃:၁၆)

# ၁၁။ ယဇ်ပူဇော်ခြင်းနှင့် ပညတ်

ဘုရားသခင်သည် ပူဇော်ရာယဇ်များကို အလိုမရှိပါ။ ယဇ်ပူဇော်ခြင်းသည် အပြစ်၏ အရေးကြီးမှုကို သတိရ စေရန်နှင့် ကြွလာမည့် ကယ်တင်ရှင်ကို လိုအပ်ကြောင်း သတိရစေရန် ဖြစ်သည်။

- ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သကာကို အလိုတော်မရှိသည်ဖြစ်၍၊ ...မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာ ယဇ်များကို တောင်းတော်မမူသောအခါ၊ (ဆာလံကျမ်း ၄၀:၆)
- ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ပူဇော်သောယဇ်များကို ငါသည် အဘယ်သို့ဆိုင်သနည်း။ နွားနှင့် သိုးသငယ်၊ ဆိတ်တို့၏အသွေးကို ငါမနှစ်သက်။ အချည်းနှီးသောပူဇော်သကာကို နောက်တစ်ဖန်မဆောင်ခဲ့ကြနှင့်၊ အဓမ္မအမှုနှင့် ရောနှောသော ဓမ္မစည်းဝေးခြင်းတို့ကို သည်းမခံနိုင်။ (ဟေရှာယအနာဂတ္တိကျမ်း ၁:၁၁, ၁၃)
- ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကိုလည်းကောင်း၊ မီးရှို့ရာယဇ်ပူဇော်ခြင်းထက် ဘုရားသခင်နှင့် ကျွမ်းဝင်ခြင်းကိုလည်း ကောင်း ငါနှစ်သက်၏။ (ဟောရှေအနာဂတ္တိကျမ်း ၆:၆)
- လောကဓာတ်မှစ၍ လောကဓာတ်၌ ရှိလေသမျှသောအရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်သည်၊ ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသော အရှင်ဖြစ်၍၊ လူတို့လက်ဖြင့် လုပ်သောဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်။- ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့် တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသော အရှင်ဖြစ်၍၊ တစ်စုံတစ်ခုကို အလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့် ကျွေးမွေးခြင်းကို ခံတော်မူသည်မဟုတ်။ (တမန်တော်ဝတ္ထု ၁၇:၂၄-၂၅)

ပူဇော်သက္ကာအတွက် လိုအပ်ချက်သည် တစ်ခုတည်းသော လက်ခံနိုင်ဖွယ် ပူဇော်သက္ကာ ဖြစ်သော အပြစ်မရှိသော ကယ်တင်ရှင်ယေရှုခရစ်တော်ကို ကျွန်ုပ်တို့ လိုအပ်ကြောင်း ပြသရန် ဖြစ်သည်။

- အပြစ်ပါသောအကောင်ကို မပူဇော်ရ။ ပူဇော်လျှင် စိတ်တော်နှင့်မတွေ့။ ထာဝရဘုရားအားယဇ်ပူဇော်လိုလျှင်၊ စိတ်တော်နှင့် တွေ့ခြင်းငှာစုံလင်ရမည်။ အပြစ်တစ်စုံတစ်ခုမျှ မရှိရ။ (ဝတ်ပြုရာကျမ်း ၂၂:၂၀-၂၁)
- သင်တို့ယူသောအကောင်သည် အပြစ်မပါ ဖြစ်ရမည်။ (ထွက်မြောက်ရာကျမ်း ၁၂:၅)
- မိစ္ဆာဘဆက် ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊ ရွှေငွေအစရှိသော ဖောက်ပြန် ပျက်စီးတတ်သော ဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မဟုတ်။- အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့် ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့။ (ရှင်ပေတရုဩဝါဒစာပထမစောင် ၁:၁၈-၁၉)
- ယေရှုကြွလာတော်မူသည်ကို မြင်လျှင်၊ ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့။ (ရှင်ယောဟန်ခရစ်ဝင် ၁:၂၉)
- ကိုယ်တော်သည် ငါတို့၏အပြစ်များကို ဆောင်သွားခြင်းငှာ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့ သိကြ၏။ ကိုယ်တော်၌လည်း အပြစ်မရှိ။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃:၅)
- ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။- ထိုကြောင့်၊ ငါတို့သည် သနားခြင်း ကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်း ကျေးဇူးတော်ကိုလည်းကောင်း

ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ (ဟေဗြဲသြဝါဒစာ ၄:၁၅-၁၆)

(ကျွန်ုပ်တို့ ကောင်းသည်ဟုထင်သောအလုပ်များ) ယဇ်ပူဇော်ခြင်းများထက်၊ (ကျွန်ုပ်တို့၏ အပြစ်ကို သိမှတ်ခြင်းနှင့် ယေရှုကို ယုံကြည်ကိုးစားခြင်း) နောင်တရခြင်းကို ဘုရားသခင် အလိုရှိသည်။

- ငါသည် ထာဝရဘုရားရှေ့တော်သို့ အဘယ်ပူဇော်သကာပါလျက် ချဉ်းကပ်၍၊ အမြင့်ဆုံးသော ဘုရားသခင့်ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။ မီးရှို့ရာယဇ်နှင့် ချဉ်းကပ်ရမည်လော။ ထာဝရဘုရားသည် သိုးထီးတစ်ထောင်၊ ဆီမြစ်တစ်သောင်းကို အားရနှစ်သက် တော်မူမည်လော။ ငါ့လွန်ကျူးခြင်းအတွက် ငါ၏သားဦးကိုလည်းကောင်း၊ ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ရင်သွေးကိုလည်းကောင်း ပူဇော်ရမည်လော၊ အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ။ (မိက္ခာအနာဂတ္တိကျမ်း ၆:၆-၈)
- ယဇ်ပူဇော်ခြင်းကို အလိုတော်မရှိ။ သို့မဟုတ်လျှင် ယဇ်ပူဇော်ပါမည်။ မီးရှို့သောယဇ်ပူဇော်ခြင်းကိုပင် နှစ်သက်တော်မမူ။ ဘုရားသခင်နှစ်သက်တော်မူသော ယဇ်မူကား၊ ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူတတ်ပါ။ (ဆာလံကျမ်း ၅၁:၁၆-၁၇)
- တရားသဖြင့်ယဇ်ပူဇော်၍ ထာဝရဘုရားကို ကိုးစားကြလော့။ (ဆာလံကျမ်း ၄:၅)
- သေခြင်းနှင့်စပ်ဆိုင်သော အကျင့်ကို နောင်တရခြင်း၊ ဘုရားသခင်ကို ယုံကြည်ခြင်းတည်းဟူသော မူလအမြစ် (ဟေဗြဲသြဝါဒစာ ၆:၁)
- ဘုရားသခင့်ရှေ့တော်၌ နောင်တရခြင်းတရားကိုလည်းကောင်း၊ ငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်း တရားကိုလည်းကောင်း၊ ယုဒလူ၊

ဟောလသလူတို့အား သက်သေခံသည်အကြောင်းအရာကို သင်တို့ သိကြ၏။ ။ (တမန်တော်ဝတ္ထု ၂၀:၂၁)

ကယ်တင်ခြင်း နည်းလမ်းအဖြစ် ဓမ္မဟောင်း၏ပညတ်တော်ကို ပေးခဲ့ခြင်း မဟုတ်ဘဲ ကယ်တင်ရှင်ကို ကျွန်ုပ်တို့ လိုအပ်ကြောင်း သိရှိရန် ကူညီပေးခဲ့သည်။

- အကြောင်းမူကား၊ ပညတ်တော်သည် မီးခွက်ဖြစ်၏။ တရားတော်သည် အလင်းဖြစ်၏။ (သုတ္တံကျမ်း ၆:၂၃)
- ပညတ်တရား၌ ပါသမျှသောစကားတို့သည် ပညတ်တရားကို ခံသောသူတို့နှင့် စပ်ဆိုင်သည်ကို ငါတို့ သိကြ၏။ ထိုသို့ဖြစ်၍၊ လောကီသားအပေါင်းတို့သည် စကားတစ်ခွန်းကိုမျှ မပြောနိုင်ဘဲ ဘုရားသခင့်ရှေ့တော်၌ အပြစ်တင်သောသူဖြစ်ကြ၏။- ထိုသို့ ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့်၊ ပညတ်တရား၏ အကျင့်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်ရာ။ (ရောမသြဝါဒစာ ၃:၁၉-၂၀)
- ငါတို့သည် ထာဝရဘုရားကို ပြစ်မှားသောကြောင့်၊ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် ငါတို့ကို တိတ်ဆိတ်စွာနေစေ၍၊ (ယေရမိအနာဂတ္တိကျမ်း ၈:၁၄)
- အဘယ်သို့ပြောရပါအံ့နည်း။ ဤအမှုနှင့် အဘယ်သို့လွတ်နိုင်ပါအံ့နည်း။ ကိုယ်တော်ကျွန်တို့၏အပြစ်ကို ဘုရားသခင်စစ်၍ တွေ့တော်မူပြီ။ (ကမ္ဘာဦးကျမ်း ၄၄:၁၆)
- အကယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ ငြိမ်ဝပ်စွာနေတတ်၏။ ငါ့ကို ကယ်တင်ခြင်းအကြောင်းသည် အထံတော်က သက်ရောက်ရ၏။ (ဆာလံကျမ်း ၆၂:၁)

- ဤပညတ်တရားကို ဖတ်ရွတ်ရမည်။ သူတို့သည် ကြား၍ နားလည်သဖြင့်၊ သင်တို့၏ ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့၍၊ ဤပညတ်တရား စကားအလုံးစုံတို့ကို စောင့်ရှောက်စေခြင်းငှာ။ (တရားဟောရာကျမ်း ၃၁:၁၁-၁၂)
- ထာဝရဘုရားသည် ယနေ့တိုင်အောင် ကျေးဇူးပြုတော်မူသကဲ့သို့၊ ငါတို့အသက်ကိုစောင့်တော်မူမည်အကြောင်း၊ ငါတို့သည် ကိုယ်အကျိုးကို ထောက်၍၊ ငါတို့ဘုရားသခင် ထာဝရဘုရားကိုကြောက်ရွံ့လျက်၊ ဤပညတ်အလုံးစုံတို့ကို ကျင့်စေခြင်းငှာ မှာထားတော်မူ၏။ (တရားဟောရာကျမ်း ၆:၂၄)
- ပညတ်တရားသည် နောက်ဖြစ်လတ္တံ့သော မင်္ဂလာအကျိုးတို့၏ သေချာသော ပုံသဏ္ဍာန်ကိုမပြ၊ အရိပ်ကိုသာပြသည်ဖြစ်၍၊ နှစ်စဉ်မပြတ် ပူဇော်သောယဇ်အားဖြင့် အထံတော်သို့ ချဉ်းကပ်သောသူတို့ကို စုံလင်ခြင်းအဖြစ်၌ မတည်စေနိုင်ရာ။ ယခုမူကား ယဇ်ပူဇော်သည်တွင် အပြစ်များကို နှစ်တိုင်း အောက်မေ့ခြင်းရှိ၏။- အကြောင်းမူကား၊ နွား၊ ဆိတ်၏အသွေးသည် အပြစ်ကို မပယ်နိုင်ရာ။ (ဟေဗြဲသြဝါဒစာ ၁၀:၁၊၃-၄)
- ထိုကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှာ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏ အထိန်းဖြစ်သတည်း။ (ဂလာတိသြဝါဒစာ ၃:၂၄)
- ထိုသခင်၏ကျေးဇူးတော်ကြောင့် အပြစ်လွှတ်ခြင်းတရားကို သင်တို့အား ဟောကြားသည်ကိုလည်းကောင်း၊- ထိုသခင်ကို ယုံကြည်သောသူ ရှိသမျှတို့သည် မောရှေ၏ တရားအတိုင်း မလွှတ်နိုင်သော အပြစ်ရှိသမျှတို့နှင့် လွှတ်ရကြသည်ကိုလည်းကောင်း သိမှတ် ကြလော့။ (တမန်တော်ဝတ္ထု ၁၃:၃၈-၃၉)

ဥပုသ်နေ့အနားယူရန် ပညတ်တော်သည် ကျွန်ုပ်တို့၏လုပ်ဆောင်မှုမှ "အနားယူ" ပြီး ဘုရားသခင့်အမှုကို ယုံကြည်ကိုးစားသင့်ကြောင်း လက္ခဏာအဖြစ် ပေးခဲ့သည်။

- ငါသည် သင်တို့ကိုသန့်ရှင်းစေသော ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှာ၊ ငါနှင့် သင်တို့၏သားစဉ်မြေးဆက်စပ်ကြား၌ လက္ခဏာသက်သေဖြစ်ဖို့ရာ၊ ငါ့ဥပုသ်နေ့ကို စင်စစ်စောင့်ရကြမည်။ ဥပုသ်နေ့ကို ဖျက်သောသူတိုင်း အသေခံရမည်။ ထိုနေ့၌ အလုပ်လုပ်သော သူမည်သည်ကား၊ မိမိအမျိုးမှ ပယ်ရှင်းခြင်းကိုခံရမည်။ (ထွက်မြောက်ရာကျမ်း ၃၁:၁၃-၁၄)
- ဥပုသ်နေ့တို့ကို စောင့်ခြင်းအမှုတွင် ထိုအရာတို့သည် နောက်ဖြစ်လတ္တံ့သော အရာတို့၏ အရိပ်ဖြစ်ကြ၏။ ကိုယ်မူကား ခရစ်တော်၏ကိုယ်ဖြစ်၏။ (ကောလောသဲသြဝါဒစာ ၂:၁၆-၁၇)
- ထိုအခါ ယေရှုက၊ ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။ (ရှင်မဿဲခရစ်ဝင် ၁၁:၂၅, ၂၈)

ဓမ္မဟောင်းကျမ်းမှလူတို့သည် သူတို့ လုပ်ခဲ့သည့်အရာများကြောင့် ကယ်တင်ခံခဲ့ရခြင်းမဟုတ်ဘဲ ဘုရားသခင့်ကယ်တင်ခြင်းကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခံခဲ့ရသည်။

- စိတ်ခိုင်မာ၍ ဖြောင့်မတ်ခြင်းတရားနှင့် ဝေးသောသူတို့၊ ငါ့စကားကို နားထောင်ကြလော့။ ငါ၏ဖြောင့်မတ်ခြင်းတရားကို အနီးသို့ ငါဆောင်ခဲ့မည်။ အဝေး၌မနေရ။ ငါ၏ကယ်တင်ခြင်းကျေးဇူးလည်း မဖင့်နွှဲရ။ (ဟေရှာယအနာဂတ္တိကျမ်း ၄၆:၁၂-၁၃)

- ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏ကယ်တင်ခြင်းကျေးဇူး ရောက်ချိန်နှင့်၊ ငါ၏ ဖြောင့်မတ်ခြင်းတရား ထင်ရှားချိန်ရောက်လုနီးပြီ။ (ဟေရှာယအနာဂတ္တိကျမ်း ၅၆:၁)
- ငါမူကား၊ ထာဝရဘုရားကို မျှော်လင့်မည်။ ငါ့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို ငါခိုလှုံမည်။ (မိက္ခာအနာဂတ္တိကျမ်း ၇:၇)
- ငါ့ကိုရွေးနုတ်သောသခင်သည် အသက်ရှင်၍၊ နောင်ကာလ၌ မြေမှုန့်အပေါ်မှာ ပေါ်လာတော်မူမည်ဟူ၍လည်းကောင်း (ယောဘဝတ္ထု ၁၉:၂၅)
- အကျွန်ုပ်သည် ကရုဏာတော်ကို ယုံကြည်ပါ၏။ ကယ်တင်တော်မူခြင်းအရာ၌ နှလုံးရွှင်လန်းပါလိမ့်မည်။ (ဆာလံကျမ်း ၁၃:၅)
- တစ်ဖန် ဟန္နသည် ပတ္ထနာစကားကို မြွက်ဆိုသည်ကား၊ ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို အမှီပြု၍ ရွှင်လန်းလျက်၊ ကယ်တင်ခြင်း ကျေးဇူးတော်ကြောင့် ဝမ်းမြောက်၍၊ ထာဝရဘုရား သန့်ရှင်းတော်မူသကဲ့သို့ အဘယ်သူမျှ မသန့်ရှင်း။ ကိုယ်တော်မှတစ်ပါး အခြားသောဘုရားမရှိ။ (ဓမ္မရာဇဝင်ပထမစောင် ၂:၁-၂)
- ထိုကာလ၌ ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော၊ ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကို ကယ်တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ထာဝရဘုရားတည်း။ ကယ်တင်တော်မူခြင်းကျေးဇူးကြောင့်၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့ဟု ဆိုကြလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း ၂၅:၉)

ဂျူးလူမျိုးအတော်များများသည် ယေရှုကို ကလေးဘဝတုန်းက မြင်ခဲ့သည့် ရှိမောင်နဲ့ အန်နာကဲ့သို့ ယေရှုရောက်လာမည်ဟု မှန်ကန်စွာ မျှော်လင့်နေကြသည်။

- ထိုအခါ ရှုမောင်အမည်ရှိသော သူတစ်ယောက်သည် ယေရှုကို လက်နှင့်ချီပိုက်၍၊- ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ အစိုးရတော်မူ

သောအရှင်၊ ဗျာဒိတ်တော်အတိုင်း ကိုယ်တော်၏ကျွန်သည် ငြိမ်ဝပ်စွာ စုတေ့ရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော်မူ၏။- ကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိနှင့် မြင်ရပါ၏ဟု မြွက်ဆို၏။ (ရှင်လုကာခရစ်ဝင် ၂:၂၅, ၂၈-၃၂)

- အန္နသည် ထာဝရဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းလေ၏။ ရွေးနုတ်ခြင်းအရာကို မျှော်လင့်သောသူအပေါင်းတို့အား ထိုသူငယ်၏ အကြောင်းကို ပြောလေ၏။ (ရှင်လုကာခရစ်ဝင် ၂:၃၆, ၃၈)

## ၁၂။ ပရောဖက်ပြုချက်များနှင့် ကြိုတင်ဖော်ပြချက်များ

ယေရှုသည် သားတော်ဘုရား ( ကျွန်တော်တို့နဲ့အတူရှိသော ဘုရားသခင်ဟု ဆိုလိုသော ဧမာနွေလ) ဖြစ်ကြောင်း ဓမ္မဟောင်းကျမ်းမှာပါသည့် ပရောဖက်ပြုချက်တွေက ဖော်ပြပြီး ကျွန်တော်တို့ရဲ့အပြစ်ကို ယူတင်သွားမည်ကို ဖော်ပြသည်။

- အကြောင်းမူကား၊ ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်ကား အံ့သြဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း ၉:၆)
- ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောကျ်ားကို ဖွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတ္တံ့။ (ဟေရှာယအနာဂတ္တိကျမ်း ၇:၁၄)
- ကောင်းကင်ဘုံသို့ အဘယ်သူတက်သနည်း။ အဘယ်သူ ဆင်းလာသနည်း။ အဘယ်သူသည် လေကို မိမိလက်နှင့် ဆုပ်ထားသနည်း။ အဘယ်သူသည်

ရေကို အဝတ်နှင့် ထုပ်ထားသနည်း။ မြေကြီးစွန်းရှိသမျှတို့ကို အဘယ်သူတည်စေသနည်း။ ထိုသို့ပြုသောသူ၏အမည်နှင့် သူ၏သားအမည်ကားအဘယ်သို့နည်း။ သင်ပြောနိုင်သလော။ (သုတ္တံကျမ်း ၃၀:၄)

- သားတော်ကို နမ်းကြလော့။ သို့မဟုတ်လျှင် အမျက်တော်ထွက်၍၊ သင်တို့သည် လမ်း၌ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ အမျက်တော်သည် ချက်ချင်းထွက်လိမ့်မည်။ သားတော်ကို ကိုးစားသောသူအပေါင်းတို့သည် မင်္ဂလာရှိကြ၏။ (ဆာလံကျမ်း ၂:၁၂)
- ထိုသူသည် ငါတို့လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၅၃:၅-၆)
- ထိုဖြောင့်မတ်သော ငါ၏ကျွန်ကိုသိကျွမ်းခြင်းအားဖြင့်၊ သူသည် အများသောသူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၅၃:၁၁)

ဤအရာများသည် ဓမ္မဟောင်းကျမ်းတွင် ယေရှုနှင့်ပတ်သက်သော ပရောဖက်ပြုချက်တချို့နှင့် နှစ်ပေါင်းရာနှင့်ချီကြာပြီးနောက် ယေရှု၏ပြည့်စုံချက်တို့ ဖြစ်ပါသည်။

- သူတို့သည် မိမိတို့ ထိုးဖောက်သော ငါ့ကို ရှုမြင်ရကြလိမ့်မည်။ (ဇာခရိအနာဂတ္တိကျမ်း ၁၂:၁၀)

- စစ်သူရဲတစ်ယောက်သည် နံဘေးတော်ကို လှံနှင့်ထိုးဖောက်၍ သွေးနှင့် ရေသည် ချက်ချင်းထွက်လာ၏။ (ရှင်ယောဟန်ခရစ်ဝင် ၁၉:၃၄)
- အို ဗက်လင်ဇေရတ်မြို့ အစိုးရသော ယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ ယုတ်ဖြစ်သော်လည်း၊ ဣသရေလအမျိုးကို အုပ်စိုးရသော သခင်သည် ငါ့ အဖို့ သင်၏အထဲမှာ ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင် ဖြစ်၏။ (မိက္ခာအနာဂတ္တိကျမ်း ၅:၂)
- ယုဒပြည်ဗက်လင်မြို့၌ ယေရှုသည် ဖွားမြင်ခြင်းကိုခံတော်မူပြီးမှ၊ (ရှင်မဿဲခရစ်ဝင် ၂:၁)
- တရားသဖြင့် စီရင်၍ ကယ်တင်ခြင်းသို့ရောက်သော သခင်၊ သင်၏အရှင်မင်းကြီးသည် မြည်းမနှင့် မြည်းကလေးကို စီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို ကြည့်ရှုလော့။ (ဇာခရိအနာဂတ္တိကျမ်း ၉:၉)
- မြည်းကျောပေါ်မှာ မိမိတို့အဝတ်ကို တင်ပြီးလျှင် ကိုယ်တော်ကို စီးစေကြ၏။- ခရီးသွားတော်မူစဉ်တွင် လူများတို့သည် မိမိတို့ အဝတ်ကို လမ်း၌ ခင်းကြ၏။ (ရှင်လုကာခရစ်ဝင် ၁၉:၃၅-၃၆)
- ရိုက်သောသူတို့အား ငါ့ကျောကိုလည်းကောင်း၊ နားပန်းဆံကို နုတ်သောသူတို့အား၊ ငါ့ပါးကိုလည်းကောင်း ငါအပ်၏။ အရှက်ခွဲခြင်းနှင့် တံတွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်နှာကိုမလွှဲ။။ (ဟေရှာယအနာဂတ္တိကျမ်း ၅၀:၆)
- ထိုအခါ မျက်နှာတော်ကို တံတွေးနှင့် ထွေးကြ၏။ လက်သီးနှင့် ထိုးကြ၏။ (ရှင်မဿဲခရစ်ဝင် ၂၆:၆၇)

တကယ့်ဖြစ်ရပ်အများစုသည် ယေရှုကို အရိပ်အမြွက်ပြခဲ့သည်။ အောက်တွင် ယောသပ်၏အသက်တာမှ အနည်းငယ်မျှ ဖြစ်ပြီး ယေရှု၏ပြည့်စုံချက်ကို ပြသနေပါသည်။

- ယောသပ်သည် အသက်တစ်ဆယ်ခုနစ်နှစ်ရှိ၍၊ သူတို့အပြစ်ကို အဘအား ကြားပြောတတ်၏။ သူ့ကိုမုန်း၍ မေတ္တာစကားကိုသူ့အား မပြောနိုင်ကြ။ (ကမ္ဘာဦးကျမ်း ၃၇:၂, ၄)
- လောကီသားတို့သည် သင်တို့ကိုမမုန်းနိုင်။ ငါ့ကိုမုန်းကြ၏။ အကြောင်းမူကား၊ ငါသည် သူတို့၏အကျင့်ဆိုးညစ်ကြောင်းကို သက်သေခံ၏။ (ရှင်ယောဟန်ခရစ်ဝင် ၇:၇)
- အနီးသို့မရောက်မီ အဝေး၌ရှိစဉ်ပင်၊ အစ်ကိုတို့သည်မြင်လျှင်၊ သတ်ခြင်းငှာတိုင်ပင်လျက်၊ (ကမ္ဘာဦးကျမ်း ၃၇:၁၈)
- ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူတို့တွင် အကြီးအကဲဖြစ်သော သူအပေါင်းတို့သည် ယေရှုကို သတ်အံ့သောငှာ တိုင်ပင်၍၊ (ရှင်မဿဲခရစ်ဝင် ၂၇:၁)
- ကြီးစွာသော ကယ်တင်ခြင်းအားဖြင့် သင်တို့အသက်ကို ချမ်းသာစေခြင်းငှာလည်းကောင်း၊ သင်တို့ရှေ့မှာ ကျွန်ုပ်ကိုစေလွှတ်တော်မူပြီ။ (ကမ္ဘာဦးကျမ်း ၄၅:၇)
- လောကီသားတို့ကို ကယ်တင်သောသခင်ဖြစ်စေခြင်းငှာ၊ ခမည်းတော်သည် သားတော်ကို စေလွှတ်တော်မူသည်ဟု ငါတို့သည် သိမြင်၍ သက်သေခံကြ၏။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၁၄)
- အဲဂုတ္တုလူအပေါင်းတို့သည် ယောသပ်ထံသို့လာ၍ စားစရာဖို့ ပေးသနားတော်မူပါ။ ကျွန်တော်တို့သည် ရှေ့တော်၌ အဘယ်ကြောင့်သေရပါအံ့နည်းဟု လျှောက်ကြသော်၊ (ကမ္ဘာဦးကျမ်း ၄၇:၁၅)
- ယေရှုကလည်း၊ ငါသည် အသက်မုန့်ဖြစ်၏။ (ရှင်ယောဟန်ခရစ်ဝင် ၆:၃၅)

# ၁၃။ အာဒံနှင့်ဧဝ

အာဒံနဲ့ဧဝသည် သူတို့လုပ်ခဲ့တာတွေ (သူတို့ရဲ့အကျင့်တွေ)ကြောင့် သူတို့ရဲ့ အဝတ်အချည်းစည်း (အပြစ်၏အရှက်ရမှု)ကို ဖုံးအုပ်ဖို့ ကြိုးစားခဲ့သည်။ သို့သော် သူ့ရဲ့တခုတည်းသော လုပ်ဆောင်ပေးမှုကသာ လက်ခံနိုင်ဖွယ်ဖြစ်သည်ကို ဘုရားသခင် ပြသခဲ့သည်။

- ထိုသူနှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍၊ မိမိတို့၌ အဝတ်အချည်းစည်း ရှိသည်ကို သိမြင်လျှင်၊ မိမိတို့ဝတ်ရန်ဖို့ သင်္ဘောသဖန်းပင်အရွက်တို့ကိုချုပ်စပ်၍ ခါးစည်းကိုလုပ်ကြ၏။ (ကမ္ဘာဦးကျမ်း ၃:၇)
- ထာဝရအရှင်ဘုရားသခင်သည်လည်း၊ လူလင်မယားဖို့သားရေဖြင့် ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏။ (ကမ္ဘာဦးကျမ်း ၃:၂၁)

ဤတွင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုများ သို့မဟုတ် "ကောင်းသောလုပ်ဆောင်မှုများ" ဖြင့် ကျွန်ုပ်တို့၏အပြစ်ကို ဖုံးအုပ်ရန်ကြိုးစားခြင်း၏ အချည်းနှီးဖြစ်မှုနှင့်ပတ်သက်၍ အလားတူစာပိုဒ်များ ပါရှိသည်။

- သူတို့ရက်သောအမြှေးဖြင့် အဝတ်ကို မလုပ်ရ။ ကိုယ်အကျင့်နှင့် ကိုယ်ကို မခြုံရကြ။ သူတို့ပြုသောအမှုသည် အဓမ္မအမှုဖြစ်၏။ သူတို့လက်၌ ကြမ်းတမ်းသောအမှုရှိ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၅၉:၆)
- မိမိအပြစ်ကို ဝှက်ထားသောသူသည် ချမ်းသာမရ။ မိမိအပြစ်ကိုဖော်ပြဝန်ချ၍ စွန့်ပစ်သောသူမူကား၊ ကရုဏာတော်ကို ခံရလိမ့်မည်။ (သုတ္တံကျမ်း ၂၈:၁၃)

ညစ်ညမ်းတဲ့အဝတ်များကို ပစ်ချခြင်းဖြင့် အပြစ်ဝန်ချပြီး ယေရှုထံ သွားလျှင် ဖြောင့်မတ်ခြင်းတရား၏ ဝတ်လုံကို လက်ခံရပါလိမ့်မည်။

- အကျွန်ုပ်တို့ရှိသမျှသည် စင်ကြယ်ခြင်းမရှိပါ။ ပြုဖူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့် တူကြပါ၏။ အကျွန်ုပ်တို့ ရှိသမျှသည် သစ်ရွက်ကဲ့သို့ ညှိုးနွမ်းလျက်ရှိ၍၊ ကိုယ်အပြစ်တို့သည် လေကဲ့သို့ အကျွန်ုပ်တို့ကို တိုက်သွားပါပြီ။ (ဟေရှာယအနာဂတ္တိကျမ်း ၆၄:၆)
- ထိုသူသည် မိမိအဝတ်ကို ပစ်ချထားပြီးလျှင်၊ ထ၍ ယေရှုထံတော်သို့ သွား၏။ (ရှင်မာကုခရစ်ဝင် ၁၀:၅၀)
- ထာဝရဘုရားကြောင့် ငါသည် အလွန်ဝမ်းမြောက်၍၊ ငါ၏ဘုရားသခင်ကြောင့် ငါ့ဝိညာဉ်သည် ရွှင်လန်းမည်။ အကြောင်းမူကား၊ ကယ်တင်ခြင်းအဝတ်တန်ဆာနှင့် ငါ့ကိုဝတ်ဆင်စေ၍၊ ဖြောင့်မတ်ခြင်းဝတ်လုံနှင့် ခြုံတော်မူပြီ။ (ဟေရှာယအနာဂတ္တိကျမ်း ၆၁:၁၀)
- ထာဝရဘုရား၏ ကျွန်တို့သည် ထိုသို့သော အမွေကိုခံရ၍၊ ငါ့ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၅၄:၁၇)

ဘုရားသခင့်ရှေ့တော်မှာ အပြစ်ကို ဖော်ထုတ်ရင်း
ညစ်ညမ်းတဲ့အဝတ်များသည် ချွတ်ပစ်လာလိမ့်မည်။
ယေရှုရဲ့ဖြောင့်မတ်ခြင်းကသာ ခံနိုင်ရည်ရှိသော တစ်ခုတည်းသောဝတ်ရုံ ဖြစ်သည်။

- ဖြောင့်မတ်တော်မူခြင်းသည် နိစ္စထာဝရဖြောင့်မတ်ခြင်းဖြစ်ပါ၏။ (ဆာလံကျမ်း ၁၁၉:၁၄၂)
- အကြောင်းမူကား၊ ပိုးရွတို့သည် သိုးမွေးအဝတ်ကို ကိုက်စားသကဲ့သို့၊ ထိုသူတို့ကို ကိုက်စားဖျက်ဆီးကြလိမ့်မည်။ ငါ၏ ဖြောင့်မတ်ခြင်းတရားမူကား နိ

စွထာဝရဖြစ်၍၊ ငါ၏ကယ်တင်ခြင်းတရားသည်လည်း ကမ္ဘာအဆက်ဆက် တည်လိမ့်သတည်း။ (ဟေရှာယအနာဂတ္တိကျမ်း ၅၁:၈)

- အဝတ်အချည်းစည်းနှင့် သွားလာ၍ သူတစ်ပါးရှေ့၌ ရှက်စရာအကြောင်း မရှိစေခြင်းငှာ နိုးလျက်နေ၍၊ ကိုယ်အဝတ်ကို စောင့်သောသူသည် မင်္ဂလာရှိ၏။ (ဗျာဒိတ်ကျမ်း ၁၆:၁၆)

ကျွန်ုပ်တို့ လုပ်ဆောင်သည့်အရာကို မျှော်ကြည့်လျှင် ကယ်တင်ခံရမည်ဟု ထင်ကောင်း ထင်နိုင်သော်လည်း ယေရှု၏ ဖြောင့်မတ်ခြင်းဝတ်ရုံ မရှိထားကြောင်း တွေ့ရမည်။

- မင်းကြီးသည် ပွဲ၌လျောင်းသောသူတို့ကို ကြည့်ရှုခြင်းငှာ ဝင်တော်မူသောအခါ၊ မင်္ဂလာဆောင်ပွဲ၏ အဝတ်ကိုမဝတ်သော သူတစ်ယောက်ကိုမြင်လျှင်၊- အဆွေ၊ မင်္ဂလာဆောင်ပွဲ၏ အဝတ်မရှိဘဲ အဘယ်ကြောင့် ဝင်သနည်းဟု မေးတော်မူသည်ကို ထိုသူသည် မပြောနိုင်ဘဲနေ၏။- ထိုအခါ မင်းကြီးသည် အခြံအရံတို့အား ထိုသူ၏လက်ခြေကို တုပ်နှောင်လော့။ ငိုကြွေးခြင်း အံသွားခဲကြိတ်ခြင်းရှိရာ၊ ပြင်အရပ် မှောင်မိုက်ထဲသို့ ယူသွားချလိုက်ကြဟု အမိန့်တော်ရှိ၏။ (ရှင်မဿဲခရစ်ဝင် ၂၂:၁၁-၁၃)

## ၁၄။ ကာဣနနှင့် အာဗေလ

ကာဣနသည် သူ၏လုပ်ဆောင်ထားသောအသီးအနှံကို ပူဇော်ခဲ့ပြီး ငြင်းပယ်ခံခဲ့ရသည်။ အာဗေလသည် သိုးများကို (ယေရှု၏ပူဇော်ရာယဇ်ကို ယုံကြည်ကိုးစားခြင်း ပုံဆောင်) ပူဇော်ခဲ့ပြီး လက်ခံခြင်းခံခဲ့ရသည်။

- အာဗေလကား သိုးထိန်းဖြစ်၏။ ကာဣနကား လယ်လုပ်သောသူဖြစ်၏။ အချိန်စေ့သောအခါ၊ ကာဣနသည် ထာဝရဘုရားထံပူဇော်သကာဖို့၊ မြေအ

သီးကိုဆောင်ခဲ့၏။ အာဗေလသည်လည်း၊ မိမိသိုးစုတွင် အဦးဖွားသောသား အချို့နှင့်၊ သိုးဆီဥကိုဆောင်ခဲ့၏။ ထာဝရဘုရားသည် အာဗေလနှင့် သူ၏ပူဇော်သကာကိုပမာဏ ပြုတော်မူ၏။ ကာဣနနှင့် သူ၏ပူဇော်သကာကို ပမာဏပြုတော်မမူ။ ထိုကြောင့် ကာဣနသည်အလွန်စိတ်ဆိုး၍ မျက်နှာပျက်လေ၏။ ထာဝရဘုရားကလည်း၊ သင်သည် အဘယ်ကြောင့်စိတ်ဆိုးသနည်း။ အဘယ်ကြောင့် မျက်နှာပျက်သနည်း။ သင်သည်ကောင်းမွန်စွာပြုလျှင် အခွင့်မရလော။ (ကမ္ဘာဦးကျမ်း ၄:၂-၇)

ကာဣနသည် (သူ့ကိုယ်ပိုင်နည်းလမ်းဖြင့် သွားခြင်း) သူပြုလုပ်ခဲ့ရာကို ယုံကြည်ကိုးစားပြီး မြေကိုထွန်ကာ သူ့ကိုယ်ပိုင်လုပ်ဆောင်မှု၏ အသီးအနှံ (ပူဇော်သက္ကာ) ကို ပူဇော်ခဲ့သည်။

- လူမိုက်ပြုသော ယဇ်ပူဇော်ခြင်းအမှုထက်၊ တရားနာခြင်းအမှုကို သာ၍ ကြိုးစားလော့။ လူမိုက်တို့သည် ကိုယ်အပြစ်ကို မဆင်ခြင်တတ်ကြ။ (ဒေသနာကျမ်း ၅:၁)
- သင်တို့သည် ဒုစရိုက်မျိုးစေ့ကိုကြဲလို၍ လယ်ထွန်သောကြောင့်၊ အပြစ်စပါးကို ရိတ်ရကြ၏။ မုသားအသီးအနှံကို စားရကြ၏။ အကြောင်းမူကား၊ ကိုယ်ကြံစည် ပြုမူခြင်းကိုလည်းကောင်း၊ ကိုယ်၌ များစွာသော သူရဲတို့ကိုလည်းကောင်း ကိုးစားတတ်၏။ (ဟောရှေအနာဂတ္တိကျမ်း ၁၀:၁၃)
- လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း၊ အဆုံး၌ သေခြင်းသို့ ပို့သောလမ်းတစ်မျိုးရှိ၏။ (သုတ္တံကျမ်း ၁၆:၂၅)
- မိမိအလိုအတိုင်း မကောင်းသောလမ်းကိုလိုက်၍၊ ငြင်းဆန်တတ်သော လူမျိုးကို မျက်နှာပြုလျက်၊ တစ်နေ့လုံး ငါသည် ကိုယ်လက်ဝါးကို ဖြန့်ရပြီ။ (ဟေရှာယအနာဂတ္တိကျမ်း ၆၅:၂)

(ဘုရားသခင့်လမ်းစဉ်) ကောင်းစွာလုပ်ဆောင်မည်ဆိုလျှင် ကျွန်ုပ်တို့သည် သေချာစွာလက်ခံခံရမည်ဖြစ်ပြီး (ကာဣနကျိန်ခြင်းကဲ့သို့) ကမ္ဘာအသစ်မှ အဝေးသို့ ကျိန်ခြင်းခံရမည်မဟုတ်ပါ။

- မြေကြီး၏ကျိန်ခြင်းကို သင်သည်ခံရသောကြောင့်၊ (ကမ္ဘာဦးကျမ်း ၄:၁၁)
- ထိုအခါ ကျိန်ခြင်းကို ခံရသောသူတို့၊ မာရ်နတ်နှင့် သူ၏တမန်တို့အဖို့ ပြင်ဆင်သော ထာဝရမီးထဲသို့ ငါ့ထံမှ ခွာသွားကြလော့။ (ရှင်မဿဲခရစ်ဝင် ၂၅:၄၁)
- ဖြောင့်မတ်သောသူသည် အစဉ်မပြတ် နေရာမှမရွေ့ရ။ မတရားသောသူမူကား၊ မြေပေါ်မှာ အတည်မကျရ။ (သုတ္တံကျမ်း ၁၀:၃၀)

## ၁၅။ နူနာထံမှ သင်ယူခြင်း

ဘုရားသခင်သည် စာပေအဓိပ္ပာယ်အပြင် ပုံဆောင်အဓိပ္ပာယ်ရှိသည့် သမ္မာကျမ်းစာအခြေအနေများကို မကြာခဏ ထည့်သွင်းလေ့ရှိသည်။

- ပရောဖက်များအားဖြင့် ပုံပမာတို့ကို ထားပြီ။ (ဟောရှေအနာဂတ္တိကျမ်း ၁၂:၁၀)
- ကျွန်မ၏သားသည် ဇာတိပကတိအားဖြင့် ဖွားသောသားဖြစ်၏။ ကျွန်မဟုတ်သော မိန်းမ၏သားသည် ကတိတော်အားဖြင့် ဖွားသောသားဖြစ်၏။ ထိုအကြောင်းအရာကို ပုံပမာအားဖြင့်ဆိုသော်၊ ထိုမိန်းမနှစ်ယောက်ကား၊ ပဋိညာဉ်တရားနှစ်ပါးကို ဆိုလိုသတည်း။ (ဂလာတိဩဝါဒစာ ၄:၂၃-၂၄)

လူတယောက်တွင်၊ ဝတ်စုံတွင်၊ အိမ်တွင်ရှိသော အနာကြီးရောဂါနဲ့ပတ်သက်သည့် အောက်ပါကျမ်းပိုဒ်များသည်လည်း ကျွန်ုပ်တို့၏အပြစ်ရောဂါအကြောင်းကိုလည်း သင်ပေးပါသည်။

• ယဇ်ပုရောဟိတ်သည် ကြည့်ရှုရမည်။ နူကွက်အမွေးဖြူ၍ အရေအောက်၌ စွဲဟန်ရှိလျှင်၊ မီးလောင်နာထဲကထွက်သော နူနာဖြစ်၏။ ထိုသူသည် မစင်ကြယ်ဟု ယဇ်ပုရောဟိတ်စီရင်ရမည်။ နူနာမှန်၏။ ထိုအနာစွဲသည်ကာလပတ်လုံး၊ သူသည်ညစ်ညူး၏။ မစင်ကြယ်သည်ဖြစ်၍ တစ်ယောက်တည်းနေရမည်။ သူနေရာသည် တပ်ပြင်မှာရှိရမည်။ (ဝတ်ပြုရာကျမ်း ၁၃:၂၅, ၄၆)
• ၎င်းနည်း နူနာစွဲသောအဝတ်သည်၊ ယဇ်ပုရောဟိတ်အားပြရမည်။ ယဇ်ပုရောဟိတ်သည် အနာစွဲသောအဝတ်ကိုကြည့်ရှု၍ အဝတ်၌အနာတိုးပွားလျှင်၊ မစင်ကြယ်။ ထိုအဝတ်ကို မီးရှို့ရမည်။ ယင်းကို မီးရှို့ရမည်။ (ဝတ်ပြုရာကျမ်း ၁၃:၄၇, ၄၉-၅၂)
• ယဇ်ပုရောဟိတ်လည်း အကြည့်အရှုလာ၍ ထိုအိမ်၌ အနာတိုးပွားသည်မှန်လျှင်၊ ထိုအိမ်သည် မစင်ကြယ်သောကြောင့်၊ ကျောက်၊ သစ်သား၊ အင်္ဂတေ ရှိသမျှကို ဖြိုဖျက်၍၊ မြို့ပြင် မစင်ကြယ်သောအရပ်သို့ ယူသွားရမည်။ (ဝတ်ပြုရာကျမ်း ၁၄:၄၄-၄၅)

နူနာအကြောင်း အထက်ပါကျမ်းပိုဒ်တစ်ပိုဒ်စီတွင် စစ်ဆေးနေသော ယဇ်ပုရောဟိတ်သည် သားတော် ယေရှုခရစ်တော်ကို ပုံဆောင်သည်။

• ယခုမူကား၊ ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏ သားတော်ယေရှုသည် (ဟေဗြဲဩဝါဒစာ ၄:၁၄)
• ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာလည်းကောင်း၊ (တိမောသေဩဝါဒစာဒုတိယစောင် ၄:၁)
• လူကို နှစ်သက်စေသကဲ့သို့ မဟုတ်၊ ငါတို့စိတ်နှလုံးကို စစ်ကြောစုံစမ်းတော်မူသော ဘုရားသခင်ကို နှစ်သက်စေသကဲ့သို့ ဟောပြောကြ၏။ (သက်သာလောနိတ်ဩဝါဒစာပထမစောင် ၂:၄)

- သင်တို့ကို ကျပ်တည်းစွာ စစ်တော်မူလျှင်၊ သင်တို့၌ ကျေးဇူးရှိလိမ့်မည်လော။ လူကိုလှည့်စားသကဲ့သို့ ဘုရားသခင်ကို လှည့်စားနိုင်သလော။ သင်တို့သည် တန်ခိုးအာနုဘော်တော်ကြောင့် မကြောက်ကြသလော။ ကြောက်မက်ဖွယ်သော ဂုဏ်တော်ကြောင့် မထိတ်လန့်ကြသလော။ (ယောဘဝတ္ထု ၁၃:၉, ၁၁)
- ယဇ်ပုရောဟိတ်တို့က၊ ညစ်ညူးခြင်းရှိလိမ့်မည်ဟု ပြန်ပြောကြ၏။ ဤလူမျိုး၊ ဤပြည်သားတို့သည် ငါ့မျက်မှောက်၌ ထိုအတူ ဖြစ်ကြ၏။ သူတို့လုပ်ဆောင်သမျှသည်လည်း ထိုအတူဖြစ်၏။ ငါ့ထံမှာ ပူဇော်သောအရာသည်လည်း ညစ်ညူး၏ဟု၊ ထာဝရဘုရား မိန့်တော်မူ၏။ (ဟဂ္ဂဲအနာဂတ္တိကျမ်း ၂:၁၃-၁၄)

ဘုရားသခင်၏ မေတ္တာပါသော သတိပေးချက် #၁:
အနာကြီးရောဂါသည်သည် ညစ်ညမ်းသည်ဟု ကြေညာခံရပြီး
တစ်ယောက်တည်း ပြင်ပမှာပဲ နေထိုင်ဖို့ နှင်ထုတ်ခံခဲ့ရသည်။

- မတရားသောသူသည် မတရားသဖြင့် ပြုစဉ်အခါ၊ လဲခြင်းကိုခံရ၏။ ဖြောင့်မတ်သောသူမူကား၊ သေသောအခါ၌ပင် မျှော်လင့်စရာရှိ၏။ (သုတ္တံကျမ်း ၁၄:၃၂)
- မတရားသော မေထုန်၌ မှီဝဲသောသူ၊ ညစ်ညူးစွာ ပြုသောသူ၊ ရုပ်တုကို ကိုးကွယ်သောသူဖြစ်သော လောဘလွန်ကျူးသောသူ တစ်စုံတစ်ယောက်မျှ ခရစ်တော်နှင့် ဘုရားသခင်၏နိုင်ငံ၌ အမွေမခံရသည်ကို သင်တို့ သိကြ၏။- လျှပ်ပေါ်သောစကားဖြင့် အဘယ်သူမျှ သင်တို့ကို မလှည့်ဖြားစေနှင့်။ ထိုအမှုကြောင့် ဘုရားသခင်၏ အမျက်တော်သည် ငြင်းဆန်တတ်သော သူတို့ အပေါ်သို့ သင့်ရောက်ပေ၏။ (ဧဖက်သြဝါဒစာ ၅:၅-၆)

- ညစ်ညူးသောအရာ၊ စက်ဆုပ်ဖွယ်သောအရာ၊ သစ္စာပျက်သောအရာ တစ်စုံတစ်ခုမျှမဝင်ရဘဲ၊ သိုးသငယ်၏ အသက်စာစောင်၌ စာရင်းဝင်သော သူတို့သာလျှင် ဝင်ရ၏။ (ဗျာဒိတ်ကျမ်း ၂၁:၂၇)

ဘုရားသခင်၏ မေတ္တာပါသော သတိပေးချက် #၂: နူနာစွဲသည့်အဝတ်ကို မစင်ကြယ်လို့ ကြေညာပြီး မီးထဲမှာ ရှို့ခံခဲ့ရသည်။

- အပြစ်ရှိသော ဇိအုန်မြို့သားတို့သည် ကြောက်ကြ၏။ အဓမ္မပြုသောသူတို့သည် ထိတ်လန့်ကြ၏။ ငါတို့တွင် အဘယ်သူသည် လောင်သောမီးထဲမှာ နေရမည်နည်း။ ငါတို့တွင် အဘယ်သူသည် ထာဝရမီးလောင်ခြင်းကို ခံလျက်နေရမည်နည်း။ (ဟေရှာယအနာဂတ္တိကျမ်း ၃၃:၁၄)

ဘုရားသခင်၏ မေတ္တာပါသော သတိပေးချက် #၃: နူနာအိမ်ဟာ မသန့်ရှင်းဘူးဟု ကြေညာပြီး ဖျက်ဆီးခံရသည်။

- သူတို့သည် ငါ့ထံမှထွက်၍ လည်သောကြောင့် အမင်္ဂလာရှိကြ၏။ ငါ့ကိုပြစ်မှားသောကြောင့် ဖျက်ဆီးဖို့ရာ ဖြစ်ကြ၏။ သူတို့ကို ငါရွေးနုတ်သော်လည်း၊ ငါ့တစ်ဖက်၌ မုသားစကားကို ပြောကြ၏။ သူတို့သည် အိပ်ရာပေါ်မှာ မြည်တမ်းသော်လည်း၊ စေတနာစိတ်နှင့် ငါ့ကို မအော်ဟစ်ကြ။ (ဟောရှေအနာဂတ္တိကျမ်း ၇:၁၃-၁၄)
- အကယ်စင်စစ် ဘုရားသခင်သည် သင့်ကို အစဉ်အမြဲ ချိုးဖျက်ပယ်ရှင်းလျက်၊ သင်၏နေရာထဲကနှင်ထုတ်၍၊ အသက်ရှင်သောသူတို့၏နေရာထဲက နုတ်ပစ်တော်မူမည်။ (ဆာလံကျမ်း ၅၂:၅)

မီး၊ ပျက်စီးခြင်းနှင့် ဘုရားသခင့် မျက်မှောက်တော်မှ ခွဲထုတ်ခြင်းတို့၏ အကျိုးဆက်များကို ဓမ္မသစ်ကျမ်းမှ  ဤကျမ်းပိုဒ်က ဖော်ပြသည်။

- အဘယ်သို့နည်းဟူမူကား၊ သခင်ယေရှုသည် တန်ခိုးရှိသော ကောင်းကင်တမန်တို့နှင့်အတူ၊ ကောင်းကင်ဘုံက ပေါ်ထွန်းတော်မူ၍၊ ဘုရားသခင်ကို မသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ၊ သင်တို့ကို ဆင်းရဲစေဖူးသော သူတို၌ ဆင်းရဲခြင်းကိုလည်းကောင်း၊ ဆင်းရဲခံရဖူးသော သင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကိုလည်းကောင်း၊ ဘုရားသခင် ဆပ်ပေး၍ တရားသဖြင့် စီရင်တော်မူလိမ့်မည်။-ထိုသခင်သည် မိမိသန့်ရှင်းသူတို့အားဖြင့် ဂုဏ်အသရေတော် ထင်ရှားခြင်းကိုလည်းကောင်း၊ ငါတို့သက်သေကို သင်တို့သည် ယုံကြည်သည်ဖြစ်၍၊ ယုံကြည်သော သူအပေါင်းတို့အားဖြင့် အံ့ဩချီးမွမ်းခြင်းကိုလည်းကောင်း၊ ခံအံ့သောငှာ ကြွလာတော်မူသောနေ့ရက်၌၊ ထိုသူတို့သည် သခင်ဘုရား၏ မျက်နှာတော်နှင့်လည်းကောင်း၊ တန်ခိုးရှိသော ဘုန်းတော်နှင့်လည်းကောင်း ကွာ၍ ထာဝရပျက်စီးခြင်းတည်းဟူသော အပြစ်ဒဏ်ကို ခံရကြလတ္တံ့၊
သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၁:၆-၁၀

ဘုရားသခင်သည် ကောင်းမြတ်သောအရာအားလုံး၏ ရင်းမြစ် ဖြစ်ပြီး ဘုရားသခင်၏မျက်မှောက်တော်မှ နှင်ထုတ်ခံရခြင်း သို့မဟုတ် သီးခြားဖြစ်ခြင်းတို့သည် ငြိမ်သက်ခြင်းမှ ခွဲထွက်ခြင်းကို ဆိုလိုသည်။

- မတရားသောသူတို့၌ ချမ်းသာမရှိဟု ထာဝရဘုရားမိန့်တော်မူ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၄၈:၂၂)
- သူတို့အကြံသည် အဓမ္မအကြံဖြစ်၍၊ သူတို့သွားရာလမ်း၌ ပျက်စီးခြင်းနှင့် ဒုက္ခဆင်းရဲခြင်းရှိ၏။ ချမ်းသာလမ်းကို သူတို့မသိကြ။ သူတို့ခရီးသွားရာတွင် တရားမပါ။ မိမိတို့သွားစရာဖို့ ကောက်သောလမ်းတို့ကို ပြင်ဆင်ကြပြီ။ လိုက်သွားသောသူ မည်သည်ကား၊ ချမ်းသာကို မသိရ။ (ဟေရှာယအနာဂတ္တိကျမ်း ၅၉:၇-၈)

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို သန့်ရှင်းရန် မျှော်လင့်ချက် မရှိသော်လည်း ယေရှုသည် ကျွန်ုပ်တို့၏အပြစ် ၏ အနာကြီးရောဂါမှ ကျွန်ုပ်တို့ကို ကုသပေးနိုင်ပြီး ကျွန်ုပ်တို့ကို သန့်ရှင်းစေနိုင်သည်။

• ငါသည် ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီ။ အပြစ်နှင့် ကင်းလွတ်၏ဟု အဘယ်သူဆိုနိုင်သနည်း။ (သုတ္တံကျမ်း ၂၀:၉)

• မသန့်ရှင်းသောအရာထဲက သန့်ရှင်းသောအရာကို အဘယ်သူ ထုတ်ဖော်နိုင်သနည်း။ အဘယ်သူမျှ မထုတ်မဖော်နိုင်ပါ။ (ယောဘဝတ္ထု ၁၄:၄)

• နူနာစွဲသောသူတစ်ယောက်သည် အထံတော်သို့လာ၍ ဒူးထောက်လျက်၊ ကိုယ်တော်အလိုရှိလျှင် ကျွန်တော်ကို သန့်ရှင်းစေနိုင်တော်မူသည်ဟု တောင်းပန်လေ၏။- ယေရှုသည် သနားသောစိတ်ရှိသဖြင့် လက်တော်ကို ဆန့်၍ ထိုသူကိုတို့လျက်၊ ငါအလိုရှိ၏။ သန့်ရှင်းခြင်းသို့ ရောက်စေဟု မိန့်တော်မူ၏။- ထိုသို့ မိန့်တော်မူသည် ခဏချင်းတွင် နူနာပျောက်၍ သန့်ရှင်းခြင်းသို့ ရောက်လေ၏။ (ရှင်မာကုခရစ်ဝင် ၁:၄၀-၄၂)

• ဒါဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့၊ ငါတို့သည် အလင်း၌ကျင်လည်လျှင်၊ ဘုရားသခင်၏သားတော် ယေရှုခရစ်၏ အသွေးတော်သည်၊ ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၇)

ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို တည့်မတ်စေရန် မျှော်လင့်ချက် မရှိသော်လည်း၊ ယေရှုသည် ကျွန်ုပ်တို့အပြစ်၏ ကောက်ကျစ်ခြင်းမှ ကျွန်ုပ်တို့ကို ကုသပေးနိုင်ပြီး ကျွန်ုပ်တို့ကို တည့်မတ်စေနိုင်သည်။

• နေအောက်မှာ ပြုလေသမျှသော အမှုအရာတို့ကိုငါမြင်ပြီ။ အလုံးစုံတို့သည် အနတ္တအမှု၊ လေကို ကျက်စားသောအမှု ဖြစ်ကြ၏။ ကောက်သောအ

ရာကို မဖြောင့်စေနိုင်။ ချို့တဲ့သောအရာကို မရေတွက်ရာ။ (ဒေသနာကျမ်း ၁:၁၄-၁၅)

- တစ်ဆယ့်ရှစ်နှစ်ပတ်လုံး နတ်စွဲ၍ ရောဂါနှိပ်စက်ခြင်းကိုခံရသော မိန်းမ တစ်ယောက်ရှိ၏။ ထိုမိန်းမသည် ကျောကုန်း၍ ကိုယ်ကို အလျှင်းမဆန့်နိုင်။ ယေရှုသည် ထိုမိန်းမကို မြင်တော်မူလျှင် အထံတော်သို့ခေါ်၍၊ အချင်းမိန်းမ၊ သင်သည် အနာရောဂါနှင့် လွတ်၏ဟု မိန့်တော်မူလျက်၊ သူ့အပေါ်မှာလက် တော်ကို တင်တော်မူသဖြင့်၊ သူသည် ချက်ချင်း တည့်မတ်ခြင်းသို့ရောက်၍ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းလေ၏။ (ရှင်လုကာခရစ်ဝင် ၁၃:၁၁-၁၃)
- အို ထာဝရဘုရား၊ အကျွန်ုပ်၏အနာကို ငြိမ်းစေတော်မူပါ။ သို့ပြုလျှင်၊ အ ကျွန်ုပ်သည် အနာငြိမ်းပါလိမ့်မည်။ အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ သို့ပြု လျှင်၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ ရောက်ပါလိမ့်မည်။ ကိုယ်တော် သည် အကျွန်ုပ်ချီးမွမ်းရာ ဖြစ်တော်မူ၏။ (ယေရမိအနာဂတ္တိကျမ်း ၁၇:၁၄)

ကျွန်ုပ်တို့တွင် အပြစ်၏ချုပ်နှောင်ခြင်းနှင့် ကျွန်ခံခြင်းမှ လွတ်မြောက်ရန် မျှော်လင့်ချက် မရှိသော်လည်း ယေရှုသည် ကျွန်ုပ်တို့ကို လွတ်မြောက်စေနိုင်ပါသည်။

- အကျွန်ုပ်တို့သည် ကျွန်ခံလျက်နေရပါ၏။ ထိုသို့ ကျွန်ခံလျက် နေရသော် လည်း၊ အကျွန်ုပ်တို့၏ ဘုရားသခင်သည် စွန့်ပစ်တော်မမူ။ အကျွန်ုပ်တို့၌ ကျေးဇူးပြုချင်သော စေတနာစိတ်ကို ပေးသနားတော်မူပြီ။ (ဧဇရမှတ်စာ ၉:၉)
- ငါသည် ထာဝရဘုရားဖြစ်၏။ ငါသည်လည်း သင်တို့ကို အဲဂုတ္တုလူတို့ လက်မှလွှတ်၍၊ သူတို့၏ ညှဉ်းဆဲခြင်းထဲက နုတ်ယူမည်။ လက်ဆန့်ခြင်း၊ ကြီးစွာသောဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကိုငါရွေးမည်။ (ထွက်မြောက်ရာ ကျမ်း ၆:၆)

- ထိုကြောင့် သားသည် သင်တို့ကိုလွတ်လျှင်၊ သင်တို့သည် ကေန်အမှန်လွတ်ကြလိမ့်မည်။ (ရှင်ယောဟန်ခရစ်ဝင် ၈:၃၆)
- ယေရှုခရစ်၌တည်၍ အသက်ရှင်စေသော ဝိညာဉ်တော်၏တရားသည် အပြစ်တရား၏ လက်မှလည်းကောင်း၊ သေခြင်းတရား၏လက်မှလည်းကောင်း၊ ငါ့ကိုကယ်လွှတ်ပြီ။ (ရောမသြဝါဒစာ ၈:၂)

သဘာဝအားဖြင့် ကျွန်ုပ်တို့မှာ လှည့်စားတတ်သော နှလုံးရှိသော်လည်း ယေရှုသည် စိတ်နှလုံးအသစ်ကို ပေးနိုင်ပါသည်။

- ငါသည် စင်ကြယ်၏ဟု မိမိကိုယ်ထင်သော်လည်း၊ မိမိအညစ်အကြေးမှ မဆေးကြောသေးသော လူတစ်မျိုး၊ (သုတ္တံကျမ်း ၃၀:၁၂)
- ဘုရားသခင်ကို ကြောက်ရွံ့ရသောအကြောင်းသည် မတရားသောသူ၏ မျက်စိ၌မထင်၊ သူ၏အပြစ်ကို တွေ့တော်မမူ၊ ရွံရှာတော်မမူဟု ကိုယ်မျက်စိရှေ့၌ ကိုယ်ကောင်းသော အယောင်ကို ဆောင်တတ်၏။ (ဆာလံကျမ်း ၃၆:၁-၂)
- ယေရှုကလည်း၊ သင်တို့သည် လူများရှေ့မှာ ဖြောင့်မတ်ဟန်ဆောင်သော်လည်း၊ ဘုရားသခင်သည် သင်တို့၏စိတ်နှလုံးကို သိမြင်တော်မူ၏။ လူသဘောအားဖြင့် အမြတ်ထားသောအရာသည် ဘုရားသခင့် ရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။ (ရှင်လုကာခရစ်ဝင် ၁၆:၁၅)
- စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း။ ငါထာဝရဘုရားသည် လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်း၊ မိမိတို့ခံထိုက်သော အကျိုးအပြစ်ကိုပေးခြင်းငှာ၊ နှလုံးကျောက်ကပ်တို့ကို စေ့စေ့စစ်ကြောတတ်၏။ (ယေရမိအနာဂတ္တိကျမ်း ၁၇:၉-၁၀)
- အပြစ်မှလွတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်းသို့ ရောက်သောသူသည် မင်္ဂလာရှိ၏။ ထာဝရဘုရားအပြစ်တင်တော်မမူခြင်းနှင့် လွတ်၍၊ လှည့်စား

တတ်သော စိတ်သဘောနှင့် ကင်းစင်သောသူသည် မင်္ဂလာရှိ၏။ (ဆာလံ ကျမ်း ၃၂:၁-၂)

- ကိုယ်တော်သာလျှင် လူသတ္တဝါအပေါင်းတို့၏ စိတ်နှလုံးသဘောကို သိတော်မူသည်ဖြစ်၍၊ ဆုတောင်းသောသူတို့၏စိတ်နှလုံးသဘောကိုသိလျက် သူတို့အပြစ်ကို လွှတ်တော်မူပါ။ အသီးအသီး ပြုကြသည်အတိုင်း စီရင်တော်မူပါ။ (ရာဇဝင်ချုပ်ဒုတိယစောင် ၆:၃၁)
- အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။ (ဆာလံကျမ်း ၅၁:၁၀)
- သင်တို့အပေါ်မှာ သန့်ရှင်းသောရေကို ဖျန်းသဖြင့်၊ သင်တို့ကို ခပ်သိမ်းသော အညစ်အကြေးမှစ၍ ခပ်သိမ်းသော ရုပ်တုတို့နှင့် ကင်းစင်စေမည်။ စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကို ပေးမည်။ (ယေဇကျေလအနာဂတ္တိကျမ်း ၃၆:၂၅-၂၆)

## ၁၆။ ဘုရားသခင်၏မျက်လုံးတော်ထဲမှ လူနှစ်မျိုး

ဘုရားသခင်၏မျက်လုံးထဲတွင် ဆိုးညစ်သူ (ကိုယ့်ခွန်အား၏ လုပ်ဆောင်မှုကိုယုံကြည်ခြင်း) သို့မဟုတ် ဖြောင့်မတ်သော သူတော်စင်(ဘုရားသခင် ကို ကိုးစား ခြင်း) ဖြစ်ကြသည်။

- မိမိသန့်ရှင်းသူတို့ခြေကို စောင့်မတော်မူလိမ့်မည်။ မတရားသောသူတို့သည် မှောင်မိုက်၌ တိတ်ဆိတ်စွာ နေရကြလိမ့်မည်။ ကိုယ်အစွမ်းသတ္တိအားဖြင့် အဘယ်သူမျှ မနိုင်ရာ။ (ဓမ္မရာဇဝင်ပထမစောင် ၂:၉)

- အကြောင်းမူကား၊ မတရားသောသူ၏လက်ရုံးသည် ကျိုးရလိမ့်မည်။ ဖြောင့်မတ်သောသူကိုကား၊ ထာဝရဘုရား မစတော်မူ၏။ (ဆာလံကျမ်း ၃၇:၁၇)
- ထာဝရဘုရားသည် ခပ်သိမ်းသော လူအမျိုးမျိုးတို့ရှေ့မှာ၊ သန့်ရှင်းသော လက်ရုံးတော်ကို ဖွင့်ပြတော်မူသဖြင့်၊ မြေကြီးစွန်းရှိသမျှတို့သည် ငါတို့ဘုရားသခင်၏ ကယ်တင်တော်မူခြင်းကျေးဇူးကို သိမြင်ကြလတ္တံ့။ (ဟေရှာယအနာဂတ္တိကျမ်း ၅၂:၁၀)
- လူတစ်ယောက်မျှမရှိသည်ကို မြင်တော်မူ၏။  ထိုကြောင့်၊ မိမိလက်တော်သည် မိမိအဖို့ ကယ်တင်ခြင်းအမှုကိုပြု၍၊ မိမိဖြောင့်မတ်ခြင်းတရားသည် မိမိကို ထောက်ပင့်၏။ (ဟေရှာယအနာဂတ္တိကျမ်း ၅၉:၁၆)
- ကိုယ်တော်၏လူကို လက်ရုံးတော်နှင့် ကယ်နုတ်တော်မူပြီ။ (ဆာလံကျမ်း ၇၇:၁၅)
- ငါ၏ ဖြောင့်မတ်ခြင်းတရားသည် အနီးမှာရှိ၏။ ငါ၏ကယ်တင်ခြင်းတရားသည် ထွက်သွားပြီ။ ငါ့လက်ရုံးကို ကိုးစားကြလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း ၅၁:၅)

ဘုရားသခင့် မျက်မှောက်တွင် လူနှစ်မျိုးသာ ရှိသောကြောင့် ရလဒ်နှစ်ခုသာ ရှိသည်။

- ထိုသူတို့သည် ထာဝရအပြစ်ဒဏ် ခံရာသို့လည်းကောင်း၊ ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာသို့လည်းကောင်း သွားရကြလတ္တံ့ဟု မိန့်တော်မူ၏။ (ရှင်မဿဲခရစ်ဝင် ၂၅:၄၆)
- ဖြောင့်မတ်သောသူ၏မျှော်လင့်ခြင်းသည် ဝမ်းမြောက်စရာအကြောင်းဖြစ်၏။ ဆိုးသောသူ၏မျှော်လင့်ခြင်းမူကား ပျောက်ပျက်လိမ့်မည်။ ထာဝရဘုရား၏တရားလမ်းသည် ဖြောင့်မတ်သောသူ ခိုင်ခံ့ခြင်းအကြောင်းဖြစ်၏။

မတရားသဖြင့် ကျင့်သောသူတို့မူကား၊ ပျက်စီးခြင်းသို့ ရောက်ရကြလိမ့်မည်။ (သုတ္တံကျမ်း ၁၀:၂၈-၂၉)

- စုံလင်ခြင်းတရားကို စောင့်ရှောက်လော့။ ဖြောင့်မတ်ခြင်းတရားကို ကြည့်ရှုဆင်ခြင်လော့။ ထိုသို့ပြုသောသူသည် အဆုံး၌ ငြိမ်သက်ခြင်းကို ခံစားရလိမ့်မည်။ ပြစ်မှားသောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ ရောက်၍၊ မတရားသောသူတို့သည် အဆုံး၌ ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။ ဖြောင့်မတ်သောသူတို့၏ ကယ်တင်ခြင်းအမှုကို ထာဝရဘုရားစီရင်တော်မူ၏။ ဘေးရောက်သည်ကာလ၌ သူတို့ခိုလှုံရာဖြစ်တော်မူ၏။ ထာဝရဘုရားသည် သူတို့ကိုမစကယ်တင်တော်မူမည်။ ယုံကြည်ခိုလှုံသောကြောင့်၊ မတရားသောသူတို့လက်မှ နုတ်ယူကယ်တင်တော်မူမည်။ (ဆာလံကျမ်း ၃၇:၃၇-၄၀)
- ဖြောင့်မတ်သောသူသည် ဒုက္ခထဲကထွက်မြောက်၍၊ သူ့ကိုယ်စား မတရားသောသူခံရ၏။ (သုတ္တံကျမ်း ၁၁:၈)
- လူသားသည် မိမိကောင်းကင်တမန်တို့ကို စေလွှတ်ပြီးလျှင်၊ မှားယွင်းစေသောသူတို့နှင့် မတရားသော အမှုကိုပြုသောသူ ရှိသမျှတို့ကို နိုင်ငံတော်ထဲက ရွေးနုတ်၍၊- ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖို၌ချကြလတ္တံ့။- ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့ မိမိတို့အဘ၏ နိုင်ငံတော်၌ ထွန်းလင်းကြလတ္တံ့။ ကြားစရာနားရှိသောသူ မည်သည်ကား ကြားပါစေ။ (ရှင်မဿဲခရစ်ဝင် ၁၃:၄၁-၄၃)

ဘုရားသခင်သည် လူသားကိုချစ်ပြီး ကယ်တင်ခြင်းဆုကျေးဇူးကိုရရှိရန် ကိုယ်တော်ထံသို့မလာသောကြောင့် ငရဲသို့သွားရမည့် လူများ၌ လုံးဝပျော်ရွှင်မှု မရှိပါ။

- ယေရှုကလည်း၊ သင်တို့သည် အသက်ကိုရအောင် ငါ့ထံသို့ လာခြင်းငှာ အလိုမရှိကြ၊ (ရှင်ယောဟန်ခရစ်ဝင် ၅:၁၉, ၄၀)

- အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည် မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။ (ယေဇကျေလအနာဂတ္တိကျမ်း ၃၃:၁၁)
- ထိုအကြောင်းကို တပည့်တော်ယာကုပ်၊ ယောဟန်တို့သည်မြင်လျှင်၊ သခင်၊ ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှာ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊ ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ၊ လူသားသည်လူတို့၏ အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှာ ကြွလာသည်ဟု ဆုံးမတော်မူပြီးမှ၊- အခြားသောရွာသို့ ကြွတော်မူ၏။ (ရှင်လုကာခရစ်ဝင် ၉:၅၄-၅၆)

ကျွန်ုပ်တို့အားလုံးသည် ဆိုးသွမ်းသောသဘာဝဖြင့် မွေးဖွားလာကြသော်လည်း ယေရှု၏ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်းဖြင့် (ဒုတိယအကြိမ်မွေးဖွားခြင်း) ဖြောင့်မတ်လာနိုင်ပါသည်။

- မတရားသော သူတို့သည် အမိဝမ်းထဲမှစ၍ ရိုင်းသောသဘောရှိကြ၏။ မွေးကတည်းက လမ်းလွှဲ၍ မုသားစကားကို ပြောတတ်ကြ၏။ (ဆာလံကျမ်း ၅၈:၃)
- အကျွန်ုပ်သည် မွေးစကပင် အပြစ်ပါလျက်ရှိ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါ၏။ (ဆာလံကျမ်း ၅၁:၅)
- ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၃:၃)
- အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်း

မူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သော သူ ဖြစ်မည်အကြောင်းတည်း။ (ကောရိန္သုသြဝါဒစာဒုတိယစောင် ၅:၂၁)

- ယခုမူကား၊ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့သည် သက်သေခံသည်နှင့် အညီ၊ ပညတ်တရားနှင့် မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားတည်းဟူသော၊- ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်၊ ယုံကြည်သော သူအပေါင်းတို့အဖို့ ဖြစ်၍၊ ထိုသူအပေါင်းတို့ အပေါ်သို့ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။ ခြားနားခြင်း အလျှင်းမရှိ။ (ရောမသြဝါဒစာ ၃:၂၁-၂၂)

တစ်ခု ဒါမှမဟုတ် တခြားတစ်ခုကို လိုက်လျှောက်သည့်သဘောမျိုးတွင် "ဖခင်" နှစ်ယောက်ပဲ ရှိပါသည်။ တစ်ဖန်မွေးဖွားလာမည်ဆိုလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဖခမည်းတော် ဖြစ်သည်။

- ယေရှုကလည်း၊ ဘုရားသခင်သည် သင်တို့အဘမှန်လျှင် သင်တို့သည် ငါ့ကို ချစ်ကြလိမ့်မည်။ သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှဆင်း သက်ကြ၏။ သင်တို့အဘ၏အလိုသို့လည်း လိုက်တတ်ကြ၏။ သူသည် မုသားစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသားစကား၌ ကျင်လည်သောသူဖြစ်၏။ မုသား၏အဘလည်း ဖြစ်၏။ (ရှင်ယောဟန်ခရစ်ဝင် ၈:၄၂, ၄၄)

သူတို့သည် ယိုယွင်းကြပြီ။ ဘုရားသခင်၏သားမဟုတ်၊
အညစ်အကြေးကပ်ကြ၏။ သဘောကောက်၍
ဖောက်ပြန်သောအမျိုးဖြစ်ကြ၏။ (တရားဟောရာကျမ်း ၃၂:၅)

ကိုယ့်ကိုကိုယ် ယုံကြည်ကိုးစားသည်ဖြစ်စေ၊ ဘုရားသခင့်အမှုတော်ကို ယုံကြည်ကိုးစားသည်ဖြစ်စေ ယုံကြည်ကိုးစားမှုနှစ်မျိုးသာ ရှိသည်။

- ထာဝရဘုရား မိန့်တော်မူသည်ကား၊ လူကိုကိုးစား၍ လူသတ္တဝါကို အမှီပြု သဖြင့်၊ စိတ်နှလုံးထဲ၌ ထာဝရဘုရားထံတော်မှ ထွက်သွားသောသူသည် ကျိန်အပ်သောသူဖြစ်၏။ ထိုသူသည် လွင်ပြင်၌ရှိသော သစ်ပင်ခြောက်ကဲ့ သို့ဖြစ်၍၊ ကောင်းကျိုးရောက်ကြောင်းကို မသိရ။ အဘယ်သူမျှမနေသော ဆားမြေ၊ သွေ့ခြောက်သောလွင်ပြင်၌ နေရလိမ့်မည်။ (ယေရမိအနာဂတ္တိ ကျမ်း ၁၇:၅-၆)
- ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရဘုရားကို မိမိကိုးစားရာ အ ကြောင်းဖြစ်စေသောသူသည် ကောင်းချီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား၊ ရေရှိသောအရပ်၌စိုက်၍ မြစ်နားမှာ အမြစ်ဖြာသဖြင့်၊ ပူ သောအရှိန်ရောက်ကြောင်းကို မသိ၊ (ယေရမိအနာဂတ္တိကျမ်း ၁၇:၇-၈)
- ငါသည် နှလုံးကျောက်ကပ်ကို စစ်ဆေးတော်မူသော သူဖြစ်ကြောင်းကို သိ ရကြလိမ့်မည်။ သင်တို့သည် အသီးအသီးကျင့်သော အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ငါပေးမည်။ (ဗျာဒိတ်ကျမ်း ၂:၂၃)
- သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅:၁၂) ။

## ၁၇။ ကျွန်ုပ်တို့၏လိုအပ်ချက်များကို သိရှိခြင်း

ကျွန်ုပ်တို့တွင် ကျွန်ုပ်တို့ လုပ်ဆောင်သည့်အရာသည် မဟုတ်၊ ကျွန်ုပ်တို့တွင် ကောင်းသောအရာမရှိဟု သဘောပေါက်ပြီး ရှိသမျှကို "ရောင်းချ/ဖယ်ရှား" သင့်ပြီး ၊ ယေရှုတစ်ပါးတည်းသာ ကောင်းမြတ်ကြောင်း သိရှိထားသင့်သည်။

• ထိုကြောင့်၊ လိုချင်သောသူသည် တတ်နိုင်သည် မဟုတ်။ ပြေးသောသူသည်လည်း တတ်နိုင်သည်မဟုတ်။ ကျေးဇူးပြုတော်မူသော ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏။ (ရောမဩဝါဒစာ ၉:၁၆)

• လမ်းမှာကြွတော်မူစဉ်တွင် လူတစ်ယောက်သည် အထံတော်သို့ပြေး၍ ဒူးထောက်လျက်၊ ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကို အမွေခံရအံ့သောငှာ အကျွန်ုပ်သည် အဘယ်အမှုကို ပြုရပါမည်နည်းဟု မေးလျှောက်သော်၊- ယေရှုက၊ ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့် ခေါ်သနည်း။ ဘုရားသခင်တစ်ပါးတည်းသာ ကောင်းမြတ်တော်မူ၏။- သင်သည် ပညတ်တော်တို့ကို သိသည်မဟုတ်လော။ အရှင်ဘုရား၊ ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ်သည် ငယ်သောအရွယ်မှစ၍ စောင့်ရှောက်ပါပြီဟု လျှောက်ပြန်လျှင်၊- ယေရှုသည်၊ ထိုသူကိုကြည့်ရှုလျက် ချစ်သောစိတ်ရှိ၍၊ သင်သည်တစ်ခုလိုသေး၏။ သွားလော့။ ကိုယ်ဥစ္စာရှိသမျှကို ရောင်းလော့။ သို့ပြီးမှလာ၍ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူ၏။- ထိုသူသည် များစွာသောဥစ္စာကို ရတတ်သောသူဖြစ်၍၊ ထိုစကားကိုကြားလျှင် မျက်နှာပျက်၍ စိတ်မသာသည်နှင့် သွားလေ၏။ (ရှင်မာကုခရစ်ဝင် ၁၀:၁၇-၂၂)

• ထိုနည်းတူ၊ သင်တို့တွင် အကြင်သူသည် မိမိ၌ရှိသမျှကို မစွန့်ဘဲနေ၏။ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်ရာ။ (ရှင်လုကာခရစ်ဝင် ၁၄:၃၃)

ယေရှုသည် "သင်၌ တစ်ခု လိုသေးသည်"ဟု သူ့ကို ပြောခဲ့သည်။ အရေးကြီးသော တစ်ခုတည်းသောအရာမှာ ယေရှုကိုယုံကြည်ကိုးစားခြင်းဖြင့် ကျွန်ုပ်တို့၏အမည်သည် အသက်စာစောင် တွင် ရှိနေရန် ဖြစ်သည်။

• တစ်ဖန်တုံ၊ ဖြူသောပလ္လင်ကြီးကိုလည်းကောင်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူကိုလည်းကောင်း ငါမြင်၏။ ကောင်းကင်နှင့် မြေကြီးသည် မျက်နှာတော်ရှေ့မှ ပြေးလွင့်၍ သူတို့ နေစရာအရပ်မရှိ။- သေလွန်သောသူ အကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏။ စာစောင်များ

ကို ဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတစ်ပါးသော စာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကို ခံရကြ၏။- အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။

ဗျာဒိတ်ကျမ်း ၂၀:၁၁-၁၂, ၁၅

လက်ဝါးကပ်တိုင်ထမ်းခြင်းဟူသည် ကျွန်ုပ်တို့၏မာန သေဆုံးသွားခြင်းကို ဆိုလိုပြီး ကျွန်ုပ်တို့သည် ကမ်းလှမ်းစရာကောင်းသောအရာတစ်ခုခုရှိကြောင်း ငြင်းဆိုခြင်းဖြစ်ပြီး ယင်းကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေပါ။

- အကြင်သူသည် ငါ၌ဆည်းကပ်ခြင်းငှာ အလိုရှိ၏။ ထိုသူသည် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ (ရှင်မာကုခရစ်ဝင် ၈:၃၄)
- တစ်ဖန်တုံ၊ ညီအစ်ကိုတို့၊ ငါသည် အရေဖျားလှီးခြင်းတရားကို ဟောပြောသေးသည်မှန်လျှင်၊ အဘယ်ကြောင့် ညှဉ်းဆဲခြင်းကို ခံရသေးသနည်း။ ထိုသို့ပြောလျှင်၊ လက်ဝါးကပ်တိုင်တော်ကို ထိမိ၍လဲစရာအကြောင်း ပယ်ရှင်းလျက်ရှိ၏။ (ဂလာတိသြဝါဒစာ ၅:၁၁)
- ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၊ ထိုဘုရားသည် သင်တို့ခိုလှုံရာဖြစ်တော်မူလိမ့်မည်။ သို့ရာတွင် ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာကျောက် ဖြစ်တော်မူလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း ၈:၁၃-၁၄)
- ငါ့ကြောင့် စိတ်မပျက်သောသူသည် မင်္ဂလာရှိ၏ဟု ပြန်ပြောတော်မူ၏။ (ရှင်မဿဲခရစ်ဝင် ၁၁:၆)

ဘုရားသခင့် ကယ်တင်ခြင်းကို လူတိုင်း ရရှိနိုင်ပါသော်လည်း၊ ကျွန်ုပ်တို့၏လိုအပ်ချက်ကို သိပြီး ကိုယ်တော်၌ ယုံကြည်ခြင်းအားဖြင့်သာ ရရှိနိုင်ပါသည်။

- ထိုသခင်သည် ငါတို့၏အပြစ်မက၊ လောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာအကြောင်း ဖြစ်တော်မူ၏။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၂:၂)
- ငါတို့သည် မျှော်လင့်လျက်၊ လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှား ပေါ်ထွန်းလျက်ရှိ၏။ (တိတုဩဝါဒစာ ၂:၁၁-၁)
- ထိုကြောင့်၊ အသက်ရှင်တော်မူထသော၊ လူအပေါင်းတို့ကို အထူးသဖြင့် ကယ်မတော်မူသော ဘုရားသခင်၌ ငါတို့သည်ကိုးစားသည်နှင့်အညီ၊ ပင်ပန်းစွာ အမှုဆောင်ရွက်ကြ၏။ ကဲ့ရဲ့ခြင်းကိုလည်း ခံရကြ၏။ (တိမောသေဩဝါဒစာပထမစောင် ၄:၁၀)

အပြစ်သားအဖြစ် ကျွန်ုပ်တို့ အလွန်လိုအပ်ကြောင်း သိပြီး ယေရှုကို ယုံကြည်မည်ဆိုလျှင် ကိုယ်တော်အား ကယ်တင်ခြင်းအတွက် တောင်းဆိုပါလိမ့်မည်။

- အကြောင်းမူကား၊ ငတ်မွတ်သောသူအော်ဟစ်သောအခါ၊ ထိုသူကိုလည်းကောင်း၊ ကိုးကွယ်ရာမရှိ၍ ဆင်းရဲသောသူကိုလည်းကောင်း ချမ်းသာပေးတော်မူလိမ့်မည်။ ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူကိုသနား၍၊ ငတ်မွတ်သောသူတို့၏အသက်ကို ကယ်တင်တော်မူလိမ့်မည်။ (ဆာလံကျမ်း ၇၂:၁၂-၁၃)
- ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှာ၊ ဤလောကသို့ ကြွလာတော်မူသည်ဟူသောစကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ ခံယူအပ်သောစကားလည်းဖြစ်၏။ အပြစ်ရှိသော သူတို့တွင် ငါသည် အကြီးဆုံးဖြစ်၏။- သို့သော်လည်း၊ ထာဝရအသက်အလိုငှာ ယုံကြည်လတ္တံ့သော

သူတို့ လိုက်စရာပုံသက်သေ ဖြစ်စေခြင်းငှာ၊ အကြီးဆုံးသောအပြစ်ရှိသော ငါ၌၊ ယေရှုခရစ်သည် ခပ်သိမ်းသောခန္တီတော်ကို ပြတော်မူမည်အကြောင်း၊ ငါ့ကိုသနားတော်မူပြီ။ (တိမောသေသြဝါဒစာပထမစောင် ၁:၁၅-၁၆)

- ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင် ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း၊ ယုံကြည်ရမည်။ (ဟေဗြဲသြဝါဒစာ ၁၁:၆)
- လူအပေါင်းတို့ကို အစိုးရသော အရှင်တစ်ပါးတည်းရှိ၍၊ ကိုယ်တော်ကို ပတ္ထနာပြုသော သူအပေါင်းတို့၌ ကျေးဇူးကြွယ်ဝတော်မူ၏။- အကြောင်းမူကား၊ ထာဝရဘုရားကို ပတ္ထနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့။ (ရောမသြဝါဒစာ ၁၀:၁၂-၁၃)

အကယ်၍ ကျွန်ုပ်တို့သည် အပြစ်နှင့် ရောဂါဖြစ်နေကြောင်း သိပြီး ယေရှုကိုယုံကြည်လျှင် ကိုယ်တော့်အားဖြင့် ရောဂါပျောက်ကင်းစေရန် ကိုယ်တော့်ထံရောက်လာမည်ဖြစ်ပြီး မသေပါ။

- ယေရှုသည် ကြားတော်မူလျှင်၊ ကျန်းမာသောသူတို့သည် ဆေးသမားကို အလိုမရှိကြ။ နာသောသူတို့ သာလျှင် အလိုရှိကြ၏။- ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်း ကရုဏာအကျင့်ကို ငါနှစ်သက်၏ဟူသော ကျမ်းစကားကို နားလည်ခြင်းငှာ သင်တို့သွား၍ သင်ကြလော့။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ ခေါ်ခြင်းငှာ၊ ငါလာသည် မဟုတ်။ ဆိုးသောသူတို့ကို ခေါ်ခြင်းငှာ၊ ငါလာသတည်းဟု မိန့်တော်မူ၏။ (ရှင်မဿဲခရစ်ဝင် ၉:၁၂-၁၃)
- ငါလျှောက်ဆိုရသည်ကား၊ အိုထာဝရဘုရား၊ အကျွန်ုပ်ကို သနားတော်ပါ။ အကျွန်ုပ်သည် ကိုယ်တော်ကို ပြစ်မှားမိသည်ဖြစ်၍၊ အကျွန်ုပ်၌ စိတ်ဝိညာဉ်၏အနာကို ပျောက်စေတော်မူပါဟု လျှောက်ဆို၏။ (ဆာလံကျမ်း ၄၁:၄)

ကျွန်ုပ်တို့၏ ဆင်းရဲနွမ်းပါးမှုကို သဘောပေါက်ပြီး ဘုရားသခင့်
ဖြောင့်မတ်ခြင်းကို ဆာလောင်မွတ်သိပ်ပါက
ကောင်းကင်မှာ ရယ်မောပြီး ရွှင်လန်းကြပါလိမ့်မည်။

- ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလတ္တံ့။ (ရှင်မဿဲခရစ်ဝင် ၅:၆)
- ထိုအခါ ကိုယ်တော်သည်မျှော်၍ တပည့်တော်တို့ကို ကြည့်ရှုတော်မူလျှင်၊ ဆင်းရဲသောသင်တို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ဘုရားသခင်၏ နိုင်ငံတော်သည် သင်တို့၏နိုင်ငံဖြစ်၏။- ယခုတွင် ငတ်မွတ်သောသင်တို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည် ဝပြောခြင်းသို့ ရောက်ကြလတ္တံ့။ ယခုတွင် ငိုကြွေးသော သင်တို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည် ရယ်ကြလတ္တံ့။ (ရှင်လုကာခရစ်ဝင် ၆:၂၀-၂၁)
- ငါချစ်သောညီအစ်ကိုတို့၊ နားထောင်ကြလော့။ လောကတွင် ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်း ရတနာကို ရတတ်စေခြင်းငှာလည်းကောင်း၊ ဘုရားသခင်ကို ချစ်သောသူတို့အား ပေးမည်ဟု ဝန်ခံတော်မူသော နိုင်ငံတော်၏အမွေခံ ဖြစ်စေခြင်းငှာလည်းကောင်း၊ ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော။ (ရှင်ယာကုပ်သြဝါဒစာ ၂:၅)
- မာရိကလည်း၊ ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို ချီးမွမ်း၏။- ငါ့ကို ကယ်တင်တော်မူသောအရှင် ဘုရားသခင်ကို အမှီပြု၍ ငါ့ဝိညာဉ်သည် ရွှင်လန်းခြင်းရှိ၏။- တန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသည် အံ့ဖွယ်သောကျေးဇူးတော်ကို ငါ့အားပြုတော်မူပြီ၊ ထိုဘုရား၏ နာမတော်သည် ရိုသေဖွယ်ဖြစ်တော်မူ၏။- ငတ်မွတ်သောသူတို့ကို ကောင်းမွန်စွာကျွေး၍ ရတတ်သောသူတို့ကို လက်ချည်း လွှတ်လိုက်တော်မူပြီ။ (ရှင်လုကာခရစ်ဝင် ၁:၄၆-၄၇, ၄၉, ၅၃)

- ဤဆင်းရဲသောသူ၏ အော်ဟစ်ခြင်းအသံကို ထာဝရဘုရားသည် နားထောင်၍၊ ခပ်သိမ်းသော ဆင်းရဲထဲက ကယ်လွှတ်တော်မူ၏။ (ဆာလံကျမ်း ၃၄:၆)
- ဆာငတ်မွတ်သိပ်၍ စိတ်ပျက်ကြ၏။ ဆင်းရဲခံရသောအခါ၊ ထာဝရဘုရားကိုအော်ဟစ်၍၊ ဆင်းရဲဒုက္ခထဲက ဆယ်နုတ်တော်မူ၏။ သူတို့နေစရာမြို့သို့ ရောက်စေခြင်းငှာ၊ ဖြောင့်သောလမ်းဖြင့် ပို့ဆောင်တော်မူ၏။ လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့် အံ့ဖွယ်သောအမှုတော်တို့ကို ထောက်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။ အကြောင်းမူကား၊ တောင့်တသောဝိညာဉ်ကို ရောင့်ရဲစေ၍၊ မွတ်သိပ်သောဝိညာဉ်ကိုလည်း၊ ကောင်းသောအရာနှင့် ဝစေတော်မူ၏။ (ဆာလံကျမ်း ၁၀၇:၅-၉)
- အိုဘုရားသခင်၊ ဆင်းရဲသောသူတို့အဖို့ ကျေးဇူးတော်အားဖြင့် ပြင်ဆင်တော်မူ၏။ (ဆာလံကျမ်း ၆၈:၁၀)

သို့သော် ကျွန်ုပ်တို့၏"စည်းစိမ်" (ကောင်းမြတ်မှုကြွယ်ဝသည်ဟုယူဆခြင်း)ကို ယုံကြည်ကိုးစားလျှင် ကျွန်ုပ်တို့၏"စည်းစိမ်များ"သည် အမှန်တကယ်တန်ဖိုးမရှိကြောင်း အဆုံးတွင် သိလာပါလိမ့်မည်။

- တစ်နည်းကား၊ ငွေရတတ်သောသင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည် မိမိသက်သာခြင်းကို ယခုခံရကြ၏။- ဝစွာစားရသော သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည် ငတ်မွတ်ခြင်းသို့ ရောက်ရကြလတ္တံ့။ ယခု ရယ်တတ်သောသင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည် ညည်းတွားငိုကြွေးရကြလတ္တံ့။ (ရှင်လုကာခရစ်ဝင် ၆:၂၄-၂၅)
- မိမိစည်းစိမ်ကို ကိုးစားသောသူသည် ရှုံးလိမ့်မည်။ ဖြောင့်မတ်သောသူမူကား၊ သစ်ခက်ကဲ့သို့ စိမ်းလန်းလိမ့်မည်။ (သုတ္တံကျမ်း ၁၁:၂၈)

- ဘုရားသခင်ကို မခိုလှုံ၊ မိမိဥစ္စာကြွယ်ဝခြင်း၌ ကိုးစား၍၊ မိမိဒုစရိုက်၌ ခိုင်ခံ့သောသူကိုကြည့်ပါဟူ၍ သူ၌ရယ်ကြလိမ့်မည်။ (ဆာလံကျမ်း ၅၂:၇)
- သင်သည် မိမိဆည်းပူးသော ဘဏ္ဍာဥစ္စာကို ကိုးစားသောကြောင့်၊ သူတစ်ပါးလက်သို့ ရောက်ရလိမ့်မည်။ (ယေရမိအနာဂတ္တိကျမ်း ၄၈:၇)
- အချင်းသူဌေး၊ သူကြွယ်တို့၊ ယခုလာကြ၊ သင်တို့အပေါ်၌ ရောက်လတ္တံ့သော ဆင်းရဲဒုက္ခဝေဒနာကြောင့် ငိုကြွေးအော်ဟစ်ကြ။- သင်တို့ဥစ္စာပစ္စည်းသည် ပုပ်စပ်လျက်ရှိ၏။ အဝတ်ကိုလည်း ပိုးကိုက်စားလေပြီ။ (ရှင်ယာကုပ်ဩဝါဒစာ ၅:၁-၂)
- အလွန်ဆင်းရဲလျက်နှင့် ရတတ်ဟန်ဆောင်သောသူရှိ၏။ အလွန်ရတတ်လျက်နှင့် ဆင်းရဲဟန်ဆောင်သောသူလည်းရှိ၏။ (သုတ္တံကျမ်း ၁၃:၇)

## ၁၈။ ဘုရားသခင်၏ကယ်တင်ခြင်းသည် အားလုံးအတွက်ရနိုင်ပါသည်။

ကျွန်ုပ်တို့ လုပ်ဆောင်ခဲ့သည့်အရာများသည် မည်မျှပင် ကြောက်မက်ဖွယ်ဖြစ်ပါစေ ဘုရားသခင်၏ ကယ်တင်ခြင်းကို ရရှိနိုင်ပြီး၊
ကျွန်ုပ်တို့ကယ်တင်ခံရရန် ဘုရားသခင် အလိုတော်ရှိသည်။

- ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။- အဘယ်သို့ဖြစ်သနည်း ဟူမူကား၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ယုံကြည်ခြင်း၌တည်သော ဘုရားသခင်၏

ဖြောင့်မတ်ခြင်းတရားသည်၊ ယုံကြည်ခြင်းအဖို့အလိုငှာ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိ၏။ (ရောမဩဝါဒစာ ၁:၁၆-၁၇)

• ထိုအခါ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့။ (ယောလအနာဂတ္တိကျမ်း ၂:၃၂)

• ကိုယ်တော်ကို ခိုလှုံသောသူ တစ်စုံတစ်ယောက်မျှ အပြစ်စီရင်ခြင်းကို မခံရ။ (ဆာလံကျမ်း ၃၄:၂၂)

• အို ထာဝရဘုရား၊ ကိုယ်တော်သည် ကောင်းသောသဘော၊ သည်းခံတတ်သောသဘောနှင့် ပြည့်စုံ၍၊ ကိုယ်တော်ကို ပဌနာပြုသောသူအပေါင်းတို့အား ကရုဏာတော် ကြွယ်ဝပါ၏။ (ဆာလံကျမ်း ၈၆:၅)

• ငါမူကား၊ ဘုရားသခင်ကိုပဌနာပြု၍၊ ထာဝရဘုရားသည် ကယ်တင်တော်မူမည်။ (ဆာလံကျမ်း ၅၅:၁၆)

• ရေငတ်သောသူသည် လာပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကို ယူပါစေ။ (ဗျာဒိတ်ကျမ်း ၂၂:၁၇)

• လူအချို့တို့သည်၊ နှေးခြင်းကိုမှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ကတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော်မူ၏။ (ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃:၉)

• အကြောင်းမူကား၊ ထိုသို့သော အမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင် နှစ်သက်တော်မူသောအမှုလည်း ဖြစ်၏။- လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှာ၊ ဘုရားသခင်အလိုတော်ရှိ၏။- (တိမောသေဩဝါဒစာပဌမစောင် ၂:၃-၄)

အမှန်မှာ ဘုရားသခင်၏မျက်မှောက်တွင် အပြစ်ရှိသမျှသည် ကြောက်မက်ဖွယ် ဖြစ်သော်လည်း ကိုယ်တော်ထံလှည့်လာပါက ကိုယ်တော်သည် ကျွန်ုပ်တို့ကို ခွင့်လွှတ်မည် ဖြစ်သည်။ ဘုရားသခင် ခွင့်လွှတ်၍မရနိုင်သည့် တစ်ခုတည်းသောအပြစ်မှာ ယေရှုကို ယုံကြည်ရန် ကိုယ်တော်၏မိန့်မှာချက်ကို တဘဝလုံး မနာခံခြင်းအားဖြင့် ဘုရားသခင်ကို လိမ်ညာသူဟု ခေါ်ဆိုလျက်၊ သန့်ရှင်းသောဝိညာဉ်တော်ကို ဆန့်ကျင်စော်ကားခြင်းသာ ဖြစ်သည်။

- ငါအမှန်ဆိုသည်ကား၊ ပြစ်မှားသောအပြစ် အမျိုးမျိုး၊ ဘုရားကို ကဲ့ရဲ့သောအပြစ်အမျိုးမျိုး ရှိသမျှတို့နှင့် လွှတ်စေခြင်းအခွင့်ကို လူသားတို့သည် ရနိုင်ကြ၏။- သန့်ရှင်းသောဝိညာဉ်တော်ကို ကဲ့ရဲ့သောသူသည် အပြစ်လွှတ်စေခြင်းအခွင့်ကို အဘယ်ကာလ၌မျှ မရနိုင်ကြ။ ထာဝရအပြစ်ဒဏ်ကို ခံရသောသူဖြစ်ပေ၏ဟု မိန့်တော်မူ၏။ (ရှင်မာကုခရစ်ဝင် ၃:၂၈-၂၉)
- ထိုအမှုအလုံးစုံတို့နှင့် ဣသရေလလူတို့သည် တွေ့ကြုံရသော်လည်း၊ အံ့ဖွယ်သောအမှုတော်တို့ကြောင့် ယုံကြည်ခြင်းမရှိ။ ပြစ်မှားလျက်နေကြသေး၏။ (ဆာလံကျမ်း ၇၈:၃၂)
- လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်ကြမည်အကြောင်း ပရောဖက်တို့၏ ကျမ်းစာများလာသည်နှင့်အညီ၊ ထာဝရဘုရားသခင်၏ ပညတ်တော်အတိုင်း ထိုသူတို့အား ဖော်ပြရသော နက်နဲရာကိုဖွင့်ထားခြင်း ကျေးဇူးတော် နှင့်လျော်စွာ၊ ငါဟောသော ဧဝံဂေလိတရားတည်းဟူသော ယေရှုခရစ်၏အကြောင်းကို ဟောပြောခြင်းအားဖြင့်၊ သင်တို့ကို မြဲမြံခိုင်ခံ့စေခြင်းငှာ တတ်နိုင်တော်မူသောအရှင်၊ (ရောမသြဝါဒစာ ၁၆:၂၆)
- ဘုရားသခင်၏ ပညတ်တော်ဟူမူကား၊ သားတော်ယေရှုခရစ်ကို ယုံကြည်ရမည်။ သားတော် ပညတ်တော်မူသည်အတိုင်း၊ အချင်းချင်း

ချစ်ရမည်ဟူသော ပညတ်တော်ပေတည်း။
(ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃:၂၃)

• အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့။ ဧဝံဂေလိတရားကို ယုံကြည်ကြလော့ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူ၏။ (ရှင်မာကုခရစ်ဝင် ၁:၁၅)

• ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူသည်၊ မိမိအထဲ၌ ထိုသက်သေကိုရ၏။ ဘုရားသခင်ကို မယုံကြည်သောသူမူကား၊ ဘုရားသခင်ကို မုသားအပြစ်တင်၏။ အဘယ်သို့နည်း ဟူမူကား၊ ဘုရားသခင်သည် မိမိသားတော်၏အကြောင်းမှာ သက်သေခံတော်မူသောစကားတော်ကို ထိုသူသည် မယုံဘဲနေ၏။- သက်သေခံတော်မူချက် ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅:၁၀-၁၁)

• ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။ ဒုစရိုက်ကိုမပြုပြီဟု ငါတို့သည်ဆိုလျှင်၊ ဘုရားသခင်ကို မုသားအပြစ်တင်ကြ၏။ နှုတ်ကပတ်တော်လည်း ငါတို့၌မရှိ။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၉-၁၀)

• သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကို မတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏ အမျက်တော်တည်နေသည်ဟု ယောဟန်ဟောလေ၏။ (ရှင်ယောဟန်ခရစ်ဝင် ၃:၃၆)

ကျွန်ုပ်တို့၏ အပြစ်များအတွက် အပြစ်တင်စိတ် သို့မဟုတ် ဝမ်းနည်းခြင်း၊ ကျွန်ုပ်တို့၏အပြစ်များကို ဝန်ခံခြင်း သို့မဟုတ် အပြစ်အတွက် လျော်ကြေးပေးခြင်းသည် ကျွန်ုပ်တို့ကို မကယ်တင်နိုင်ပါ။

• ထိုအခါ ကိုယ်တော်ကိုအပ်နှံသော ယုဒရှကာရုတ်သည် ကိုယ်တော်၌ သေပြစ်ကို စီရင်ကြသည်ကို သိမြင်လျှင်၊ နောင်တရ၍ ငွေသုံးဆယ်ကို ယဇ်ပုရောဟိတ်အကြီး၊ လူအကြီးအကဲတို့၌ ပြန်ပေး၍၊- အကျွန်ုပ် ပြစ်မှားပါပြီ။ အပြစ်မရှိသောသူ၏ အသွေးကို အပ်မိပါပြီဟု ဆို၏။ ထိုသူတို့ကလည်း ငါတို့နှင့် အဘယ်သို့ ဆိုင်သနည်း။ ကိုယ်အမှုကို ကိုယ်ကြည့်လော့ဟု ဆိုကြသော်၊- သူသည် ထိုငွေကို ဗိမာန်တော်၌ ပစ်ချခဲ့၍ အခြားသို့သွားပြီးလျှင် လည်ကြိုးတပ်၍ သေလေ၏။ (ရှင်မဿဲခရစ်ဝင် ၂၇:၃-၅)

• အဘယ်သို့နည်း ဟူမူကား၊ ဘုရားသခင်၏ အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့်ယှဉ်သော နောင်တစိတ် တည်းဟူသော၊ မပြောင်းလဲနိုင်သော နောင်တစိတ်ကို ပြုပြင်တတ်၏။ လောကီ ဝမ်းနည်းခြင်းမူကား၊ သေခြင်းကိုပြုပြင်တတ်၏။ (ကောရိန္သုဩဝါဒစာဒုတိယစောင် ၇:၁၀)

စစ်မှန်သောနောင်တဟူသည် ကျွန်ုပ်တို့၏အပြစ်ကို သိမှတ်ခြင်းနှင့် ယေရှုခရစ်တွင် ဘုရားသခင်၏ယုံကြည်မှု (ယုံကြည်စိတ်ချမှု) နည်းလမ်းသို့ ပြန်လှည့်ခြင်းကို ဆိုလိုပါသည်။

• မတရားသောသူသည် မိမိအကျင့်တို့ကိုရှောင်၍ အသက်မရှင်၊ အသေခံခြင်းအမှု၌ ငါသည် အနည်းငယ်သောပျော်မွေ့ခြင်း ရှိသလော။ (ယေဇကျေလအနာဂတ္တိကျမ်း ၁၈:၂၃)

• သို့ဖြစ်၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ယခုတွင် အစာရှောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းနှင့်တကွ စိတ်နှလုံးအကြွင်းမဲ့ ငါ့ထံသို့ ပြန်လာကြလော့။ (ယောလအနာဂတ္တိကျမ်း ၂:၁၂)
• ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်လော့။ ကိုယ်တော်ကို ကိုးစားလော့။ သို့ပြုလျှင် စီရင်တော်မူမည်။ (ဆာလံကျမ်း ၃၇:၅)
• ထိုအခါ ကျမ်းစာကို နားလည်စေခြင်းငှာ တပည့်တော်တို့၏ ဉာဏ်ကို ဖွင့်တော်မူလျှင်၊ ဤသို့ ကျမ်းစာလာ၏။ ဤသို့ ခရစ်တော်သည် အသေခံ၍ သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ထမြောက်ရမည်။ ခရစ်တော်၏ အခွင့်အားဖြင့် နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်။ (ရှင်လုကာခရစ်ဝင် ၂၄:၄၅-၄၇)

သတင်းကောင်းမှာ ရိုးရိုးလေးဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရနိုင်ရန် မကျင့်နိုင်၍ ဘုရားသခင်၏ မေတ္တာတော်တွင် ကိုယ်တော်တစ်ပါးတည်း၊ ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့် ကိုယ်တော်ပြုပေးခြင်း အားဖြင့်သာ ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းကို အပြည့်အဝထောက်ပံ့ပေးသည်။ ကယ်တင်ခြင်း ရဖို့ အတွက် ကျွန်ုပ်တို့၏ အပြစ်ကို သိမှတ်ပြီး ကျွန်ုပ်တို့အပြစ်အတွက် ယေရှု အသေခံပြီး ထမြောက်ခဲ့သည်ကို ယုံကြည်ပြီး ကိုယ်တော်၌ ကျွန်ုပ်တို့ကို အခမဲ့ကယ်တင်ခြင်းလက်ဆောင်ကို ပေးရန် တောင်းခံခြင်းဖြင့် ခေါ်ပါ။
• အိုဘုရားသခင်၊ ကျေးဇူးပြုချင်သော စေတနာစိတ်တော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကိုသနားတော်မူပါ။ စုံမက်တော်မူခြင်း ကရုဏာများပြားသည်နှင့်အညီ၊ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကို ဖြေတော်မူပါ။ ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍၊ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။ အကျွန်ုပ်လွန်ကျူးပါပြီဟုဝန်ချလျက်

ကိုယ်အပြစ်ကို အစဉ်မပြတ် အောက်မေ့လျက်နေပါ၏။ (ဆာလံကျမ်း ၅၁:၁-၃ )

• သူတို့ကို ပြင်သို့ထုတ်ပြီးလျှင်လည်း၊ သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ ရောက်အံ့သောငှာ အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်လေ၏။- ထိုသူတို့ကလည်း၊ သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပြောဆိုလျက်၊- (တမန်တော်ဝတ္ထု ၁၆:၃၀-၃၁)

• အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ (ရောမသြဝါဒစာ ၁၀:၉)

• သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား ကောင်းသောအရာကိုသာ၍ ပေးတော်မူမည် မဟုတ်လော။ (ရှင်မဿဲခရစ်ဝင် ၇:၁၁)

အကယ်၍ ကျွန်ုပ်တို့ အမှန်တကယ်ယုံကြည်လျှင် အပြစ်ရှိသမျှနှင့် ရှက်ကြောက်မှုအားလုံးမှ လွတ်ကင်းကြပါသည်။ ဒါကြောင့် အကြီးအကျယ်ပျော်ရွှင်ရပါသည်။

• ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသောဒုစရိုက်များကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ (ယေရမိအနာဂတ္တိကျမ်း ၃၁:၃၄)

• အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်းနှင့် ဝေးသည်အတိုင်း၊ ငါတို့အပြစ်များကို ငါတို့နှင့် ဝေးစေတော်မူ၏။ (ဆာလံကျမ်း ၁၀၃:၁၂)

• ကယ်တင်ခြင်းသို့ ရောက်ခြင်းငှာ နှုတ်ဖြင့်ဝန်ခံရ၏။ ကျမ်းစာလာသည်ကား၊ ထိုကျောက်ကို အမှီပြုသော သူမည်သည်ကား၊ ရှက်ကြောက်ခြင်းမရှိနိုင်ရာဟု လာသတည်း။ (ရောမဩဝါဒစာ ၁၀:၁၁)

• ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့် လွတ်ကြ၏။ (ရောမဩဝါဒစာ ၈:၁)

• ထိုသခင်ကို သင်တို့သည် မမြင်ဖူးသော်လည်း ချစ်ကြ၏။ ယခုမှာလည်း မမြင်ဘဲလျက်၊ ယုံကြည်သောအားဖြင့် ဘုန်းအသရေနှင့် စပ်ဆိုင်သော၊ ပြော၍မမီနိုင်သော ရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြသည်ဖြစ်၍၊- စိတ်ဝိညာဉ်ကို ကယ်တင်ခြင်းတည်းဟူသော ယုံကြည်ခြင်း၏အကျိုးကို ခံရကြ၏။(ရှင်ပေတရုဩဝါဒစာပထမစောင် ၁:၈-၉)

ဘုရားသခင်သည် တန်ခိုး ရှိပြီး အရာခပ်သိမ်းကို သိထားသည့်အတွက် ကိုယ်တော်၏ နှုတ်ကပတ်တော်၌ ကိုယ်တော် ပြောခဲ့သည်များကို အချိန်ပေးရတာ တကယ် တန်ဖိုးရှိပါသည်။ ဘုရားသခင့် နှုတ်ကပတ်တော်ကို သင်ယူခြင်းသည် ကိုယ်တော့်ကို ပိုမိုသိရှိရန်၊ ကျွန်ုပ်တို့အသက်တာ ကြီးထွားလာရန်နှင့် မှားယွင်းသော သွန်သင်ချက်များကို ရှောင်နိုင်ရန် ကူညီပေးသည်။

• လက်ရဉစ္စာများကိုတွေ့သကဲ့သို့ ဗျာဒိတ်တော်စကားကြောင့် အကျွန်ုပ်ဝမ်းမြောက်ပါ၏။ (ဆာလံကျမ်း ၁၁၉:၁၆၂)

• ထားတော်မူသော ပညတ်တို့ကို ငါမပယ်။ နှုတ်တော်ထွက်စကားတို့ကို ငါရင်ခွင်၌ သိုထားပါ၏။ (ယောဘဝတ္ထု ၂၃:၁၂)

• ယေရှုကလည်း၊ သင်တို့သည်ကျမ်းစာကို နားမလည်၊ ဘုရားသခင်၏တန်ခိုးတော်ကို မသိသောကြောင့် မှားသောအယူကို ယူကြ၏။ (ရှင်မာကုခရစ်ဝင် ၁၂:၂၄)

• မိန့်တော်မူချက်အစဉ်အတိုင်း အကျွန်ုပ်ခြေလှမ်းတို့ကို ဖြောင့်စေတော်မူပါ။ (ဆာလံကျမ်း ၁၁၉:၁၃၃)

• ကယ်တင်ခြင်းအလိုငှာ နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း၊ ဖွားစသောသူငယ်ကဲ့သို့ ထိုတရားနို့ကို အလွန်လိုချင်သော စိတ်ရှိကြလော့။- (ရှင်ပေတရုသြဝါဒစာပထမစောင် ၂:၂)

သမ္မာကျမ်းစာကို အနက်ပြန်ရန် အကောင်းဆုံးအရင်းအမြစ်မှာ သမ္မာကျမ်းစာဖြစ်သည်။ ထို့ပြင် စစ်မှန်သောယုံကြည်သူတိုင်းတွင် ကိန်းဝပ်သော သန့်ရှင်းသောဝိညာဉ်တော်ဘုရားသခင်သည် ကိုယ်တော်၏နှုတ်ကပတ်တော်၏ အဓိပ္ပာယ်ကို တိုက်ရိုက်သွန်သင်ပေးနိုင်ပါသည်။

• ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဒ္ဒေါယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်။ (ရှင်ယောဟန်ခရစ်ဝင် ၁၄:၂၆)

• သို့သော်လည်း သန့်ရှင်းတော်မူသောဘုရား၏လက်မှ သင်တို့ခံရသော ဘိသိက်ကျေးဇူးတော်သည် သင်တို့၌ ရှိသည်ဖြစ်၍၊ အဘယ်သူမျှ သင်တို့ကို ဆုံးမသြဝါဒပေးစရာ အကြောင်းမရှိ။ ထိုဘိသိက် ကျေးဇူးတော်သည် ဖြစ်ယောင်ဆောင်သည် မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသောအရာတို့ကို သင်တို့အား သွန်သင်တော်မူသည်အတိုင်း၊ သင်တို့သည် သားတော်၌ တည်နေကြလော့။ (ရှင်ယောဟန်သြဝါဒစာပထမစောင် ၂:၂၇)

• သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသော သူတို့အား

စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ၊
တောင်းလျှင် ရလိမ့်မည်။ (ရှင်ယာကုပ်ဩဝါဒစာ ၁:၅)

• အကြောင်းမူကား၊ သူ၏ဘုရားသခင်သည် စီရင်တတ်သော
ဉာဏ်ကိုပေးတော်မူ၏။ သူ့ကိုလည်း သွန်သင်တော်မူ၏။
(ဟေရှာယအနာဂတ္တိကျမ်း ၂၈:၂၆)

ဤစာအုပ်ကို အခကြေးငွေဖြင့် မဖြန့်ဘဲ အခမဲ့ အွန်လိုင်းတွင် သို့မဟုတ် ပုံနှိပ်ထုတ်ဝေနိုင်ပါသည်။

ဒီစာအုပ်လေးကို အွန်လိုင်းတွင် ပုံစံအမျိုးမျိုးနဲ့ ကူးယူနိုင်ပါသည် သို့မဟုတ် အွန်လိုင်း၌ wonderfulsalvation.comတွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။